# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် သီတင်းကျွတ်လကွယ်၊ ကြာသပတေးနေ့။ Thursday, 19 October 2017 (၉၀၈၂)


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင် ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာအကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)

# ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ ကွင်းဆင်းလေ့လာမည်

**ရန်ကုန် အောက်တိုဘာ ၁၈**

ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးအတွက် နည်းလမ်းများနှင့် လုပ်ငန်းများကို ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များက ကွင်းဆင်းလေ့လာသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ထံမှ သိရသည်။

ရခိုင်ပြည်နယ်အတွင်းရှိ ပဋိပက္ခဖြစ်ပွားရာ ဒေသများနှင့် ဖွံ့ဖြိုးမှု နောက်ကျလျက်ရှိသော ဒေသများတွင် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သည်စက်မှုအသင်းချုပ် ဦးဆောင်၍ ညီနောင်အသင်းများမှ စီးပွားရေးလုပ်ငန်းရှင်များက လူသားချင်းစာနာမှုအကူအညီအထောက်အပံ့များပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းများတွင် သက်ဆိုင်ရာကျွမ်းကျင်သည့် ကဏ္ဍများမှ အားဖြည့်ပါဝင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပြောသည်။

ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းရှင်ကိုယ်စားလှယ်များက သက်ဆိုင်ရာပြည်နယ်အစိုးရ၏ ဦးဆောင်စီစဉ်မှုဖြင့် ရခိုင်ပြည်နယ်သို့ **စာမျက်နှာ ၃ ကော်လံ ၅ သို့** ❖

**အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ တက်ရောက်ခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ**

စာမျက်နှာ - ၃

**(၁၀)ကြိမ်မြောက် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုပြပွဲ ကျင်းပ**

စာမျက်နှာ - ၃

**ဟိုင်းကြီးကျွန်းရှိ ရခိုင်တိုင်းရင်းသားကျေးရွာများ၌ ရခိုင်စာပေသင်ကြားမည်**

စာမျက်နှာ - ၂

**မြန်မာနိုင်ငံသည် သံဓာတ်ချို့တဲ့မှုဖြစ်ပွားသည့် နိုင်ငံများတွင် ပဉ္စမမြောက်အဆင့်တွင် ရှိနေ**

စာမျက်နှာ - ၁၀



တောင်ပြို-ကြိမ်ချောင်းလမ်းပိုင်း ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

# မောင်တောခရိုင်ရှိ လမ်းများအား ကွန်ကရစ်လမ်းများအဖြစ် သုံးနှစ်အတွင်း အပြီးအဆင့်မြှင့်တင်မည်

**မောင်တော အောက်တိုဘာ ၁၈**

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် မောင်တောခရိုင်အတွင်းရှိ လမ်းရှစ်လမ်း(မိုင်အားဖြင့် ၁၅၆ မိုင်)ကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး အဆိုပါလမ်းများအား လာမည့်သုံးနှစ်တာကာလအတွင်း ကွန်ကရစ်လမ်းများအဖြစ် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မောင်တောခရိုင် အင်ဂျင်နီယာမှူး(မြို့ပြ) ဦးဇော်မင်းက ပြောကြားသည်။

"အငူမော်လမ်းက ၄၉ မိုင် ၆ ဖာလုံနဲ့ ဗန္ဓုလ-အလယ်သံကျော်လမ်းက ၄၄ မိုင် ၇ ဖာလုံရှိပါတယ်။ ခရိုင်အတွင်းမှာရှိတဲ့ လမ်းတွေကို ၂၀၁၇-၂၀၁၈၊ ၂၀၁၈-၂၀၁၉၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် သုံးနှစ်အတွင်း အပြီးဆောင်ရွက်သွားမှာပါ။ ဒီနှစ်ကတော့ လမ်းသွားလာမှုအဆင်ပြေအောင် ထိန်းသိမ်းဆောင်ရွက်မှာဖြစ်ပါတယ်။

**စာမျက်နှာ ၃ ကော်လံ ၅ သို့** ✳

**တရားမဝင်လိုင်စင်မဲ့ လက်နက်၊ ခဲယမ်းများ၊ ဆက်သွယ်ရေးစက်များ၊ မော်တော်ယာဉ်များ လက်ဝယ်ထားရှိခြင်းမပြုဘဲ သက်ဆိုင်ရာသို့ အပ်နှံကြရန်နှင့် တွေ့ရှိပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်**

စာမျက်နှာ - ၈


KBZ BANK

STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by EUROMONEY 2017

## ကြေးမုံ

# လုံခြုံအေးချမ်း ဘေးမသန်း

လုံခြုံရေးသည် နိုင်ငံအတွက်၊ ပြည်သူပြည်သားများအတွက် အထူးအရေးကြီးသော ကိစ္စဖြစ်သည်။ လုံခြုံရေးနှင့်ပတ်သက်လျှင် နိုင်ငံအတွက် စိုးရိမ်ဖွယ်မဖြစ်စေသလို ပြည်သူပြည်သားများကြားတွင်လည်း အထိတ်တလန့် မဖြစ်သင့်ချေ။ ယခုရက်ပိုင်းတွင် နေပြည်တော်လေဆိပ်တွင် လက်နက်များဖမ်းဆီးရမိမှုသတင်းနှင့် နောက်ဆက်တွဲသတင်းများအရ ပြည်သူလူထုကြားတွင် စိုးရိမ်ပူပန်မှုများ၊ ဝေဖန်ပြောဆိုမှုများ မြင့်မားနေသည်ကို ကြားသိနေရပါသည်။

လက်ရှိအခြေအနေတွင် လုံခြုံရေးနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင်ဖြစ်ပွားခဲ့သည့် ARSA အစွန်းရောက်အကြမ်းဖက်သမားများနှင့်ဆက်စပ်၍ စိုးရိမ်ပူပန်မှုများရှိခဲ့သည်မှာ လက်တွေ့ဖြစ်သောကြောင့် သတိထားနေရချိန်တွင် ယခုကဲ့သို့ ခေတ်မီလက်နက် ၂၀ လက်အထိ ရှာဖွေဖမ်းဆီးရမိသည့်သတင်းကို ကြားသိကြရသောအခါ အများပြည်သူတို့ စိုးရိမ်ပူပန်ပြောဆိုဝေဖန်ကြမည်မှာ အမှန်ဖြစ်သည်။

ပြီးခဲ့သည့် ဇူလိုင်လ ၁၉ ရက်က သာစည်ဘက်တွင် မန္တလေးသို့ပို့မည့် မောင်းပြန်သေနတ် (၂၂)လက် ဖမ်းဆီးရမိမှုသတင်းကို ကြားသိခဲ့ရသေးသည်။ ယခုလ အောက်တိုဘာ ၅ ရက်က ချင်းပြည်နယ်ကို ဖြတ်ကျော်သယ်ဆောင်လာသည့် ဖောက်ခွဲမှုတွင်အသုံးပြုသော ဒီတိုနေတာ (စနက်တံ) တစ်သောင်း ဖမ်းဆီးရမိခဲ့ပြီး အောက်တိုဘာ ၁၆ ရက်ကလည်း အိန္ဒိယနယ်စပ်အနီး ကလေးဝမြို့နယ်တွင် မော်တော်ယာဉ်တစ်စီးအား စစ်ဆေးရာမှ ဖောက်ခွဲမှုတွင်အသုံးပြုသည့် ဒီတိုနေတာ (စနက်တံ) လေးသောင်း ဖမ်းဆီးရမိပြီး အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ထားသည်။

လက်နက်ပုန်းဟူသည် လူတို့၏အသက်ကို ဇီဝိန်ခြွေပစ်နိုင်သည်သာမက ရပ်ရွာလုံခြုံရေးကိုပါ ထိခိုက်နိုင်သော အန္တရာယ်ရှိ ပစ္စည်းဖြစ်သည်။ ထိုသို့တရားမဝင်လက်နက်ပစ္စည်းများ စုဆောင်းသိုဝှက်သယ်ဆောင်ခြင်းသည် ဒုစရိုက်မှုကျူးလွန်ဖို့ဖြစ်စေ၊ လက်နက်စွဲကိုင်တိုက်ခိုက်ဖို့ဖြစ်စေ၊ လက်နက်မှောင်ခိုမှုလုပ်ဖို့ဖြစ်စေ၊ စိတ်ရူးပေါက်ပြီး စိတ်ထင်ရာလုပ်ဖို့ဖြစ်စေ မည်သို့ပင်ဖြစ်စေကာမူ ဥပဒေပြင်ပကဆောင်ရွက်ခြင်းဖြစ်ပြီး နိုင်ငံနှင့်ပြည်သူလူထုကို အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မပေါ့မဆအထူးသတိထားကာ ရှာဖွေဖော်ထုတ်ဖမ်းဆီး နှိမ်နင်းကြရမည်သာဖြစ်သည်။

မျက်မှောက်ကာလတွင် လက်နက်ကိုင်အစွန်းရောက်အကြမ်းဖက်သမားများ၏အန္တရာယ်ကို နိုင်ငံတိုင်း နိုင်ငံတိုင်း စိုးရိမ်ပူပန်မှုရှိနေကြပြီး လက်နက်ကိုင်အကြမ်းဖက်သမားများ စိမ့်ဝင်ထိုးဖောက်ဝင်ရောက်ခြင်းမရှိစေရန် လုံခြုံရေးသတိတိုးမြှင့်ထားရှိကာ နိုင်ငံနှင့်လူမျိုးကို ကာကွယ်စောင့်ရှောက်နေကြသည်။ ထိုသို့ ကာကွယ်တားဆီးနေသည့်ကြားမှ လုံခြုံရေးကျိုးပေါက်၍ ပြည်သူများ၏အသက်ခန္ဓာများ ဆုံးရှုံးခဲ့ရသည်တို့အား ကမ္ဘာပေါ်ရှိ လုံခြုံရေးစနစ် အကောင်းဆုံးဖြစ်သည်ဟုဆိုသောနိုင်ငံကြီးများက သက်သေပြလျက်ရှိသည်ကို သတိမူရမည်ဖြစ်သည်။

ပေါက်ကွဲစေတတ်သောပစ္စည်းများနှင့် ခေတ်မီလက်နက်များကို အစွန်းရောက်အကြမ်းဖက်သမားများသာ သိုဝှက်သိမ်းဆည်းအသုံးပြုကြသည်များသော်လည်း မကြာသေးမီက အမေရိကန်နိုင်ငံ လာ့စ်ဗီးဂတ်စ်မြို့တွင် စိတ်ရူးပေါက်သောလူတစ်ယောက်က ခေတ်မီလက်နက်အများအပြားအသုံးပြုကာ အပြစ်မဲ့ပြည်သူများအား ပစ်ခတ်ခဲ့သဖြင့် လူ ၆၀ နီးပါးသေဆုံးပြီး လူ ၅၀၀ ကျော်ထိခိုက်ဒဏ်ရာရရှိခဲ့သည်မှာ လက်နက်နှင့်စိတ်ရူးပေါက်သူကြောင့်ဖြစ်ရသော သင်ခန်းစာယူဖွယ်ဖြစ်ရပ်တစ်ခုဖြစ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံတော်၏လုံခြုံရေးအဖွဲ့အစည်းများမှလွဲ၍ မည်သူမျှလက်နက်ကိုင်ဆောင်ခွင့် မရှိချေ။ တရားမဝင်လက်နက်ကောင်းများကိုမဆိုထားနှင့် သာမန်တုတ်၊ ဓားလက်နက်ကိုပင် လူအများကြားတွင် ကိုင်ဆောင်ပါက ဖမ်းဆီးအရေးယူနိုင်သည့်ဥပဒေရှိသည်။ တန်ဖိုးကြီးမားသော ခေတ်မီလက်နက်များဆိုလျှင် ဆိုဖွယ်ရာမရှိချေ။ ထို့ကြောင့် ယခုဖြစ်စဉ်ကိုအကြောင်းပြု၍ လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် တရားမဝင်လက်နက်များကို ဥပဒေနှင့်အညီ ထိထိရောက်ရောက်ကိုင်တွယ်နှိမ်နင်းနိုင်မှသာ နိုင်ငံတော်နှင့်ပြည်သူအားလုံး စိုးရိမ်ပူပန်ခြင်းမှကင်းဝေးပြီး လုံခြုံစိတ်ချသောနိုင်ငံ၊ တရားဥပဒေစိုးမိုးသောနိုင်ငံ ဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။

# ဟိုင်းကြီးကျွန်းရှိ ရခိုင်တိုင်းရင်းသားကျေးရွာများ၌ ရခိုင်စာပေသင်ကြားမည်

**ဟိုင်းကြီးကျွန်း အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃)ရပ်ကွက် အထကကျောင်းခွဲ အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၇ ရက် မွန်းလွဲပိုင်းက ဒေသတွင်း ရခိုင်ကျေးရွာများ၌ ရခိုင်စာပေသင်ကြားမည့် ဆရာ ဆရာမများ ခန့်ထားနိုင်ရန်အတွက် တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးတင်စောက ဆွေးနွေးညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။



တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ဟိုင်းကြီးကျွန်းမြို့ သဲကုန်းကြီးကျေးရွာအုပ်စု လူပုကျေးရွာ သာသနဒ္ဓအလင်းရောင်ကျောင်းတိုက် ဓမ္မာရုံ၌ အောက်တိုဘာ ၁၆ ရက်က လူပု၊ မောင်ပါ၊ မြို့သစ်၊ ကန့်ဘလာ၊ ကျောင်းကွဲ၊ ပျဉ်းမကွင်း၊ မြစ်ကျိုးကျေးရွာများမှ ရခိုင်စာပေသင်ကြားရန် လျှောက်ထားကြသည့် ဒေသခံလူငယ်များနှင့် ယမန်နေ့က အမှတ်(၃)ရပ်ကွက် အထကကျောင်းအစည်းအဝေးခန်းမ၌ မြို့ပေါ်ရပ်ကွက်သုံးခုနှင့် ကံချိုင်၊ ကျောက်ချောင်း၊ ခမောင်မော်၊ ဘန့်ဘွေး၊ ကြာကန်၊ လေယဉ်ကွင်း၊ ရေနောက်အိုင်များမှ ဒေသခံလူငယ်များနှင့် အသီးသီး တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့သည်။

ရခိုင်တိုင်းရင်းသားစာပေ သင်ကြားရန် လျှောက်ထားသူများသည် အသက်(၁၈)နှစ်မှ အသက်(၃၀)အတွင်းရှိရမည်ဖြစ်ပြီး အနိမ့်ဆုံးအဆင့် ၁၀ တန်းအောင်၊ ဘွဲ့ရများကိုသာ ရွေးချယ်လျှောက်ထားခွင့်ပြုထားကာ ပထမတန်းမှ သတ္တမတန်းအထိ ကျောင်းသားဦးရေ ၅၀ တွင် ဆရာတစ်ဦးနှုန်းဖြင့် သင်ကြားပေးရန် စီစဉ်ထားကြောင်း ဝန်ကြီးက ပြောသည်။

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများတွင် ရခိုင်တိုင်းရင်းသားများ အများစုနေထိုင်ကြသော်လည်း ရခိုင်စာပေ၊ ရခိုင်ယဉ်ကျေးမှုများ ထွန်းကားမှုမရှိသည့်အတွက် နိုင်ငံတော်၏ အစီအစဉ်ဖြင့် ရခိုင်စာပေ၊ ရခိုင်ယဉ်ကျေးမှုများကို သင်ယူလေ့လာသိရှိခွင့်ရရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# မြန်မာ့အကြီးဆုံးစားသောက်ကုန်နှင့် ဟိုတယ်လုပ်ငန်းပိုင်းဆိုင်ရာ ကုန်စည်ပြပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၈**

နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာ့အကြီးဆုံး စားသောက်ကုန်နှင့် ဟိုတယ်လုပ်ငန်းပိုင်းဆိုင်ရာ ကုန်စည်ပြပွဲကို နိုဝင်ဘာ ၂ ရက်မှ ၄ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ Myanmar Event Part(MEP) ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် အစားအသောက်ဆိုင်ရာ နောက်ဆုံးပေါ်ပစ္စည်းများ၊ Brista ဟိုတယ်နှင့် စားသောက်ဆိုင်သုံးပစ္စည်းများကို အမေရိကန်၊ အီတလီ၊ ကိုရီးယား၊ စင်ကာပူ၊ ထိုင်ဝမ်၊ ထိုင်း၊ မလေးရှား အစရှိသည့် နိုင်ငံပေါင်း ၂၀ ရှိ ကုမ္ပဏီ ၃၀၀ ကျော်မှ ဝင်ရောက်ပြသမည်ဖြစ်ပြီး စားသောက်ကုန်များ စနစ်တကျထုပ်ပိုးခြင်းကို အဓိကပြသသွားမည်ဖြစ်သည်။

ယင်းကုန်စည်ပြပွဲတွင် ကိတ်မုန့်အလှဆင်ခြင်း၊ အသီးအရွက်များအလှဆင်ခြင်း၊ ရေခဲပန်းပုထုခြင်း၊ ကော်ဖီအလှဆင်ခြင်း၊ အိပ်ရာခင်းအလှဆင်ခြင်းနှင့် ဟင်းချက်ပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ပြီး အဖွဲ့အစည်းပေါင်း ၅၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ရဲ့ Black Box ဟင်းချက်ပြိုင်ပွဲက ပြိုင်ပွဲဝင်တွေရဲ့ ဟင်းချက်စွမ်းရည်ကို စမ်းသပ်ရုံသာမကဘဲ ဖန်တီးမှုစွမ်းရည်ကို အဓိကစမ်းသပ်တာပါ။ အခုလိုပြိုင်ပွဲကို ဝင်ပြိုင်ခြင်းကလည်း ကျွမ်းကျင်စားဖိုမှူးတွေ တိုးပွားလာမှာဖြစ်တဲ့အတွက် ကျေနပ်ဝမ်းသာမိပါတယ်"ဟု Myanmar Professional Culinary Competition မှ အကဲဖြတ်အဖွဲ့ခေါင်းဆောင် စားဖိုမှူး မီချယ်မီကာက ပြောသည်။

အဆိုပါ ဟင်းချက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူများအနေဖြင့် ပြိုင်ပွဲမတိုင်မီ အချိန်တိုအတွင်း ချက်ပြုတ်ရမည့်ဟင်းအမည်များကို ဖန်တီးရမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြပွဲ၊ ပြိုင်ပွဲများနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ဆူးလေရင်ပြင်၌ ကျင်းပသည်။ **(ဇာနည်မောင်)**

# ဘားအံမြို့၌ ဒုတိယအကြိမ်မြောက် ဘာသာပေါင်းစုံ မေတ္တာပို့ဆုတောင်းပွဲ ပြုလုပ်

**ဘားအံ အောက်တိုဘာ ၁၈**

ကရင်ပြည်နယ် ဘားအံမြို့၌ ဘာသာပေါင်းစုံမေတ္တာပို့ဆုတောင်းပွဲ ဒုတိယအကြိမ်အဖြစ် ယနေ့ ညနေ ၆ နာရီက ဘားအံမြို့ အမှတ်(၃)ရပ်ကွက် ကမ်းနားလမ်း အာဇာနည်ကျောက်တိုင်ကွင်း၌ ကျင်းပသည်။

ဗုဒ္ဓဘာသာမှ ပြည်နယ်သံဃနာယကဥက္ကဋ္ဌ မြိုင်သဇင်ကျောင်းတိုက်ဆရာတော် ဥူးဣက္ကသရိယ၊ ခရစ်ယာန်ဘာသာမှ ဦးစောလှကြည်၊ သိက္ခာတော်ရဆရာတော် ဦးစောဗွေတိုး၊ ဟိန္ဒူဘာသာမှ ဦးတင်လှိုင်နှင့် မွတ်ဆလင်ဘာသာမှ ဦးပန်းခိုင်တို့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားအားလုံး ငြိမ်းချမ်းသာယာဝဖြိုးစေရန် မေတ္တာပို့သခြင်းများကို ဘာသာအလိုက်ဆုတောင်းစကားပြောကြားခဲ့ကြသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

## ပြင်ဆင်သိမှတ်ပေးပါရန်

အောက်တိုဘာလ ၁၈ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၂ စာတည်းအာဘော်တွင် သတင်းဌာနတစ်ခုမှ ကိုးကားဖော်ပြခဲ့သော အချက်အလက်များမှာ အောက်တိုဘာလ ၁၃ ရက်တွင် ဖြစ်ပွားခဲ့ခြင်းမဟုတ်ဘဲ ၂၀၁၆ ခုနှစ်ကဖြစ်ပွားခဲ့သည့် ဖြစ်စဉ်ဖြစ်နေပါသည်။ ယင်းကိုးကားဖော်ပြမှုများယွင်းခဲ့သည့်အတွက် စာဖတ်ပရိသတ်အား တောင်းပန်အပ်ပါသည်။ ယင်းကိုးကားချက်မှာ စာတည်းအာဘော်၏ ဆိုလိုရင်းကို ထိခိုက်မှုမရှိပါသဖြင့် ယင်းကိုးကားချက်အား ၂၀၁၆ ခုနှစ်က ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်ဟု ပြင်ဆင်သိမှတ်ပေးပါရန်။ (စာတည်း)




ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

# လေထုညစ်ညမ်းမှုလျှော့ချသည့်လုပ်ငန်းစဉ်တစ်ရပ် နယူးဒေလီမြို့တွင် စတင်ဆောင်ရွက်

**နယူးဒေလီ အောက်တိုဘာ ၁၈**

လေထုညစ်ညမ်းမှုလျှော့ချသည့် လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ကမ္ဘာ့လူဦးရေအထူထပ်ဆုံး မြို့ကြီးများအနက် တစ်ခုဖြစ်သည့် အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီရှိ ကျောက်မီးသွေးဖြင့် လည်ပတ်သည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံ အပါအဝင် ပုဂ္ဂလိကဒီဇယ်မီးစက်ကြီးများ မောင်းနှင်မှုကို ပိတ်ပင်လိုက်ပြီဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ကျောက်မီးသွေးဖြင့်လည်ပတ်သည့် Badarpur လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် မီးစက်ကြီးများ မောင်းနှင်မှုကို ပိတ်ပင်ခြင်းသည် မြို့တော်အတွင်း လေထုအရည်အသွေး တိုးတက်ကောင်းမွန်မှုရှိစေရန် ရည်ရွယ်ခြင်းဖြစ်သည်။

မြို့တော်အတွင်း လေထုညစ်ညမ်းမှုဖြစ်ပါက ဆောက်လုပ်ရေးလုပ်ငန်းခွင်များသာမက စာသင်ကျောင်းများကိုပါ ပိတ်ပစ်ရသည်အထိ အခြေအနေဆိုးရွားမှုရှိကြောင်း အိန္ဒိယအစိုးရက ဆိုသည်။

လေထုညစ်ညမ်းမှုကိုလျှော့ချသည့် ယခုလုပ်ငန်းစဉ်ကို ဟိန္ဒူဘာသာဝင်များ၏ ဒီပါဝလီပွဲမတိုင်မီ တစ်ရက်တွင် စတင်အကောင်အထည်ဖော်ဆောင်ခဲ့ခြင်းဖြစ်သည်။

လေထုညစ်ညမ်းမှုကို လျှော့ချသည့်အနေဖြင့် မြို့တော်အတွင်း မီးရှူးမီးပန်းများရောင်းချမှုကို အိန္ဒိယတရားရုံးချုပ်က ယာယီပိတ်ပင်တားမြစ်ထားကြောင်း သိရသည်။

သုံးနှစ်အကြာက ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လေ့လာတွေ့ရှိချက်တစ်ရပ်အရ မြို့တော်နယူးဒေလီတွင် လူသားများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် လေထုညစ်ညမ်းမှုအဆင့်ရှိနေကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**







# အာဖဂန်မြောက်ပိုင်းတွင် လေကြောင်းမှ စီးနင်းတိုက်ခိုက် စစ်သွေးကြွ ၁၁ ဦးသေ၊ ခြောက်ဦးဒဏ်ရာရ

**ကွန်ဒုဇ် အောက်တိုဘာ ၁၈**

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်းရှိ ကွန်ဒုဇ်နှင့် ဘာဒက်ခ်ရှန်ပြည်နယ်တို့တွင် အာဖဂန်နစ္စတန်လေတပ်မှ လေကြောင်းစီးနင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ တာလီဘန်အဖွဲ့အား သစ္စာခံသည့် စစ်သွေးကြွ ၁၁ ဦး သေဆုံးပြီး ခြောက်ဦးဒဏ်ရာရခဲ့ကြောင်း ပြည်နယ်အစိုးရတာဝန်ရှိသူတစ်ဦးက အောက်တိုဘာ ၁၈ ရက်တွင် ပြောကြားသည်။

ကွန်ဒုဇ်ပြည်နယ်တွင်းရှိ အီမန်ဆာဟစ်ခရိုင်နှင့် ဘာဒက်ခ်ရှန်ပြည်နယ်မှ ဂျုရမ်ခရိုင်အတွင်း၌ ပုန်းခိုနေသည့် စစ်သွေးကြွများအား အာဖဂန်တပ်ဖွဲ့များက ပစ်မှတ်ထားတိုက်ခိုက်ခဲ့ရာ ပထမဆုံးတိုက်ခိုက်မှုတွင် စစ်သွေးကြွခြောက်ဦး သေဆုံးပြီး ဒုတိယတိုက်ခိုက်မှုတွင် အခြားငါးဦး သေဆုံးသွားကြောင်း အာဖဂန်စစ်ဘက် သတင်းပြန်ကြားရေးအရာရှိ ဂူလန်ဟာဇရက် ကာရီဂျီမီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

တည်ငြိမ်မှုကင်းမဲ့နေသည့် ကွန်ဒုဇ်ပြည်နယ်မှ အီမန်ဆာဟစ်ခရိုင်တွင်း၌ ဖုံးကွဲတိုက်ခိုက်မှုအပြီးတွင် စစ်သွေးကြွခြောက်ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း၊ ယင်းလေကြောင်းစီးနင်းတိုက်ခိုက်မှုနှင့် ပတ်သက်၍ တာလီဘန်အဖွဲ့က တစ်စုံတစ်ရာ မှတ်ချက်ပြုပြောကြားခြင်းမရှိဟု သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**

# ပါကစ္စတန်အနောက်တောင်ပိုင်းတွင် အသေခံဗုံးခွဲတိုက်ခိုက်၊ ရဲတပ်ဖွဲ့ဝင် ခြောက်ဦးထက်မနည်းသေဆုံး၊ ၂၂ ဦး ဒဏ်ရာရ

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၁၈**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ကွတ်တာမြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များလိုက်ပါလာသည့် ထရပ်ကားတစ်စီးအား အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ရပ် အောက်တိုဘာ ၁၈ ရက်က ဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင် ခြောက်ဦးထက်မနည်းသေဆုံးပြီး အခြား ၂၂ ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ဒေသတွင်း၌ အူရဒူဘာသာဖြင့် ထုတ်လွှင့်သည့် အေဂျေဂျေ ရုပ်မြင်သံကြားသတင်းတွင် ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ် မြို့တော်ကွတ်တာမြို့၏ ဆာရပ်ဒေသ၌ အောက်တိုဘာ ၁၈ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရဲတပ်ဖွဲ့ဝင်များ၏ ထရပ်ကားကို ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်လာသော အသေခံဗုံးဖောက်ခွဲသူ၏ မော်တော်ယာဉ်က အတင်းဝင်ရောက်တိုက်ကာ ဗုံးဖောက်ခွဲတိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ဒေသတွင်းသတင်းများ၌ ဖော်ပြသည်။

ဗုံးဖောက်ခွဲ တိုက်ခိုက်ခံရသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ထရပ်ကားပေါ်တွင် ရဲတပ်ဖွဲ့ဝင် ၃၀ ခန့် လိုက်ပါတာဝန်ထမ်းဆောင်စဉ် ယင်းသို့ တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း ကွတ်တာမြို့ ရဲတပ်ဖွဲ့မှ ဒုတိယရဲချုပ်ရာဇစ်ချေမာက ပြောကြားသည်။

ယင်းတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက်တွင် ကယ်ဆယ်ရေးအဖွဲ့များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အခင်းဖြစ်နေရာသို့ အလျင်အမြန်သွားရောက်ကာ သေဆုံးသူများ၏ ရုပ်အလောင်းများနှင့် ထိခိုက်ဒဏ်ရာရရှိသူများကို ကွတ်တာမြို့ အရပ်ဘက်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြသည်။

ထိခိုက်ဒဏ်ရာ ရသူများထဲတွင် ဒဏ်ရာပြင်းထန်သူအချို့ပါရှိပြီး စိုးရိမ်ရကြောင်း ဆေးရုံမှ ဆရာဝန်များက ပြောကြားသည်။

အခင်းဖြစ်ပွားရာနေရာ အနီးတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝန်းရံပိတ်ဆို့ကာ ရှာဖွေမှုများ စတင်လုပ်ဆောင်နေသည်။

ယင်းတိုက်ခိုက်မှုနှင့် ပတ်သက်၍ မည်သည့်အဖွဲ့အစည်းကမျှ ၎င်းတို့တွင် တာဝန်ရှိသည်ဟု ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**



# ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးလေတပ်ဖွဲ့မှ ရဟတ်ယာဉ်တစ်စင်း ပင်လယ်ပြင်တွင်း ပျက်ကျ

**တိုကျို အောက်တိုဘာ ၁၈**

ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးလေတပ် (အေအက်စ်ဒီအက်ဖ်)မှ ရဟတ်ယာဉ်တစ်စင်းသည် နိုင်ငံအလယ်ပိုင်း ရှီဇူအိုကာပြည်နယ် ဟာမာမတ်စုကမ်းလွန်ရှိ ပင်လယ်ပြင်တွင် ပျက်ကျခဲ့ဖွယ်ရှိကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီး အီဇူနိုရီ အိုနိဒီရာက အောက်တိုဘာ ၁၇ ရက်တွင် ပြောကြားသည်။

ဂျပန်ကိုယ်ပိုင် ကာကွယ်ရေးလေတပ်မှ ပိုင်ဆိုင်သော ယူအိတ်ချ်-၆၀၈ ဂျေ အမျိုးအစားရဟတ်ယာဉ်သည် ဟာမာမတ်စုမြို့ လေတပ်အခြေစိုက်စခန်း၏တောင်ဘက် ကီလိုမီတာ ၃၀ ခန့်တွင် ပျံသန်းနေစဉ် အောက်တိုဘာ ၁၇ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် အခြေစိုက်စခန်းရေဒါမြင်ကွင်းမှ ပျောက်ကွယ်သွားကြောင်း သတင်းတွင် ဖော်ပြသည်။

အဆိုပါဒေသ ပင်လယ်ပြင်အတွင်း မျောပါနေသည့် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ စာလုံးများရေးထားသည့် ရဟတ်ယာဉ် တံခါးချပ်အပါအဝင် ရဟတ်ယာဉ်ပျက်၏ အစိတ်အပိုင်းများကို ရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါရဟတ်ယာဉ်ပေါ်တွင် တပ်ဖွဲ့ဝင်လေးဦး လိုက်ပါသွားပြီး ညပိုင်းရှာဖွေရေးနှင့် ကယ်ဆယ်ရေးဆိုင်ရာ လေ့ကျင့်မှုများ ပြုလုပ်နေစဉ် အဆိုပါမတော်တဆဖြစ်ရပ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ရဟတ်ယာဉ်ပျက်ကျမှုကြောင့် ပျောက်ဆုံးနေသည့် တပ်ဖွဲ့ဝင်များကို ရှာဖွေရန် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ (အေအက်စ်ဒီအက်ဖ်)မှ ရဟတ်ယာဉ်များနှင့် ရေယာဉ်များကို အခင်းဖြစ်နေရာသို့ စေလွှတ်ထားသည်။

**ဆင်ဟွာ။**

ပြည်တွင်းရေးရာ

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြစ်ကြီးနားမြို့ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တသီလဝံသမဟာထေရ်မြတ်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညို

**နေပြည်တော် အောက်တိုဘာ ၁၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီးဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့နှင့်အတူ ဇွန် ၁၈ ရက်က ဘဝနတ်ထံပျံလွန်တော်မူခဲ့သည့် မြစ်ကြီးနားမြို့ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၏ ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီလဝံသ မဟာထေရ်မြတ်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်ရှိ ယာယီစံကျောင်းသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုပြီး သက်န်းကပ်လှူပူဇော်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက် ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တကေတုမာလအား ဖူးမြော်ကြည်ညိုပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က အန္တိမစျာပန သာဓုကီဠန ပူဇာသဘင်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများအား ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား အန္တိမစျာပနပူဇာသဘင်ပြုလုပ်မည့် ရွှေမိုးတောင်သို့ ရောက်ရှိကြရာ ဦးစွာရှင်းလင်းဆောင်တွင် ရှင်ပင်မြတ်စွာ ရဟန္တာတစ်ထောင်ကိန်းဝပ်ရာ ဆုတောင်းပြည့်စေတီတော်ကြီး တည်ဆောက်ပြီးစီးနေမှု အခြေအနေများနှင့် ဆရာတော်ကြီး၏ အန္တိမစျာပနပူဇာသဘင်ကျင်းပမည့် အခြေအနေများအား တိုင်းမှူးက ရှင်းလင်းတင်ပြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရွှေပြားသက်န်းကပ်လှူခြင်းအပါအဝင် ကျန်ရှိသည့်လုပ်ငန်းများအတွက် အလှူငွေများ ပါဝင်လှူဒါန်းရေးကိစ္စရပ်များအား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေမိုးတောင်တွင် တည်ဆောက်ထားသည့် သံဃာ၊ ယောဂီ ၅၀၀ ဆံ့ ဆွမ်းစားဆောင် နှစ်ထပ် အဆောက်အအုံအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုသည်။



**(သတင်းစဉ်)**

# (၁၉) ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ အမျိုးသားကွန်ဂရက် စတင်ကျင်းပ

**ပေကျင်း အောက်တိုဘာ ၁၈**

(၁၉)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ အမျိုးသားကွန်ဂရက် စတင်ကျင်းပသည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ ပြည်သူ့မဟာခန်းမဆောင်၌ ကျင်းပရာ သမ္မတရှီကျင့်ဖျင်က အဖွင့်အမှာစကားပြောကြားသည်။



သမ္မတရှီက တရုတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည့် အကြောင်းအရာများ ပါဝင်သည့် မိန့်ခွန်းကို သုံးနာရီကျော်ကြာ ပြောကြားခဲ့ပြီး ကွန်ဂရက်သို့ ကိုယ်စားလှယ်ပေါင်း ၂၂၈၀ တက်ရောက်ခဲ့ကြသည်။

အဖွင့်အမှာစကားတွင် ပြီးခဲ့သည့် ငါးနှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည့်အခြေအနေများ၊ ပါတီ၏ သမိုင်းဝင် ဆောင်ရွက်ချက်များ၊ အခြေခံမူဝါဒများ၊ ပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့မှုများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်သွားမည့်အခြေအနေများ၊ ယဉ်ကျေးမှုအမွေအနှစ် ပိုမိုခိုင်မာစေရန် ဆောင်ရွက်သွားမည့် အခြေအနေများ၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည့် အခြေအနေများ၊ နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်မတော် ပိုမိုခိုင်မာအားကောင်းစေရေးအတွက် ဆောင်ရွက်သွားမည့် အခြေအနေများ၊ နိုင်ငံတစ်ခု စနစ်နှစ်ခုဖြင့် ရှေ့သို့ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ အစိုးရကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ သမ္မတရှီက ပြောကြားခဲ့သည်။

(၁၉) ကြိမ်မြောက် အစည်းအဝေးကို ခုနစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကာ ယခုအကြိမ်ကျင်းပသည့် ကွန်ဂရက်သို့ အမျိုးသမီးကိုယ်စားလှယ်များနှင့် လူနည်းစုတိုင်းရင်းသားများ ပိုမိုတက်ရောက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ယခုအကြိမ်ဆွေးနွေးပွဲတွင် ထူးခြားမှုအနေဖြင့် သမ္မတဟောင်းများဖြစ်သည့် ကျန်စီမင်းနှင့် ဟူကျင်တောင်းတို့လည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

(၁၈)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ အမျိုးသားကွန်ဂရက်ကို ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၄ ရက်က ကျင်းပခဲ့ပြီး အဆိုပါပါတီ၏ အမျိုးသားကွန်ဂရက်ကို ငါးနှစ်တစ်ကြိမ် ကျင်းပကြောင်း သိရသည်။

အဆိုပါ ကွန်ဂရက်သို့ တရုတ်နိုင်ငံပြည်တွင်းမီဒီယာများ အပါအဝင် နိုင်ငံပေါင်း ၁၃၄ နိုင်ငံမှ သတင်းမီဒီယာသမား ၁၈၀၀ ကျော် တက်ရောက် သတင်းရယူခဲ့ကြသည်။

**(ဟန်နီဝင်း)**

**✻ ဟိန္ဒူဘာသာဝင်များမှ**

"ဘာသာရေးပွဲကတော့ တမူးမြို့တစ်ဖက်ကမ်း မဏိပူရ်ပြည်နယ် မိုရေးမြို့မှာ ကျင်းပတာဖြစ်တယ်။ အိန္ဒိယပြည်မကနေ ဧည့်အလာများတော့ ကျွန်တော်တို့နန်းဖာလုံဈေးနဲ့ တမူးမြို့ဈေးမှာ ဈေးရောင်းကောင်းကြတော့တာပေါ့။ မနက်ခင်းဈေးဖွင့်တာနဲ့ ညနေခင်းဈေးပိတ်တဲ့အထိ အထုပ်အပိုးတွေနဲ့တန်းစီပြီးထွက်နေကြတာပဲ" ဟု နယ်စပ်နန်းဖာလုံဈေးမှ ဈေးသည်တစ်ဦးက ပြောသည်။

နန်းဖာလုံဈေးမှာ အိန္ဒိယနိုင်ငံ မဏိပူရ်ပြည်နယ် မိုရေးမြို့နှင့် ခြံစည်းရိုးသာခြားပြီး နယ်စပ်ဂိတ်မှ တရားဝင်နှစ်နိုင်ငံဝင်ထွက်သွားလာခွင့်ပြုထားသဖြင့် နှစ်နိုင်ငံအရောင်းအဝယ်သမားများ နေ့စဉ်ဝင်ထွက်သွားလာမှုများပြားသည့်ဂိတ်ပေါက်ဖြစ်ကြောင်း၊ နန်းဖာလုံဈေးသည် မြန်မာ- အိန္ဒိယနယ်စပ်တစ်လျှောက်ရှိ အရောင်းအဝယ်ပြုလုပ်သည့်ဈေးများတွင် အကြီးဆုံးဈေးဖြစ်ပြီး ၁၉၉၇ ခုနှစ် ဧပြီလမှစတင်ကာ တရားဝင်နယ်စပ်ဈေးအဖြစ် ဖွင့်လှစ်ခဲ့သည့်ဈေးတစ်ခုဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ဆိုင်ခန်းပေါင်း ၁၃၀၀ ကျော်ဖြင့် အဝတ်အထည်၊ လူသုံးကုန်၊ အိမ်ဆောက်ပစ္စည်း၊ ရာသီပေါ်သီးနှံများကို ရောင်းချနေသည့်ဈေးလည်းဖြစ်ကြောင်း တမူးမြို့မှ ကုန်သည်တစ်ဦးက ပြောသည်။

မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်မှုများတွင် ပို့ကုန်/သွင်းကုန်အားလုံးကို တမူးနယ်စပ်ဂိတ်မှအများဆုံးနှင့် ရိနယ်စပ်ဂိတ်မှဒုတိယအများဆုံး ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံသို့ အဓိကအဖြစ် စိုက်ပျိုးရေးထွက်ကုန်များ၊ သစ်တောထွက်ပစ္စည်းများ၊ ရေထွက်ကုန်များ တင်ပို့လျက်ရှိပြီး အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ၊ လျှပ်စစ်နှင့်ဆက်စပ်ပစ္စည်းများ၊ ကား၊ ဆိုင်ကယ်၊ စက်ဘီးပစ္စည်းများ၊ စားသုံးကုန်နှင့် လူသုံးကုန်ပစ္စည်းများ ပြန်လည်တင်သွင်းလျက်ရှိကြောင်း သိရသည်။

**(ချင်းတွင်းသား)**

# KBZ Bank Women's League တွင် အား/ကာအသင်း ဂိုးပြတ်နိုင်

**ရန်ကုန် အောက်တိုဘာ ၁၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကကြီးမှူး၍ KBZ Bank ၏ အဓိက ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၆-၂၀၁၇ ရာသီ KBZ Bank Women's League ပွဲစဉ် (၁၂) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ပဒုမ္မာကွင်း၌ ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်း ဂိုးပြတ်အနိုင်ရခဲ့သည်။ အားကစားနှင့်ကာယပညာဦးစီးဌာနအသင်းသည် ဇွဲကပင်အသင်းကို ကိုးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး အနိုင်ဂိုးများကို ၂၊ ၅၅၊ ၇၄ မိနစ်တွင် ရီရီဦး၊ ၂၆၊ ၃၀၊ ၃၆ မိနစ်တွင် ရွှေမိုးအေး၊ ၄၇၊ ၆၇ မိနစ်တွင် နန်းမေသဇင်၊ မိနစ် ၉၀ တွင် ချောစုထွေးတို့က သွင်းယူခဲ့သည်။ ဇွဲကပင်အတွက် ချေပဂိုးကို ၃၇ မိနစ်တွင် ဇင်မာထွန်းက သွင်းယူခဲ့သည်။

နောက်ဆုံးနေ့ကို အောက်တိုဘာ ၁၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဂန္ဓမာအသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**(ရဲရင့်ရှိုင်း)**

**✻ မြန်မာ့တိုက်လိပ်မှ**

"တိုက်လိပ်ကို ဒေသသုံးအမည်တွေအဖြစ် လိပ်တိုက်၊ လိပ်ချို၊ လိပ်ခုံး၊ ရေညှိလိပ်လို့ခေါ်ဝေါ်ကြပြီး အများသုံးတာက Myanmar Roofed Turtle ဖြစ်ပါတယ်။ ကမ္ဘာမှာ မြန်မာမှာပဲရှိတဲ့ မြန်မာ့မျိုးရင်းလိပ်ဖြစ်ပါတယ်။ ဆာပေးဆင်းထားတဲ့အဖြေအရ ချင်းတွင်းမြစ်အထက်ပိုင်း ကောင်းဟိန်ကျေးရွာနဲ့ ဗဒူးကုန်းကျေးရွာအကြားမှာပဲ ကျက်စားတာတွေ့ရပါတယ်။ ကောင်ရေအနည်းငယ်သာကျန်တော့တဲ့ မြန်မာ့တိုက်လိပ်ကို ရေရှည်တည်တံ့စေဖို့ လင်းဖားလိပ်စခန်းမှာ အခြေချပြီး ထိန်းသိမ်းရေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ လင်းဖားလိပ်ထိန်းသိမ်းရေးစခန်းတည်ထောင်ရတာက မြန်မာ့တိုက်လိပ် အပါအဝင် ရေချိုလိပ်တွေ မျိုးမသုဉ်းရေး အဓိကရည်ရွယ်ပါတယ်"ဟု လင်းဖားလိပ်ထိန်းသိမ်းရေးစခန်းတာဝန်ခံက ရှင်းပြသည်။

ဖမ်းဆီးသတ်ဖြတ်ခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းဝယ်ခြင်းတို့မှ ကာကွယ်တားမြစ်ထားသည့် မြန်မာ့တိုက်လိပ်ကို ယခင်က ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်နှင့် ယင်းတို့၏မြစ်လက်တက်များတွင် တွေ့ခဲ့ရာမှ ယခုအခါစစ်ကိုင်းတိုင်းဒေသကြီး ချင်းတွင်းမြစ်အထက်ပိုင်းတွင်သာ ရှားပါးစွာတွေ့ရကြောင်း သိရသည်။

"တိုက်လိပ်က အသီးအရွက်စားတဲ့ လိပ်မျိုးဖြစ်ပြီး ကျောခွံကရှည်လျားပြီး ခုံးပါတယ်။ ကျောခွံကနောက်ဘက်မှာအကျယ်ဆုံးဖြစ်ပြီး အထီးအမအလိုက် ကျောခွံအရောင်ကကွာပါတယ်။ အမက အညို ဒါမှမဟုတ် မီးခိုးရောင်ဖြစ်ပြီး အထီးက ထင်ရှားတဲ့ အမည်းရောင်အစင်းကြီး သုံးခုရှိပါတယ်။ အရွယ်ရောက်တဲ့လိပ်ရဲ့ကျောခွံက ၅၈ စင်တီမီတာအထိရှိပြီး ရင်ခွံကအဝါရောင် ဒါမှမဟုတ် နို့နှစ်ရောင်ရှိပါတယ်။ ဦးခေါင်းနဲ့လည်ပင်းမှာ အညို ဒါမှမဟုတ် အစိမ်းရင့်ရောင်ဖြစ်ပြီး နည်းနည်းချွန်ထွက်နေတဲ့ နှာယောင်ရှိပါတယ်" ဟု လိပ်ထိန်းသိမ်းရေးဆောင်ရွက်နေသူ ဒေါ်ကလျာပလတ်က ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

❒

# မြစ်ကြောင်းသွား ရန်ကုန်ဝါးတားဘတ်စ်

သတင်း-ဆုနင်းလဲ့
ဓာတ်ပုံ-ခင်မောင်ဝင်း



ရန်ကုန်မြစ်ကြောင်းသွား သယ်ယူပို့ဆောင်ရေး ရန်ကုန်ဝါးတားဘတ်စ်ကို အောက်တိုဘာ ၆ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အောက်တိုဘာ ၇ ရက်မှစတင်ကာ အများပြည်သူအတွက် ပြေးဆွဲပေးခဲ့သည်။ စတင်ဖွင့်လှစ်ခဲ့သည့်နေ့မှစတင်၍ ယနေ့တိုင် အဆိုပါ ဝါးတားဘတ်စ်ကို အများပြည်သူ စိတ်ပါဝင်စားမှုများပြားခဲ့ပြီး လိုက်ပါစီးနင်းမှုများလည်း များပြားလျက်ရှိသည်။ အထူးသဖြင့် စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များတွင် တန်းစီစောင့်ဆိုင်းရသည်အထိပင် ခရီးသည်များပြားသည်ကို တွေ့ရသည်။

ရန်ကုန်ဝါးတားဘတ်စ်ကို လိုက်ပါစီးနင်းသူအများစုသည် အသစ်အဆန်းတစ်ခုအနေဖြင့်သော်လည်းကောင်း၊ ရေကြောင်းသယ်ယူပို့ဆောင်ရေးကို လေ့လာမှုအနေဖြင့်သော်လည်းကောင်း၊ မော်တော်ယာဉ်ပို့ဆောင်ရေးနှင့် နှိုင်းယှဉ်လို၍သော်လည်းကောင်း၊ အသွားအပြန်အပျော်လိုက်ပါစီးနင်းမှုအနေဖြင့်လည်းကောင်း အများဆုံးဖြစ်ပြီး အမှန်တကယ် သယ်ယူပို့ဆောင်ရေးကဏ္ဍတစ်ခုအနေဖြင့် အသုံးပြုသူမှာ နည်းပါးနေသေးကြောင်း စုံစမ်းသိရှိရသည်။

အများစုမှာ ဗိုလ်တထောင်မှ အင်းစိန်အထိ၊ အင်းစိန်မှ ဗိုလ်တထောင်အထိ အသွားအပြန် အပျော်လိုက်ပါစီးနင်းသူများပြားနေပြီး လမ်းခရီးမှတ်တိုင်များတွင် အတက်အဆင်းလုပ်သူနည်းပါးကြောင်း သိရသည်။

ရန်ကုန်ဝါးတားဘတ်စ်တွင် စနစ်တကျ စီမံဆောင်ရွက်ထားရှိမှုများကိုတွေ့ရပြီး= အမှိုက်များကို အမှိုက်ပုံးထဲသို့ စနစ်တကျထည့်ရန်နှင့် မြစ်ထဲသို့ပစ်မချရန်၊ စီးနင်းလိုက်ပါမည့် ခရီးသည်များအား အနှောင့်အယှက်ဖြစ်စေမည့် အပြုအမူများ မပြုလုပ်ရန် စသည့် သတိပေးချက်စာတန်းများကို သေသေချာချာ ကပ်ပေးထားသလို အရေးပေါ်အခြေအနေကြုံတွေ့ရပါကလည်း အသက်ကယ်အင်္ကျီများထားရှိပေးထားခြင်း၊ ဝန်ထမ်းများ၊ လုံခြုံရေးအဖွဲ့များကတောက်လျှောက်လိုက်ပါကြည့်ရှု စစ်ဆေးပေးခြင်းများကိုတွေ့ရသည်။ သို့သော် လက်ရှိတွင် အပျော်လိုက်ပါစီးနင်းသူများသာများပြားနေပြီး ယာဉ်ကြောကျပ်တည်းမှုကိုရှောင်ရှားမည့် ရေကြောင်းပို့ဆောင်ရေးအနေဖြင့် ထိရောက်တွင်ကျယ်စွာ အသုံးမပြုနိုင်သေးသည့်အတွက် ရေရှည်ရပ်တည်ဆောင်ရွက်နိုင်မည်လားဆိုသည်မှာ ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။ ရန်ကုန်မြို့တွင်းမှ အင်းစိန်မြို့နယ်သို့၊ အင်းစိန်မြို့နယ်မှ ရန်ကုန်မြို့တွင်းသို့ အချိန်တစ်နာရီကျော်ဖြင့် ရောက်ရှိနိုင်သည့် ရန်ကုန်ဝါးတားဘတ်စ်ကို ရေကြောင်းပို့ဆောင်ရေးအနေဖြင့် ထိရောက်စွာ အသုံးပြုနိုင်မှသာ ယင်းလုပ်ငန်းသည် ရေရှည်တည်တံ့အောင်မြင်နိုင်မည်ဟု မြို့ပြသယ်ယူပို့ဆောင်ရေး အတွေ့အကြုံရှိသူများက သုံးသပ်သည်။

လက်ရှိတွင် အပျော်စီးသူများရှိသလို အမှန်တကယ်သွားလာမှု အဆင်ပြေသဖြင့် လိုက်ပါစီးနင်းသူများလည်းရှိသည်ဟု သိရသည်။ ၎င်းတို့မှာ အင်းစိန်ဆိပ်ကမ်းနှင့်သွားလာမှုလွယ်ကူသောနေရာများတွင် နေထိုင်သူများဖြစ်ပြီး အချိန်တစ်နာရီကျော်ဖြင့် ရန်ကုန်မြို့တွင်းသို့အဆင်ပြေပြေရောက်ရှိမှုကြောင့် လိုက်ပါစီးနင်းခြင်းဖြစ်ကြောင်း သိရသည်။

"အပျော်လိုက်စီးတာမဟုတ်ဘူး။ မြို့ထဲ လာစရာရှိလို့ဝါးတားဘတ်စ်စီးလာတာ။ နေတာက အကျဉ်းဦးစီးနားမှာ။ မြို့ထဲလာဖို့အတွက် ဘတ်စ်ကားစီးရင်လည်း တစ်ဆင့်တည်းနဲ့ မရောက်ဘူး။ ပြီးတော့ အဆင်မပြေလို့ အခု ဝါးတားဘတ်စ်ပေါ်လာတော့ ဆိုင်ကယ်ကယ်ရီနဲ့ ဆိပ်ကမ်းကိုလာတယ်။ ပြီးတော့ ဝါးတားဘတ်စ်နဲ့ မြို့ထဲကိုလိုက်လာတာ။ အပြန်လည်း ဝါးတားဘတ်စ်နဲ့ပဲပြန်မယ်။ အဆင်ပြေပါတယ်"ဟု အင်းစိန်မြို့နယ်တွင် နေထိုင်သူ ဒေါ်မြင့်မြင့်က ပြောသည်။

အမှန်တကယ်လိုအပ်ချက်ကြောင့် အသုံးပြုစီးနင်းသူများရှိသလို အပျော်လိုက်စီးသူများတွင်လည်း အသက်အရွယ်ကြီးရင့်သူများသာမက ရင်ခွင်ပိုက်ကလေးငယ်များကို ချီပိုးကာ မိသားစုလိုက် လာရောက်စီးနင်းသူများရှိပြီး ကျောင်းသား ကျောင်းသူ လူငယ် လူရွယ်များ များပြားကြောင်း တွေ့ရသည်။

"အသွား ကျပ် ၃၀၀၊ အပြန် ကျပ် ၃၀၀ ဆိုတော့ ကျပ် ၆၀၀ ပဲကျတယ်။ နောက်ပြီး သင်္ဘောပေါ်မှာ ကော်ဖီတစ်ခွက်မှ ကျပ် ၂၀၀၊ ထမင်းဘူး တစ်ဘူးမှ ကျပ် ၄၅၀ ဆိုတော့ ဈေးလည်းတန်တယ်။ စားလို့လည်း ကောင်းပါတယ်။ ကျွန်တော်တို့အနေနဲ့ ညနေဘက် အပျော်စီးသင်္ဘောသွားစီးရင် ကျပ် တစ်သောင်းကျော်ကျမယ်။ ဒါပေမယ့် အပျော်စီးသင်္ဘောနဲ့တော့ စီးရတာမျိုး၊ သင်္ဘောကွာတာမျိုးရှိတာပေါ့။ ဝါးတားဘတ်စ်က အသွားအပြန်မှ ကျပ် ၆၀၀ နဲ့ အသွား တစ်နာရီကျော်၊ အပြန် တစ်နာရီကျော်စီးရတယ်။ မြစ်တစ်လျှောက် ရှေးဟောင်းအဆောက်အအုံနဲ့ အထပ်မြင့်အဆောက်အအုံမြင်ကွင်းတွေမြင်ရတယ်။ မြင်ကွင်းတစ်မျိုးပေါ့လေ။ ပြောစရာ၊ အကြံပြုစရာတွေလည်း ရှိပါတယ်။ အဲကွန်းခန်းထဲဝင်စီးရတာ သင်္ဘောမထွက်ခင်မှာ တော်တော်ပူတယ်။ အောက်ထပ်နဲ့ အပေါ်ထပ် အပြင်ဘက်ကို ထွက်စီးရတာတော့ အဆင်ပြေတယ်။ ဒါပေမယ့် မိုးရွာရင်၊ နေအရမ်းပူရင်တော့ မသက်သာဘူး။ အောက်ဘက် ဘယ်ဘက်အခြမ်းက အိမ်သာနံ့ နံနေတာကို ပြုပြင်ပေးရင် ကောင်းပါမယ်" ဟု ရန်ကုန်ဝါးတားဘတ်စ်အား လိုက်ပါစီးနင်းသူ ရန်ကုန်နည်းပညာတက္ကသိုလ်မှ ကျောင်းသားတစ်ဦးက ပြောသည်။

လက်ရှိ ပြေးဆွဲပေးလျက်ရှိသော ရန်ကုန်ဝါးတားဘတ်စ်ခရီးစဉ်သည် ရန်ကုန်မြို့တွင်း ဗိုလ်တထောင်ဆိပ်ကမ်းမှ အင်းစိန်(အောင်ဇေယျတံတားအောက်) ခရီးစဉ်ကို စတင်ပြေးဆွဲပေးနေခြင်းဖြစ်ပြီး ဗိုလ်တထောင်ဆိပ်ကမ်းမှ နန်းသီတာဆိပ်ကမ်း၊ လမ်းသစ်(လမ်းမတော်) ဆိပ်ကမ်း၊ ကြည့်မြင်တိုင်ဆိပ်ကမ်း၊ လှိုင်ဆိပ်ကမ်း၊ အင်းစိန်ဆိပ်ကမ်းတို့ကို ဆိုက်ကပ်ပေးလျက်ရှိသည်။ လက်ရှိတွင် ပြည်ပမှ မှာယူထားသောသင်္ဘောနှင့် ပြည်တွင်းတွင် တည်ဆောက်သော သင်္ဘော စုစုပေါင်း လေးစင်းဖြင့် ခေါက်ပြန်ပြေးဆွဲပေးလျက်ရှိသည်။ မကြာမီတွင် အစင်းရေ ၁၃ စင်းဖြင့် ပြေးဆွဲသွားမည်ဖြစ်ပြီး မိနစ် ၂၀ တိုင်း တစ်စင်းပြေးဆွဲပေးရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

ပြည်ပမှ မှာယူထားသောသင်္ဘောသည် နှစ်ထပ်သင်္ဘောအမျိုးအစားပုံစံမျိုးဖြစ်ပြီး ခရီးသည် ၂၀၀ ဆံ့ကာ ဗိုလ်တထောင်မှ အင်းစိန်အထိ တစ်နာရီ ငါးမိနစ်ခန့်၊ အင်းစိန်မှ ဗိုလ်တထောင်အထိ တစ်နာရီ ဆယ်မိနစ်ခန့် ကြာမြင့်မည်ဖြစ်ကာ ရေစုန်၊ ရေဆန်ပေါ်မူတည်၍ အချိန်အနည်းငယ်ကွာဟမှုရှိကြောင်း သိရသည်။ ပြည်တွင်းထုတ်ရေယာဉ်များတွင် ခရီးသည် တစ်ရာကျော် လိုက်ပါနိုင်ပြီး ပြည်ပမှ ရေယာဉ်များထက် အနည်းငယ်နောက်ကျမှုရှိကြောင်း သိရသည်။ ရေယာဉ်များကို လိုက်ပါမောင်းနှင်သူများသည် ပြည်တွင်းရေကြောင်းတွင် လုပ်ကိုင်ခဲ့ဖူးသူအတွေ့အကြုံရှိသူများဖြစ်ပြီး အချိန်၊ အဆိုင်းခွဲ၍ မောင်းနှင်ပေးလျက်ရှိသည်ဟု သိရသည်။

ရန်ကုန်မြစ်ကြောင်းသွား သယ်ယူပို့ဆောင်ရေးစနစ်ကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ကျင့်သုံးဆောင်ရွက်နေသကဲ့သို့ အောင်မြင်မှုရရှိရန် ဆောင်ရွက်သွားမည်ဟုသိရပြီး လက်ရှိတွင် အပျော်စီးနင်းသူများသာ များပြားနေသေးသည်။ သို့ရာတွင် ဝါးတားဘတ်စ်နှင့် အခြားသော သယ်ယူပို့ဆောင်ရေးများ အဆင်ပြေပြေချိတ်ဆက်ဆောင်ရွက်နိုင်ပါက ယာဉ်ကြောပိတ်ဆို့ကျပ်တည်းမှုကိုရှောင်ရှားနိုင်မည့် ထိရောက်သော သယ်ယူပို့ဆောင်ရေးစနစ်တစ်ခုဖြစ်လာမည်ဟု ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက သုံးသပ်သည်။ နောက်ပိုင်းတွင် ဆက်လက်ပြေးဆွဲမည့် သန်လျင် (စတားစီးတီးအိမ်ရာ)၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)တို့မှ ရန်ကုန်မြို့တွင်းသို့ ခရီးစဉ်များကို ပြေးဆွဲပေးရန် ခရီးသည်များဘက်မှ တောင်းဆိုမှုများရှိသည်ဟု သိရပြီး ရေကြောင်းပို့ဆောင်ရေးတစ်ခုအနေဖြင့် လိုက်ပါစီးနင်းသူများပြားနိုင်မည်ဟု မျှော်မှန်းထားကြောင်း ရန်ကုန်ဝါးတားဘတ်စ် တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ယခုကဲ့သို့ ရန်ကုန်ဝါးတားဘတ်စ်တွင် အပျော်လိုက်ပါစီးနင်းသူ များပြားနေခြင်းသည် လွန်ခဲ့သော ၂၀၁၃ ခုနှစ် စက်တင်ဘာလကုန် အောက်တိုဘာလဆန်းပိုင်းတွင် စတင်ပြေးဆွဲခဲ့သော အဲကွန်းအထူးရထား စတင်ပြေးဆွဲစဉ်ကကဲ့သို့ပင် ဖြစ်နေသည်။ အဲကွန်းဂျပန်ရထား စတင်ပြေးဆွဲစဉ်ကာလတွင် ရန်ကုန်မြို့တစ်ပတ် အဲကွန်းရထားကို အပျော်လိုက်ပါစီးနင်းသူများ အထူးများပြားခဲ့ပြီး အထူးသဖြင့် စနေ၊ တနင်္ဂနွေနေ့များတွင် ပိုမိုများပြားသည်ကို ကြုံခဲ့ရသည်။ အဆိုပါ အထူးရထားကို လိုက်ပါစီးနင်းသူများတွင် စည်းကမ်းတကျ နိုင်ငံကြီးသားပီသစွာ လိုက်ပါစီးနင်းသူများရှိသကဲ့သို့ စည်းကမ်းမဲ့စီးနင်းသူများ၊ အဲကွန်းခန်းအတွင်း အစားအသောက်များ စားသောက်ခြင်း၊ တံခါးများအားဖွင့်ခြင်း၊ ထိုင်ခုံများပေါ် ခြေထောက်များတင်ခြင်း စသည့် စည်းကမ်းမဲ့ အပြုအမူများ၊ အမှိုက်ပစ်မှုများကိုလည်း များစွာကြုံတွေ့ခဲ့ရသည်။ နောက်ပိုင်းတွင် အဲကွန်းရထားသည်လည်း အဲကွန်းမနိုင်တော့ကာ ရိုးရိုးရထားအဖြစ်ဖြင့်ပင် ပြောင်းလဲပြေးဆွဲခဲ့ရသည်။ သို့သော် ရန်ကုန်ဝါးတားဘတ်စ်တွင် သင်္ဘောပေါ်၌ လုံခြုံရေးဝန်ထမ်းများ၊ တာဝန်ရှိသူများက လိုက်ပါကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး ရေရှည်ကောင်းမွန်သော ဝန်ဆောင်မှုကိုပေးသွားပါက အောင်မြင်နိုင်မည်ဖြစ်သော်လည်း သယ်ယူပို့ဆောင်ရေးစရိတ်တွင် အရှုံးပေါ်မှုရှိပါက ရေရှည်အောင်မြင်နိုင်မည်မဟုတ်ပေ။ အလားတူ အများပြည်သူအတွက် စီးနင်းခငွေ ကျပ် ၃၀၀ သည် သင့်တင့်မျှတသော်လည်း ယင်းထက်ပိုမိုကျသင့်ပါက လိုက်ပါစီးနင်းသူနည်းပါးသွားနိုင်သည့်အပြင် လက်ရှိတွင် ရန်ကုန်ဝါးတားဘတ်စ်စီးနင်းရန်အတွက် ဆိပ်ကမ်းများသို့ လာရောက်ရသော တစ်ဆင့်စီးနင်းခများရှိနေခြင်းကြောင့် လက်ရှိတွင် အပျော်စီးနင်းလိုက်ပါသူများ ပိုမိုများပြားနေသည်ဟု သိရသည်။ ယင်းကြောင့် ရန်ကုန်ဝါးတားဘတ်စ်ကို ရေတို တစ်ခဏတာသဘောမဟုတ်ဘဲ ရန်ကုန်မြို့၏ ထိရောက်သော ရေကြောင်းသယ်ယူပို့ဆောင်ရေးအနေဖြင့် ရေရှည်အောင်မြင်မှုရရှိရန် ဆက်လက်ဆောင်ရွက်သွားဖို့ လိုအပ်မည်ပင်ဖြစ်သည်။ ။

**ရန်ကုန်မြစ်ကြောင်းသွား သယ်ယူပို့ဆောင်ရေးစနစ်ကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ကျင့်သုံးဆောင်ရွက်နေသကဲ့သို့ အောင်မြင်မှုရရှိရန် ဆောင်ရွက်သွားမည်ဟု သိရပြီး လက်ရှိတွင် အပျော်စီးနင်းသူများသာ များပြားနေသေးသည်။**

## ဂျပန်-မြန်မာ ချစ်ကြည်ရေးကျောင်းဆောင်သစ်ဖွင့်၊ ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

**ပဲခူး အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ငါးပြေမကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ အောက်တိုဘာ ၁၈ ရက် နံနက် ၁၀ နာရီခွဲက ဂျပန်-မြန်မာချစ်ကြည်ရေး အာရ်စီတစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကျင်းပသည်။

ဂျပန်-မြန်မာချစ်ကြည်ရေး အာရ်စီတစ်ထပ်ကျောင်းဆောင်သစ်အား လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်နှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်အား လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ငါးပြေမကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး တတိယအတွင်းဝန် Mr. Tateshi HIGUCHI က ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပဲခူးခရိုင် ပညာရေးမှူး ဆရာမကြီး ဒေါ်ခင်မာရီက ကျေးဇူးတင်စကားပြောကြားပြီး ဂျပန်-မြန်မာချစ်ကြည်ရေး အာရ်စီတစ်ထပ်ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများအား မြို့နယ်ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်း၊ ဖွင့်ပွဲအထိမ်းအမှတ်အလံများ ပေးအပ်ခြင်းများ ပြုလုပ်ကြသည်။

အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သည် ဂျို့ပင်ကျေးရွာအုပ်စုတောင်သူလယ်သမားသမဂ္ဂများ၏တောင်းဆိုချက်အရ အလှူရှင် ဂျပန်နိုင်ငံအသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ ဂျပန်အစိုးရနှင့် ပြည်သူတို့၏ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၉၄၉၃၇ ဒေါ်လာဖြင့် ပေ ၁၈၀ × ပေ ၃၀ အာရ်စီတစ်ထပ်ကျောင်းဆောင်သစ်အဆောက်အအုံအား ဂျပန်-မြန်မာချစ်ကြည်ရေးအနေဖြင့် ဆောက်လုပ်လှူဒါန်းခြင်းဖြစ်သည်။

ညောင်လေးပင်မြို့နယ်အတွင်း အထကကျောင်း ကိုးကျောင်း၊ အထက(ခွဲ) ၁၁ ကျောင်း၊ အလက နှစ်ကျောင်း၊ အလက(ခွဲ) ၁၁ ကျောင်း၊ အမက ရှစ်ကျောင်း၊ အမက(ခွဲ) တစ်ကျောင်း၊ မူလွန် ၁၁၀ ကျောင်း စုစုပေါင်း ၁၇၅ ကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်း နှစ်ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း လေးကျောင်းတို့ရှိပြီး ဆရာ ဆရာမ ၂၀၈၅ ဦး၊ ကျောင်းသား ၄၃၀၄၂ ဦးရှိသဖြင့် ကျောင်းသားနှင့် ဆရာ အချိုး(၁း၂၃) ရှိကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# တကယ်ဆို အရိပ်ပဲလိုတယ်

ဇော်(မန်းတောင်ရိပ်)

ဗုဒ္ဓဟူးနေ့က အောက်ထပ်ဘယ်ဘက် ခေါင်းလွယ်ခုတ်ကအခန်းကို ပိုင်ရှင် က ရောင်းလိုက်တယ်။ ပိုင်ရှင်သစ်ရောက်တဲ့နေ့မှာပဲ တိုက်ခန်းရှေ့က အခက် အလက်တွေဝေဆာနေတဲ့ ဗာဒံပင်ကြီးကို ခုတ်တော့တာပဲ။ သည်အပင်ကြီးက တိုက်ရှေ့မှာဆိုတော့ အခန်းတော်တော်များများကို အရိပ်ရစေတဲ့အပင်ကြီး လေ။ သည်လိုခုတ်မယ် မထင်ထားဘူးပေါ့။ ကြည့်ရင်းကြည့်ရင်းနဲ့ ပင်စည်ပဲ ကျန်တော့တယ်။ သည်တော့မှ ကျုပ်လည်းသတိဝင်လာပြီး ရပ်ကွက်အုပ်ချုပ်ရေး မှူးကို အကြောင်းကြားတော့ ရပ်ကွက်အုပ်ချုပ်ရေးမှူးက "သည်ဟာ စည်ပင်နဲ့ ဆိုင်တယ်။ မြို့နယ်စည်ပင်ကို ပြောပါ" ဆိုတာနဲ့ မြို့နယ်စည်ပင်ရုံးကို ဆိုင်ကယ်နဲ့ အပြေးသွား၊ မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူးနဲ့တွေ့၊ "ကျွန်တော် ခုပဲ သက်ဆိုင်ရာနယ်မြေတာဝန်ခံဆီ ဖုန်းဆက်ပြီး ဆက်လုပ်မယ်"ဟု ပြောကာ ကျုပ်ရှေ့မှာပဲ ဖုန်းဆက်။

အော် ပြောရဦးမယ်။ ကျုပ်နေတာ စည်ပင်အိမ်ရာ၊ အထပ်လေးထပ်၊ တစ်ထပ်ကို ရှစ်ခန်းဆိုတော့ အားလုံး ၃၂ ခန်းပေါ့။ ကျုပ်က ပထမထပ်မှာ နေတာ။ ဒီတော့ တိုက်ရှေ့ကမြေပေါ်က အပင်ကြီးရဲ့ အရိပ်ကိုပဲ အားကိုး နေရတာ။ မန္တလေးဆိုတော့ သိတဲ့အတိုင်းပဲ။ ပူမှပူ။ ခုတလော မိုးတစ်ပြိုက် နှစ်ပြိုက်ရွာထားတာတောင် တော်တော်ပူတာကလား။ ရှေ့ဝရန်တာမှာ ပန်းအိုး နဲ့ အပင်နှစ်ပင်စိုက်ထားပေမယ့် အရိပ်က မဖြစ်စလောက်ပဲ။

မြို့နယ်အုပ်ချုပ်ရေးမှူးရုံးကပြန်လာတော့ သက်ဆိုင်ရာနယ်မြေတာဝန်ခံ ဆိုသူက သစ်ပင်ခုတ်နေသူတွေကို တစ်ခုခုပြောပြီး ငုံးတိတိဖြစ်နေတဲ့ အပင်ကို ဓာတ်ပုံရိုက်တယ်။ "အင်း"သည်ပုံဆိုရင် သူတို့ဆက်မခုတ်အောင် တစ်ခုခုတော့ တားလောက်ပါရဲ့။ တားဖြစ်ရင် ငုံးတိတိအပင်က အရွက်တွေ၊ အခက်တွေ ဝေနိုင်သေးလို့ တော်ပါသေးရဲ့လို့ တွေးမိပြီး နည်းနည်းတော့ စိတ်အေးသွားတယ်။ သစ်ပင်တစ်ပင်ကို ကယ်တင်နိုင်လောက်ပြီလို့။ တကယ်ဆို ကျုပ်တို့ဘာမှမလိုချင် ဘူး အရိပ်ပဲလိုတာ။

အဖေကတော့ပြောပါတယ်။ "မင်းကောင်တွေ စည်ပင်ကိုပိုက်ဆံပေးမလို့ ထင်တယ်။ အိမ်ကို လက်တို့ပြီးခေါ်သွားတယ်။ ဆင်လာမြက်ကျွေး၊ အေးရော့ နေမှာပဲ"တဲ့။ "အဖေကလည်း ခုဒီမိုကရေစီခေတ်လေ၊ အဖေတို့ခေတ်ကလို မဟုတ်တော့ဘူး။ တာဝန်သိလုပ်သားပြည်သူတစ်ယောက်က အကြောင်းကြားရင် မှန်မှန်ကန်ကန် ဆက်လက်ဆောင်ရွက်သွားမှာပါအဖေ"ဟု ကျုပ်ကပြော၏။



သစ်ပင်များဟာ တကယ်တော့ လူသားရဲ့တကယ့်လက်တွဲဖော်ပါပဲ။ သစ်ပင်များက ကာဗွန်ဒိုင်အောက်ဆိုက်ကိုစုပ်ယူပြီး အောက်ဆီဂျင်ကို ထုတ်ပေး တယ်။ လူက အောက်ဆီဂျင်နဲ့အသက်ရှူပြီး ကာဗွန်ဒိုင်အောက်ဆိုက်ကို ထုတ်တယ်။ သစ်ပင်ရှိတဲ့ပတ်ဝန်းကျင်မှာ အရွက်တွေကနေ ရေငွေ့ပျံတာ လေထုရဲ့စိုထိုင်းဆ စုစုပေါင်းရဲ့ ၁၀ ရာခိုင်နှုန်းရှိတဲ့အတွက်ကြောင့် အရေပြား ခြောက်သွေ့ခြင်း၊ အအေးပတ်ခြင်း၊ လည်ချောင်းနာခြင်း၊ ချောင်းခြောက်ဆိုးခြင်း တို့ကို ကာကွယ်နိုင်တယ်။ လေထုထဲက အဆိပ်ငွေ့တွေကို သစ်ရွက်များက ဖယ်ရှားပေးတယ်။ လူသားတွေ နာမကျန်းဖြစ်ရင်လည်း သစ်ပင်ရှိတဲ့ပတ်ဝန်း ကျင်မှာနေရင် မြန်မြန်နာလန်ထူကြောင်း သုတေသနပြု တွေ့ရှိထားတယ်။ သစ်ပင်က လူသားအပေါ် အကျိုးပြုတာတွေ ရေးရရင်တော့ မကုန်နိုင် မခန်းနိုင် ပါပဲ။

ဟောသည်နေ့ တနင်္ဂနွေနေ့ရောက်တော့ သူတို့သစ်ပင်ကို အပိုင်းပိုင်းခုတ် ပြီး အမြစ်ဖြုတ်မည့် ဟန်ပန်တွေ တွေ့ရပြန်တယ်။ ဒါနဲ့ အပိုင်စည်ပင်တာဝန်ခံဆီ ဖုန်းဆက်တော့ "သူတို့ဒဏ်ကြေးဆောင်ပြီးပြီ။ ပြေစာတောင် တောင်းနေလို့ ရုံးဖွင့်တဲ့ တနင်္လာနေ့မှ ပေးမယ်ပြောထားတယ်"ဟု ပြောရာ၊ ကျုပ်က အံ့ဩ လွန်းမက အံ့ဩလွန်းစွာဖြင့် "ဟင် ဒါဆိုဒဏ်ကြေးဆောင်ပြီးရင် အပင်ကို ခုတ်လို့ရပြီဆိုတဲ့ သဘောလား"ဟု မေးရာ တာဝန်ခံက "အင်း ရပါပြီတဲ့"။ အမလေးသွားပါပြီ။ လူအများအတွက် အရိပ်ကြီးတစ်ခု၊ သဘာဝထီးကြီးတစ်ခု ဆုံးရှုံးရတော့မှာပါလား။ ဆုံးရှုံးတာမှ "တရားဝင်" ဆုံးရှုံးရတော့မှာပါလားဟု ယူကျုံးမရဖြစ်မိပါ၏။

အင်း သည်လိုဆိုတော့လည်း သဘာဝတော့မကျသေးပါဘူးထင်တာနဲ့ မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူးဆီ ထပ်သွား၊ မြို့နယ်အုပ်ချုပ်ရေးမှူးက "ကျွန်တော်မခုတ်ခိုင်းပါဘူး။ ခုတ်ခွင့်မပေးပါဘူး။ ခုတ်ချင်ရင် သစ်တော အထိ စာတင်ရတာကလား"ဟု ပြောပြောဆိုဆို အခင်းဖြစ်ရာနေရာသို့ လိုက် ကြည့်၏။ အိမ်ရှင်များကိုလည်း "သစ်ပင်တစ်ပင်ဖြစ်ဖို့က မလွယ်ဘူးလေ။ အရင်အကိုင်းတွေ ခုတ်တာလောက်ဆို အပင်ပြန်ဖြစ်နိုင်သေးတယ်။ ခုတော့ ငုတ်တိုပဲကျန်တော့ အပင်ပြန်မဖြစ်နိုင်တော့ဘူး။ အရေးမယူလို့ မရတော့ဘူး။ မနက်ဖြန်ရုံးကိုလာပါ"ဟု ပြော၏။ နယ်မြေစည်ပင်တာဝန်ခံပြောတုန်းက ဒဏ် ကြေးဆောင်ရင်ပဲ သစ်ပင်ခုတ်လို့ရသလို ပြောသွားတာကို ကျုပ်အမှတ်ရနေ၏။ ယခုမြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူးပြောတော့ အရေးယူမည့်သဘော၊ ဒဏ်ကြေး ဆောင်ရုံနှင့် မရသည့်သဘောပင်။

မနက်ဖြန်တနင်္လာနေ့ သစ်ပင်စည်းကမ်းမဲ့ခုတ်တဲ့ အိမ်ရှင်၊ မြို့နယ်စည်ပင် ရုံး၊ အုပ်ချုပ်ရေးမှူး၊ ဥပဒေ၊ ဒါတွေဘယ်လိုဆက်ဖြစ်မယ်ဆိုတာ ကျုပ်တို့ စိတ်မဝင်စား။ တကယ်ဆို ကျုပ်တို့လိုတာက ကျုပ်တို့လူသားတွေလိုတာက သစ်ပင်ပဲ။ "အေးမြတဲ့သစ်ပင်ရဲ့အရိပ်" ငြိမ်းချမ်းတဲ့သစ်ရိပ်။ "တကယ်ဆို အရိပ်ပဲလိုတယ်။ ကျုပ်တို့ ၃၂ ခန်းသော စုပေါင်းတိုက်ကြီးရဲ့ရှေ့မှာ ဆုံးရှုံးသွားတဲ့ သစ်ပင်တစ်ပင်အစား သက်တူရွယ်တူ သစ်ပင်လေးတစ်ပင်လောက် စိုက်ပေးနိုင်ကြမလားခင်ဗျာ။ စိုက်ပေးကြပါလို့တောင်းဆိုရင်း...။

# ရေတံခွန်တောင်ပေါ် သဘာဝအတိုင်းကျက်စားနေသော မျောက်များ၏ သဘာဝအလှ

သဘာဝဂေဟစနစ်နှင့် ကျေးငှက်သာရကာများကို လေ့လာ ခြင်းလုပ်ငန်းမှာ စိတ်ဝင်စားဖွယ်ရာဖြစ်သည်။ ရှေးစာဆိုတို့ ဖွဲ့ဆိုထားသောကဗျာများ၊ တေးသီချင်းများအရ "ဒေါင်းက အိုးဝေ မျောက်ကကြိုးခွေ"ဟုပင် ညွှန်းဆိုထားသည်။ မျောက်ကို လူတို့စိတ်ဝင်စားကြသည်။ လူသည် မျောက်က ဆင်းသက်လာသည်ဟုလည်း ညွှန်းဆိုထားသည်။ မန္တလေး မြို့အနီး စိတ်ဝင်စားဖွယ်ရာမျောက်များစွာကို လေ့လာနိုင် သော သဘာဝဂေဟစနစ်ကောင်းမွန်သည့် တောတောင် မှာ ရေတံခွန်တောင်ပင်ဖြစ်သည်။ လက်ရှိကာလတွင် ရေတံခွန်တောင်ပေါ် သဘာဝအတိုင်းကျက်စားနေသော မျောက်များ၏ သဘာဝအလှများကို ဓာတ်ပုံရိုက်ကူးသူ များပြားလျက်ရှိသည်။ သဘာဝပတ်ဝန်းကျင်ချစ်မြတ်နိုး သူများ၊ ငှက်ချစ်မြတ်နိုးသူများ အများစုရိုက်ကူးကြသည်။



ရေတံခွန်တောင်မှာ ရှမ်းရိုးမတောင်တန်း နောက်ခံနှင့် ပြာလဲ့လဲ့တောင်အဖြစ် လှပစွာမြင်တွေ့ရသည်။ ထူးခြား သည်မှာ သဘာဝအတိုင်းကျက်စားနေသော မျောက်များစွာ ရှိခြင်းပင်ဖြစ်သည်။ ရေတံခွန်တောင်ပေါ်တွင် မျောက်များ စွာ သဘာဝအတိုင်း ကျင်လည်ကျက်စားနေသည်မှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။ လူကိုတော့ဖြင့် အန္တရာယ်မပြု ပေ။ ရေတံခွန်တောင်ခြေရှိကျောင်းထဲတွင် မျောက်များကို ဘုရားဖူးများက အစာကျွေးမွေးကြသည်။ မျောက်များကို ကျွေးမွေးသည့်နေရာကို သတ်မှတ်ထားသည်။ စည်းကမ်း တကျ ကျွေးမွေးခြင်းဖြင့် ဘုန်းတော်ကြီးကျောင်း သန့်ရှင်းမှုနှင့် ကျောင်းတွင်လှူဒါန်းထားသော ပစ္စည်း များ ပျက်စီးခြင်းကင်းအောင် ဆောင်ရွက်ထားခြင်း ဖြစ်သည်။

လူနှင့် ယဉ်ပါးနေသော မျောက်များမှာ တောင်ပေါ်မှ တောင်အောက်သို့ အုပ်စုလိုက်ခွဲကာ သူ့အချိန်နှင့်သူ ဆင်းလာတတ်သည်။ အစာကျွေးသည်နှင့်ကြုံသည့် အခါ မျောက်များ အလုအယက်စားသောက်ကြသည်။ ဘုရားဖူးများ အစာကျွေးခြင်းနှင့် မကြုံသောမျောက်များမှာ လက်ကျန်အစားအစာများကို စားလေ့ရှိသည်။ မျောက် ထီး၊ မျောက်မ၊ မျောက်ငယ်များ စုံလင်သလို သားသမီး မျောက်များကို မိခင်မျောက်များက စောင့်ရှောက်ကျွေးမွေး သည့် မေတ္တာဘွဲ့မြင်ကွင်းကို လက်တွေ့မြင်တွေ့နိုင်သော တောင်ပင်ဖြစ်သည်။ သဘာဝအတိုင်းကျလာသော ရေများကို ပိုက်များဖြင့် သွယ်တန်းထားသည့်နေရာတွင် မျောက်များအတက်အဆင်းပြုလုပ်ကာ ရေသောက်ဟန်၊ စားသောက်ဟန်၊ အော်မြည်သံနှင့်အတူ မျောက်များ၏ သဘာဝအတိုင်း လှုပ်ရှားစားသောက်မှုကို မြင်တွေ့ရသည် မှာ ကြည်နူးဖွယ်ပင်ဖြစ်သည်။ မျောက်များသဘာဝအတိုင်း ကျက်စားမှုကို ဓာတ်ပုံရိုက်ကူးသူများမှာ သစ်ပင်ပေါ်တွင် ကျက်စားနေသည့်မြင်ကွင်းကိုစောင့်ကာ ရိုက်ကူးကြ သည်။

လက်ရှိကာလတွင် မန္တလေးမြို့အနီးမှ ရေတံခွန်တောင် သို့ ဘုရားဖူးများ နေ့စဉ်သွားရောက်ဖူးမြော်ရင်း မျောက်များကို အစာကျွေးကြသည်။ ရေတံခွန်တောင်ကို သွားရောက်ခြင်းဖြင့် တောတောင်ရေမြေသဘာဝ၊ မျောက်တို့၏ နေထိုင်စားသောက်ဟန်၊ သားသမီးများကို ကျွေးမွေးစောင့်ရှောက်ထိန်းသိမ်းသော သဘာဝကျသည့် မြင်ကွင်းများကို မြင်တွေ့နိုင်သည်။ သဘာဝပတ်ဝန်းကျင် ချစ်မြတ်နိုးသူအများစုမှာ ရေတံခွန်တောင်ပေါ်ရှိ မျောက်များ သဘာဝအတိုင်း ကျင်လည်ကျက်စားမှုကို ဓာတ်ပုံရိုက်ကူးမှု များပြားလျက်ရှိသည်။

နွေနဒီ(မြစ်ငယ်)

# တန်ဆောင်တိုင်အကြို တစ်ကွက်ကာတွန်းပြိုင်ပွဲ

## အခြေခံပညာအထက်တန်းအဆင့်ပြိုင်ပွဲ ကျင်းပ

**ပုသိမ် အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၁) အလက (မြို့မ) အထက်တန်းကျောင်းခွဲတွင် တန်ဆောင်တိုင်အကြို တစ်ကွက်ကာတွန်းပြိုင်ပွဲ အခြေခံပညာအထက်တန်း အဆင့်ပြိုင်ပွဲကို အောက်တိုဘာ ၁၇ ရက်က ကျင်းပသည်။ ဧရာဝတီတိုင်းသား ကာတွန်းဆရာကြီးများနှင့် ပုသိမ်မြို့ သား ကာတွန်းဆရာကြီးများကို ဂုဏ်ပြုသောအားဖြင့် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကြီးကို ပုသိမ်မြို့ ဓနိတန်း လမ်း၌ နိုဝင်ဘာ (၁၊ ၂၊ ၃၊ ၄)ရက်များတွင် ပြုလုပ်မည့် ကာတွန်းမီးပုံးပွဲတော်၌ ပါဝင်ယှဉ်ပြိုင်ကြသည့် ကျောင်းသား ကျောင်းသူလေးများ၏ ကာတွန်းလက်ရာများ ဖြင့် တန်ဆောင်တိုင်ပွဲကြီးကို မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပ သွားမည်ဖြစ်သည်။

ယခုကျင်းပသည့် တန်ဆောင်တိုင် ကာတွန်းမီးပုံးပွဲ တော်အကြို အခြေခံပညာကျောင်းများ၏ ကလေးများပြိုင်ပွဲ ကို ပုသိမ်တက္ကသိုလ် မြန်မာစာအသင်းက ကြီးမှူးကျင်းပ ခြင်းဖြစ်ပြီး တန်ဆောင်တိုင်ပွဲတော်ရက်တွင် ကာတွန်း ဆရာကြီးများ၏ ဇာတ်ကောင်များဖြစ်သည့် ဦးရွှေရိုး၊ ဦးရှုံစား၊ တွတ်ပီ၊ မုဆိုးကျော်ဖိုးထော်၊ ပြာဂလောင် စသည့် ကာတွန်းဇာတ်ဆောင် ရုပ်တုကြီးများ ပြုလုပ်မည်ဖြစ်သည်။ ပြိုင်ပွဲတွင် ဆုရရှိသည့် ကလေးများအား ပထမဆု ကျပ် ငါးသောင်း၊ ဒုတိယဆု ကျပ်သုံးသောင်း၊ တတိယဆု ကျပ် နှစ်သောင်းနှင့် နှစ်သိမ့်ဆု နှစ်ဦးကို တစ်ဦးလျှင် ကျပ် တစ်သောင်းစီအပြင် ကာတွန်းရေးဆွဲနည်းစာအုပ်များ ကိုပါ ပူးတွဲချီးမြှင့်သွားမည်ဟု သိရသည်။

အဆိုပါပြိုင်ပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စား လှယ်များနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ တက်ရောက် အားပေးကြည့်ရှုခဲ့ကြသည်။

**(မြင့်ဟန်)**

# တရားမဝင်လိုင်စင်မဲ့ လက်နက်၊ ခဲယမ်းများ၊ ဆက်သွယ်ရေးစက်များ၊ မော်တော်ယာဉ်များ လက်ဝယ်ထားရှိခြင်းမပြုဘဲ သက်ဆိုင်ရာသို့ အပ်နှံကြရန်နှင့် တွေ့ရှိပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်

မြန်မာနိုင်ငံတွင် ကျင့်သုံးလျက်ရှိသော လက်နက်ကိုင်ဆောင်ရေးမူအရ လေသေနတ်၊ လုပ်သေနတ်အပါအဝင် လက်နက်အားလုံးကို လိုင်စင်ဖြင့်သာ ကိုင်ဆောင်ခွင့်ပြုသဖြင့် လိုင်စင်ဖြင့်ကိုင်ဆောင်ခွင့်ရရှိရန် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာန(လက်နက်ကိုင်ဆောင်ခွင့်လိုင်စင်/ပါမစ်စိစစ်ရေးအဖွဲ့)သို့ တင်ပြလျှောက်ထားမှုအပေါ် စိစစ်ခွင့်ပြုချက်ရမှသာ ကိုင်ဆောင်ခွင့်ရှိပါသည်။ အလားတူ ဆက်သွယ်ရေးစက်များကိုလည်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ ကိုင်ဆောင်ခွင့်လိုင်စင်လျှောက်ထား၍ လိုင်စင်ရရှိမှသာ ကိုင်ဆောင်ခွင့်ရှိပါသည်။ လိုင်စင်မဲ့ စီးနင်း၊ကိုင်ဆောင်လျက်ရှိသော ယာဉ်၊ လက်နက်၊ခဲယမ်း၊ ဆက်စပ်ပစ္စည်းများနှင့် တရားမဝင် ဆက်သွယ်ရေးပစ္စည်းများအား မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အစဉ်တစိုက် စုံစမ်းဖော်ထုတ်အရေးယူလျက်ရှိရာ အောက်တိုဘာ ၁၅ ရက် ညနေတွင် နေပြည်တော်မှရန်ကုန်သို့ MNA လေကြောင်းလိုင်းဖြင့်လိုက်ပါမည့် ခရီးသည်သုံးဦး၏ ခရီးဆောင်အိတ်များအတွင်းမှ ပစ္စတိုနှစ်လက်၊ ခဲယမ်းများ၊ ဆက်သွယ်ရေးစက်သုံးလုံးနှင့် ဆက်စပ်ပစ္စည်းများကို စစ်ဆေးတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။ ဆက်လက်၍ နေပြည်တော်နှင့်ရန်ကုန်ရှိ ၎င်းတို့နေသည့် နေရာများအား စစ်ဆေးရှာဖွေခဲ့ရာ နေပြည်တော်လေဆိပ်တွင် ဖမ်းဆီးရမိခဲ့သည့် အရေအတွက်အပါအဝင် စုစုပေါင်း ပစ္စတိုသေနတ် ၁၃ လက်၊ ရိုင်ဖယ်သေနတ်ခြောက်လက်၊ Gas ဖြင့် ဘောစေ့ထည့်ပစ်ခတ်သော ရိုင်ဖယ်တစ်လက်၊ ပစ္စတိုသုံးလက်၊ ဆက်သွယ်ရေးစက် ၃၄ လုံး၊ ခဲယမ်းများအပါအဝင် ဆက်စပ်ပစ္စည်းများနှင့် လိုင်စင်မဲ့ယာဉ်တစ်စီးကို သိမ်းဆည်းရမိခဲ့၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပြီး ဆက်စပ်တရားခံများကိုလည်း ဆက်လက်ဖော်ထုတ်ဖမ်းဆီးအရေးယူလျက်ရှိပါသည်။

တရားမဝင်လိုင်စင်မဲ့ လက်နက်ကိုင်ဆောင်မှုများနှင့် ပတ်သက်၍ ၁၈၇၈ ခုနှစ် လက်နက်များ အက်ဥပဒေ ပုဒ်မ ၁၉ အရ အလုပ်ကြမ်းနှင့်ထောင်ဒဏ်သုံးနှစ်ထက်မနည်း ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားပြီး အလားတူ ၁၉၅၁ ခုနှစ် လက်နက်များ(ယာယီ)ပြင်ဆင်ချက် အက်ဥပဒေပုဒ်မ ၁၉-က အရ အလုပ်ကြမ်းနှင့်ထောင်ဒဏ် သုံးနှစ်ထက်မနည်း ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ၂၀၁၃ ခုနှစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၇ အရ ဆက်သွယ်ရေးစက်များကို လိုင်စင်မရှိဘဲ တရားမဝင် ကိုင်ဆောင်လက်ဝယ်ထားရှိ(သို့မဟုတ်) အသုံးပြုပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ၂၀၁၂ ခုနှစ် ပို့ကုန်/သွင်းကုန် ဥပဒေပုဒ်မ ၈ အရ မော်တော်ယာဉ်များကို လိုင်စင်မရှိဘဲ တရားမဝင် လက်ဝယ်ထားရှိ(သို့မဟုတ်) အသုံးပြုပါက သုံးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

သို့ဖြစ်၍ တရားမဝင် လက်ဝယ်ထားရှိသော လက်နက်၊ ခဲယမ်းများ၊ ဆက်သွယ်ရေးစက်များ၊ လိုင်စင်မဲ့ယာဉ်များအား နီးစပ်ရာ တပ်၊ ရဲစခန်းများ၊ ရဲတပ်ဖွဲ့မှူးရုံးများသို့ အမြန်ဆုံးလာရောက်အပ်နှံကြပါရန်နှင့် လာရောက်အပ်နှံခြင်းမပြုဘဲ လက်ဝယ်ထားရှိကြောင်း စုံစမ်းဖော်ထုတ်ရရှိပါက တရားဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**(ပြည်ထဲရေးဝန်ကြီးဌာန)**

❖

## ထန်တလန်မြို့၌ ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ ဘာသာပေါင်းစုံဆုတောင်းပွဲပြုလုပ်



**ထန်တလန် အောက်တိုဘာ ၁၈**
ပြည်ထောင်စုကြီးငြိမ်းချမ်းစေရန် ဘာသာပေါင်းစုံ ဆုတောင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၁၇ ရက် ညနေ ၆ နာရီက ချင်းပြည်နယ် ထန်တလန်မြို့ မြို့နယ်ခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်က အမှာစကားပြောကြားပြီး ခရစ်ယာန်ဂိုဏ်းပေါင်းစုံကိုယ်စား သိက္ခာတော်ရဆရာတော် ဇအိပ်နှင့် ထေရဝါဒဗုဒ္ဓဘာသာသာသနာပြု ဗဟိုကျောင်းဆရာတော် ဦးဝါသမတို့က မေတ္တာစကားပြောကြားခြင်း၊ဆုတောင်းပေးခြင်းများဆောင်ရွက်ပေးခဲ့ပြီး နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများ၊ဌာနဆိုင်ရာများက လျှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကာ ဖယောင်းတိုင်မီးထွန်းညှိ၍ ဆုတောင်းမေတ္တာပို့သခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာများ၊နိုင်ငံရေးပါတီများ၊အသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စုစုပေါင်း ၂၅၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံဆုတောင်းပွဲ သထုံ၌ပြုလုပ်

**သထုံ အောက်တိုဘာ ၁၈**
မွန်ပြည်နယ် သထုံမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဦးဆောင်ကာ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံဆုတောင်းပွဲကို အောက်တိုဘာ ၁၇ ရက် ညနေ ၆ နာရီက သထုံမြို့ အောက်ကျင်းရပ်ကွက်ရှိ သုဝဏ္ဏခန်းမ၌ ပြုလုပ်သည်။

ဆုတောင်းပွဲတွင် တက်ရောက်လာကြသူများက နိုင်ငံတော်သီချင်းကို သံပြိုင်သီဆို၍ နိုင်ငံတော်အလံအား အလေးပြုကြပြီး နိုင်ငံတော်ကြီးငြိမ်းချမ်းရေးအတွက် ဗုဒ္ဓဘာသာဝင်များကိုယ်စား မြို့နယ်ဘာသာပေါင်းစုံညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းဟိန်းက လည်းကောင်း၊ အစ္စလာမ်ဘာသာဝင်များကိုယ်စား သုဝဏ္ဏဝတီမြို့ ဂျာမေဗလီရှေ့ဆောင်ဆရာတော် မော်လနာဘရှီးက လည်းကောင်း၊ ခရစ်ယာန်ဘာသာဝင်များကိုယ်စား သထုံမြန်မာနှစ်ခြင်းအသင်းတော် သင်းအုပ်ဆရာ ဦးအေးမင်းထွန်းက လည်းကောင်း၊ ဟိန္ဒူဘာသာဝင်များကိုယ်စား ပရောဟိတ်ဆရာ ဦးထွန်းအေးက လည်းကောင်း သက်ဆိုင်ရာ ငြိမ်းချမ်းရေး ဆုတောင်းစကားများကိုပြောကြားကာ တက်ရောက်လာသူများက ဖယောင်းတိုင်မီးထွန်း၍ သက်ဆိုင်ရာဘာသာအလိုက် တစ်မိနစ်ငြိမ်သက်ပြီး ငြိမ်းချမ်းရေး ဆုတောင်းခဲ့ကြသည်။

ဆုတောင်းပွဲသို့ သထုံမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်ပါတီအလုပ်အမှုဆောင်များနှင့် ပါတီဝင်များ၊ သက်ဆိုင်ရာဘာသာအလိုက် ဘာသာရေးခေါင်းဆောင်များနှင့် ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၁၀၀၀ နီးပါးခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

## မောင်တောဒေသတွင် ဆက်သွယ်ရေးတာဝါတိုင်များတည်ဆောက်မှု ရက် ၅၀ အတွင်းပြီးစီးမည်ဖြစ်ပြီး ၈၀ ရာခိုင်နှုန်းအထိ လွှမ်းခြုံနိုင်မည်

**မောင်တော အောက်တိုဘာ ၁၈**
မောင်တောခရိုင်အတွင်းရှိ ငါးခူရကျေးရွာ၊ ခုံတိုင်ကျေးရွာ၊ ပန်းတောပြင်ကျေးရွာတို့တွင် MPT ဆက်သွယ်ရေးတာဝါတိုင်များ တည်ဆောက်မှုကို ယခုလအတွင်း စတင်ဆောင်ရွက်မည်ဖြစ်ပြီး ရက် ၅၀ အတွင်း အပြီးတည်ဆောက်ကာ ဆက်သွယ်ရေးကွန်ရက် ၈၀ ရာခိုင်နှုန်းအထိ လွှမ်းခြုံနိုင်မည်ဟု ရခိုင်ပြည်နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ကြီးကြပ်ရေးမှူး ဦးစောစံထွေးက ပြောသည်။

ဆက်သွယ်ရေး တာဝါတိုင်များ တည်ဆောက်ရန် မြေနေရာရရှိရေးအတွက် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် မြေပြင်ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး မကြာမီကာလအတွင်း အပြီးတည်ဆောက်မည်ဖြစ်ကာ ဆက်သွယ်ရေးလိုင်းအား ပိုမိုကောင်းမွန်စေရန်အတွက်လည်း အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

"မောင်တောမှာ မြောက်ပိုင်းကတော့ တာဝါတိုင် နည်းတယ်။ တချို့နေရာတွေမှာ ဆက်သွယ်ရေးဂြိုဟ်တုကနေယူထားတယ်။ အဲဒီဆက်သွယ်ရေးဂြိုဟ်တုတွေက သိပ်ပြီးအများကြီးသုံးလို့မရဘူး။ အခု ငါးခူရ၊ ခုံတိုင်တို့ဘက်မှာ တည်ဆောက်နေတာ ပြီးသွားရင် အဲဒီဘက်လမ်းကြောင်းတွေအားလုံး ကောင်းမွန်သွားမှာပါ။ အရင်က မိုက်ကရိုလင့်ကို အရေးပေါ်တည်ဆောက်ခဲ့ရတာဖြစ်ပြီး ဒီမှာတောင်တွေက အတော်မြင့်တော့ တဖြည်းဖြည်းနဲ့ မိုက်ကရိုလင့်တွေနဲ့ အစားထိုးပြုပြင်ပြီးတော့ အကောင်းဆုံးဖြစ်အောင် လုပ်နေရပါတယ်"ဟု ဦးစောစံထွေးက ပြောသည်။

မောင်တောဒေသရှိ တာဝါတိုင်များအနက် တာဝါတိုင်တစ်ခုတည်းတွင် MPTနှင့် တယ်လီနော နှစ်လိုင်းလွှင့်လျက်ရှိသည့် တာဝါတိုင်နှစ်ခုရှိပြီး အများစုမှာ MPT တစ်လိုင်းတည်းသာ လွှင့်လျက်ရှိသည်။ ယခုတည်ဆောက်နေသည့် MPT တာဝါတိုင်များကိုလည်း မြန်မာ့ဆက်သွယ်ရေးက ကြီးကြပ်ကာ Huawei ကုမ္ပဏီကို တည်ဆောက်ခွင့်ပြုထားကြောင်း သိရသည်။

လက်ရှိတွင် မောင်တောဒေသ၌ GSM တာဝါတိုင် ၃၄ တိုင်ရှိပြီး ဆက်သွယ်ရေးပိုမိုကောင်းမွန်စေရေးအတွက် GSM တာဝါတိုင် ၂၂ ခုကို အောက်တိုဘာလကုန်ပိုင်းတွင် ထပ်မံတည်ဆောက်သွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရသည်။

**သန့်ဇင်ဝင်း၊ နိုင်လင်းကြည်**

## အင်းတော်မြို့၌ ဘာသာပေါင်းစုံဆုတောင်းမေတ္တာပို့သပွဲပြုလုပ်

**အင်းတော် အောက်တိုဘာ ၁၈**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဦးဆောင်ကျင်းပသည့် ဘာသာပေါင်းစုံ ဆုတောင်းမေတ္တာပို့သပွဲကို အင်းတော်မြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ အောက်တိုဘာ ၁၇ ရက် ညနေ ၅ နာရီတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် နိုင်ငံတော်အလံအား အလေးပြုပြီး ဆုတောင်းမေတ္တာပို့သပွဲ ပြုလုပ်ရခြင်းအကြောင်းကို ဦးညဏ်က ပြောကြားခဲ့ကာ ဗုဒ္ဓဘာသာဝင်များကိုယ်စား အင်းတော်မြို့နယ် နန်းကင်းကျောင်းဆရာတော် ဦးဝါယမိန္ဒက ဆုတောင်းမေတ္တာပို့သခြင်း၊ ခရစ်ယာန်ဘာသာဝင်များကိုယ်စား ဦးနော်ဆမ်က ဆုတောင်းမေတ္တာပို့သခြင်း၊ အစ္စလာမ်ဘာသာဝင်များကိုယ်စား မော်လဝီဦးအောင်မင်းနိုင်က ဆုတောင်းမေတ္တာပို့သခြင်းနှင့်အားလုံး၏ကိုယ်စား ဦးသန်းအောင်က အမိမြန်မာနိုင်ငံတော်ကြီး ထာဝစဉ်ငြိမ်းချမ်းစေရန် ဆုတောင်းမေတ္တာပို့သခဲ့ကြကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ဒီပါဝလီပွဲတော် အထိမ်းအမှတ်အခမ်းအနား တာချီလိတ်၌ ပျော်ရွှင်စွာကျင်းပ

**တာချီလိတ် အောက်တိုဘာ ၁၈**

ဂေါ်ရခါးလူမျိုးများ၏ ပွဲတော်များအနက်မှ ရိုးရာယဉ်ကျေးမှု ဒီပါဝလီပွဲတော် အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီက တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရှိ အောင်မြတ်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တက်ရောက်လာသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်နှင့် တာချီလိတ်မြို့ ဂေါ်ရခါးဟိန္ဒူမမ္မအဖွဲ့၏ အကြံပေးပုဂ္ဂိုလ် ဦးဆူရာပါချ်တို့က ရိုးရာဆီမီးထွန်းညှိပူဇော်သည်။ ယင်းနောက် ရှမ်းပြည်နယ် ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရွှန်တစ်လုံနှင့် စစ်ဗျူဟာအဖွဲ့(အခြေချ)တာချီလိတ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးအေးမင်းဦးတို့က နှုတ်ခွန်းဆက်စကား ပြောကြားကာ တာချီလိတ်မြို့ ဂေါ်ရခါးဟိန္ဒူမမ္မအဖွဲ့မှ ဥက္ကဋ္ဌ ဦးတင်ရွှေ၊ ဒုတိယဥက္ကဋ္ဌ ဦးအင်ဒရာဂျစ်နှင့် တွဲဖက်အတွင်းရေးမှူး ဒေါက်တာဂျီဝမ်းတို့က ဒီပါဝလီပွဲတော်အကြောင်းနှင့် ကျေးဇူးတင်စကားများ ပြောကြားသည်။

အဆိုပါ ဒီပါဝလီပွဲတော်အား ဒီပါ၏ အဓိပ္ပာယ်မှာ အလင်းရောင်ဖြစ်ပြီး၊ ဝလီ၏ အဓိပ္ပာယ်မှာ အများအပြားဟု ဆိုလိုခြင်းဖြစ်ကြောင်း၊ အမှောင်ထုအပေါ် အလင်းရောင်က ဖြိုခွင်းလင်းလက် ဖောက်ထွင်းနိုင်မှု၊ မကောင်းမှုအပေါ် ကောင်းမှုက အောင်ပွဲခံမှု၊ မသိတရားအပေါ် အသိတရားက ဩဇာသက်ရောက်မှုစသည်ဖြင့် ကောင်းခြင်းမင်္ဂလာအဖြာဖြာကို ကိုယ်စားပြုကျင်းပသည့် ဂေါ်ရခါးလူမျိုးများ၏တစ်ခုတည်းသော ပွဲတော်လည်းဖြစ်ကြောင်း၊ ဒီပါဝလီပွဲတော်ကို ပထမရက်၊ ဒုတိယရက်၊ တတိယရက်ဟူ၍ သုံးရက်ကျင်းပလေ့ရှိကာ နောက်ဆုံးနေ့ကို ဘိုင်တီးကားဟု ခေါ်ဝေါ်ကြောင်း၊ အဝေးရောက်နေကြသည့် ညီအစ်ကို မောင်နှမများဆုံတွေ့ကြပြီး ညီအစ်မများက ညီအစ်ကိုများ၏ နဖူးပေါ်တွင် တီးကားလိမ်းပေးသောကြောင့် ဘိုင်တီးကားဟုခေါ်ခြင်းဖြစ်ကြောင်း၊ ပွဲတော်ရက်များအတွင်း မိသားစုများစုစည်း၍ ရိုးရာအစားအစာများ ချက်ပြုတ်စားသောက်ကာ ညအချိန်၌ ဂေါ်ရခါးလူမျိုး မောင်မယ်များက တစ်အိမ်ဝင်တစ်အိမ်ထွက် ယဉ်ကျေးမှု အဆိုအတီးများဖြင့် ကပြဖျော်ဖြေပြီး ဆုတောင်းမေတ္တာ ပို့သခြင်းနှင့် အလှူအတန်းများလည်း လှူဒါန်းပြုလုပ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**ဝေယံလင်း(မြန်/ဆက်)**



# နေပြည်တော်လေဆိပ်၌ လက်နက်များ၊ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိဖြစ်စဉ်မှ နောက်ဆက်တွဲအဖြစ် လက်နက်များ၊ ဆက်သွယ်ရေးစက်များနှင့် Drone များ ထပ်မံသိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၈**

နေပြည်တော်လေဆိပ်၌ လက်နက်များ၊ မူးယစ်ဆေးဝါးများနှင့်အတူ ဦးဖြိုးကိုကိုတင့်ဆန်းအပါအဝင် သုံးဦးအား ဖမ်းဆီးရမိပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဦးဖြိုးကိုကိုတင့်ဆန်းပိုင် နေပြည်တော်ရှိ ACE ဟိုတယ်နှင့် ရန်ကုန်မြို့ရှိ ACE ရုံးတို့ကို ဝင်ရောက်ရှာဖွေရာ National Security Council (NSC/NSA) တံဆိပ်များ ကပ်ထားသည့် ကားများနှင့် SWAT တံဆိပ်ပါ ကျည်ကာအကျႌများ၊ လက်နက်များ၊ ဆက်သွယ်ရေးစက်များနှင့် Drone များ ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဦးဖြိုးကိုကိုတင့်ဆန်းနှင့် ၎င်းပိုင် ACE ကုမ္ပဏီရုံးအဖွဲ့မှ ဇော်ဝင်းထိုက်နှင့် ရဲမင်းဆွေတို့ကို နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အောက်တိုဘာ ၁၅ ရက်က ပစ္စတိုသေနတ် နှစ်လက်၊ မူးယစ်ဆေးဝါးတို့နှင့်အတူ စတင်ဖမ်းဆီးရမိခဲ့ပြီး ၎င်းပိုင် ACE ဟိုတယ်မှအခန်းအား ဆက်လက်ရှာဖွေရာ ပစ္စတိုသေနတ် ကိုးလက်ကို ကျည်ဆန်များနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ယင်းနောက် သာကေတမြို့နယ်ရှိ ACE ကုမ္ပဏီရုံးမှ ပစ္စတိုသေနတ်နှစ်လက်နှင့် ကျည်များ၊ သံဘောစေ့ ထည့်ပစ်ရသည့် သေနတ် အတိုတစ်လက်နှင့် လက်ကိုင်စကားပြောစက်တို့ကို ဖမ်းဆီးရမိခဲ့ပြီး နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ACE ဟိုတယ်၌ ထပ်မံရှာဖွေရာ ဝှက်ထားသည့် ပစ္စတိုသေနတ် လေးလက်၊ M-21 တစ်လက်၊ M-16 ပုံပြောင်း လေးလက်၊ လက်ကိုင်ဆက်သွယ်ရေးစက် ၁၉ လုံး၊ Drone ခုနစ်စင်းတို့ကို ကျည်ဆန်များနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ဦးဖြိုးကိုကိုတင့်ဆန်းထံမှ ဖမ်းမိထားသည့် သေနတ် အတိုအရှည် စုစုပေါင်း အလက် ၂၀ ကျော်ရှိပြီဖြစ်ပြီး အမှုနှင့်ပတ်သက်သည့် လူပုဂ္ဂိုလ် ၁၂ ဦးကိုလည်း ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**







# စစ်တောင်းမြစ်ကမ်းပါးများ ပြိုကျ၍ လူနေအိမ် ၁၁ လုံး အရေးပေါ်ပြောင်းရွှေ့



**ရေတာရှည် အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့အရှေ့ဘက် ငါးမိုင်ခန့်အကွာရှိ ရွှေကဇောင်းကျေးရွာသည် စစ်တောင်းမြစ်ရေ ကာလရှည်ရေဝင်ရောက်ခဲ့ပြီးနောက် မြစ်ကမ်းပါးများ ပြိုကျလျက်ရှိရာ မြစ်ရေတားတမံနှင့် စစ်တောင်းမြစ်အကြားရှိ လူနေအိမ်များ အောက်တိုဘာ ၁၇ ရက်မှစတင်ပြီး အရေးပေါ်ပြောင်းရွှေ့လျက်ရှိရာ ယနေ့အထိ လူနေအိမ် ၁၁ လုံးရှိသွားပြီဖြစ်ကြောင်း သိရသည်။ ရွှေကဇောင်းကျေးရွာသည် မြစ်ရေဦးတိုက်တည့်တည့်တွင် တည်ရှိပြီး မြစ်တာတမံအပြင်ဘက်တွင် လူနေအိမ်ခြေ ၇၀ ကျော်ရှိရာမှ နှစ်စဉ်လိုလို ရေဘေးကြုံတွေ့ကြရသည့်အတွက် လူနေအိမ်များရွှေ့ပြောင်းခဲ့ကြရာ အိမ်ခြေပေါင်း လေးဆယ်ကျော်သွားပြီဖြစ်ကြောင်း ဒေသခံများက ပြောသည်။

“မြစ်ရေကခဏခဏတက်နေတော့ ကမ်းပါးတွေက ပြိုတာအလွန်မြန်တယ်။ မြစ်ကမ်းနဲ့ နီးတဲ့အိမ်တွေဆို မနေရဲကြတော့ဘူး။ မြေနေရာကလည်း မရှိတော့ ဆွေမျိုးသားချင်းတွေရှိတဲ့ ကွက်သစ်ပိုင်းကို ရွှေ့နေကြရတယ်”ဟု ရွှေကဇောင်းကျေးရွာ ဒေသခံတစ်ဦးက ပြောသည်။ “မနေ့ကရွှေ့တာ အိမ်ခြေရှစ်လုံးပေါ့။ ကမ်းတွေပြိုလာတော့ မနေရဲကြတော့တာ။ ဒီကနေ့လည်း ထပ်ရွှေ့တဲ့အိမ်တွေ ရှိတယ်လို့တော့ ကျေးရွာအုပ်ချုပ်ရေးမှူးက သတင်းပို့တာရှိပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်နဲ့ ရေဘေးသင့်တဲ့ သူတွေဆီကို ထောက်ပံ့ကြေးတွေ အခုရက်ပိုင်းအတွင်း ထောက်ပံ့ပေးဖို့ရှိပါတယ်”ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်က ပြောသည်။

စစ်တောင်းမြစ်ရေကာလရှည်မြင့်တက်မှုကြောင့် ရေတာရှည်မြို့နယ်အတွင်းရှိ ရဲကုန်း၊ ကြာအင်းကုန်း၊ ကက္ကူ၊ ဝဲဒေါင့်၊ သာဂရ၊ ကွမ်းအုံ၊ မိချောင်းအိုင်၊ ဒိုးတန်း၊ ဆင်ဝှေ၊ ကဲလင်းဆိပ်၊ ကျွဲရိုင်းပြင်၊ ဘုရားကုန်း၊ ငါးကြီးကွေ့ ကျေးရွာအုပ်စုများရှိ သီးနှံစိုက်ဧကပေါင်း ၃၈၀၂ ဧက ရေလွှမ်းခဲ့ပြီး ၂၀၃၈ ဧက ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ၂၀၁၇ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပဉ္စမပွဲစဉ် မြိတ်ဂေါက်ကွင်း၌ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၈**

မြန်မာနိုင်ငံတွင် ထူးချွန်သောဂေါက်သီးအားကစားသမားများပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ KBZ Bank က အဓိကကူညီပံ့ပိုးသည့် ၂၀၁၇ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပဉ္စမပွဲစဉ်အဖြစ် မြိတ်မြို့ မြိတ်ဂေါက်ကွင်း၌ နိုဝင်ဘာ ၂ ရက်မှ ၅ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် Professional အဆင့်၊ ဝါသနာရှင်အဆင့်များတွင် အမျိုးသား (H'cap 0-12)၊ အမျိုးသမီး (H'cap 0-18)အဆင့်များ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ဦးရေကန့်သတ်ထားသည်။ အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူး ဂေါက်စည်းမျဉ်းများအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးအားကစားသမားများသည် အောက်တိုဘာ ၃၀ ရက် မွန်းတည့် ၁၂ နာရီနောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေးနှင့်အတူ အမည်စာရင်းအား မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဖုန်း-၀၉-၉၆၂၀၄၀၀၅၂၊ ၀၉-၇၇၉၈၄၆၇၆၁ တို့သို့ စာရင်းပေးသွင်းနိုင်ပြီး အမည်စာရင်းပေးသွင်းထားသော ပြိုင်ပွဲဝင်အားကစားသမားများသည် Official Practice Round အဖြစ် အောက်တိုဘာ ၃၁ ရက်နှင့် နိုဝင်ဘာ ၁ ရက် တို့တွင် ကွင်းပတ်လေ့ကျင့်နိုင်သည်။ ပြိုင်ပွဲဝင်ကြေးများအဖြစ် Professional အဆင့်ငွေကျပ် ၃၀၀၀၀၊ ဝါသနာရှင်အဆင့်များအတွက် ငွေကျပ် ၁၀၀၀၀ သတ်မှတ်ထားသည်။

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ ပြိုင်ပွဲဝင်အားကစားသမားများ၏ အမည်စာရင်းပေးသွင်းမှုအပေါ် မူတည်ပြီး ရန်ကုန်- မြိတ်ခရီးစဉ် (အသွား/အပြန်) Player Bus များ စီစဉ်ပေးမည်ဖြစ်ပြီး အောက်တိုဘာ ၂၉ ရက်တွင် မြန်မာဂေါက်ကလပ်(၉)မိုင်မှ စတင်ထွက်ခွာမည်ဖြစ်သည်။ ကားခအနေဖြင့် ပြိုင်ပွဲဝင်အားကစားသမားများအတွက် အခမဲ့ဖြစ်သည်။ ၎င်းအတွက် အမည်စာရင်းအား အောက်တိုဘာ ၂၃ ရက် နောက်ဆုံးထားပေးသွင်းရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ကြေး အချိန်မီပေးသွင်းနိုင်ခြင်းမရှိသူများကို အတွဲဇယားတွင် ထည့်သွင်းရေးဆွဲမည်မဟုတ်ကြောင်း၊ အမည်စာရင်းပေးသွင်းထားပြီး အကြောင်းအမျိုးမျိုးကြောင့် ပြိုင်ပွဲမဝင်ဖြစ်ပါက ပြိုင်ပွဲကျင်းပရေးကော်မတီထံ အချိန်မီ အကြောင်းကြားရန်နှင့် ထိုသို့အကြောင်းမကြားသူများသည် နောက်ပွဲစဉ်များတွင် ပြိုင်ပွဲဝင်ခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။ **(ကြေးမုံ)**

# မြန်မာနိုင်ငံသည် သံဓာတ်ချို့တဲ့မှုဖြစ်ပွားသည့် နိုင်ငံများတွင် ပဉ္စမမြောက် အဆင့်တွင်ရှိနေ

**ရန်ကုန် အောက်တိုဘာ ၁၈**

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများ၌ အာဟာရချို့တဲ့မှုနှုန်း အမြင့်မားဆုံးနိုင်ငံများတွင် တတိယမြောက်နိုင်ငံအဖြစ်ပါဝင်နေပြီး သံဓာတ်ချို့တဲ့မှုကြောင့် ဖြစ်ပွားသည့် သွေးအားနည်းရောဂါကြောင့် ကျန်းမာရေးချို့တဲ့မှုဖြစ်ပွားမှုနှုန်းသည် ပဉ္စမမြောက်နေရာတွင် ရှိနေသည်။ ထို့အတွက် သံဓာတ်ပြည့်ဝသည့် အစားအစာများကို မျှတစွာစားသုံးရန် လိုအပ်ကြောင်း အောက်တိုဘာ ၁၆ ရက်က ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာတွင် ကမ္ဘာ့စားနပ်ရိက္ခာနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြုလုပ်သည့် မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသော သံဓာတ်ချို့တဲ့မှုအကြောင်း ဆွေးနွေးပွဲစကားဝိုင်းမှ သိရသည်။

"သံဓာတ်ဟာ လူတိုင်းအတွက် အရေးကြီးပါတယ်။ ကျောင်း၊ လုပ်ငန်းခွင် စတာတွေမှာ လုပ်ဆောင်ရည်မြင့်တက်ပြီး လုပ်ငန်းဆောင်တာတွေ အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ဖို့အတွက်လည်း အထောက်အကူပြုပါတယ်။ မိသားစုတွေအနေနဲ့လည်း သံဓာတ်ပြည့်ဝတဲ့ အစားအစာတွေစားဖို့ စားသောက်မှုပုံစံတွေကို ကောင်းစွာ နားလည်သဘောပေါက်ပြီး အလျင်အမြန် ပြုပြင်ကြဖို့ လိုပါတယ်" ဟု ဒေါက်တာခင်မာချိုက ပြောသည်။

သံဓာတ်သည် လူ့ခန္ဓာကိုယ်အတွက် မရှိမဖြစ် လိုအပ်သော သတ္တုဓာတ်တစ်မျိုးဖြစ်ပြီး ဇီဝကမ္မဖြစ်စဉ်များအတွင်း အလွန်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားလျက်ရှိကာ ပင်မလုပ်ဆောင်ချက်မှာ ခန္ဓာကိုယ်အတွင်းသို့ အောက်ဆီဂျင် ပို့ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

သံဓာတ်ချို့တဲ့ရခြင်းမှာ နေ့စဉ်စားသုံးသော အစားအစာများတွင် သံဓာတ်ပါဝင်မှုနည်းပါးခြင်း၊ ကိုယ်ဝန်ဆောင်ခြင်း၊ အမျိုးသမီး လစဉ်ခမ္မတာလာခြင်းကြောင့် သွေးဆုံးရှုံးခြင်း၊ အစာအိမ်မှ သံဓာတ်စုပ်ယူနိုင်စွမ်းကျဆင်းခြင်းတို့ကြောင့်ဖြစ်ပြီး မွေးကင်းစ သို့မဟုတ် ကလေးငယ်အရွယ်ဖြစ်စေ၊ လူငယ် သို့မဟုတ် လူကြီးဖြစ်စေ မည်သည့်အသက်အပိုင်းအခြားမဆို သံဓာတ်ချို့တဲ့မှုကြောင့် သွေးအားနည်းရောဂါဖြစ်ပွားနိုင်ကြောင်း သိရသည်။




သံဓာတ်ချို့တဲ့ပါက အလိုအလျောက် နွမ်းနယ်ခြင်း၊ ခုခံအားကျ၍ မကြာခဏ ဖျားခြင်း၊ အာရုံစူးစိုက်မရခြင်း၊ မူးဝေခြင်း၊ အောက်မျက်ခမ်းနှင့် လျှာသွေးဆုတ်ဖြူရော်ခြင်း၊ ဆံပင်နှင့် လက်သည်းများ ကြွပ်ဆတ်ပျက်စီးခြင်း၊ သွေးအားနည်း၍ အသားအရေ ဖြူဖတ်ဖြူရော်ဖြစ်လာခြင်းတို့အပြင် ကလေးငယ်များတွင် သင်ယူနိုင်မှုစွမ်းရည်ကျဆင်းလာခြင်း၊ ကြီးထွားနှုန်းနှောင့်နှေးခြင်း စသည့် လက္ခဏာများဖြစ်ပေါ်နိုင်ပြီး သံဓာတ်ချို့တဲ့ခြင်းကြောင့် ဖြစ်ပွားသည့် သွေးအားနည်းရောဂါသည် လွယ်လင့်တကူ ကုစားနိုင်သော်လည်း နှလုံးခုန်နှုန်း မူမမှန်ခြင်းကြောင့် နှလုံးရပ်ပြီး အသက်သေဆုံးနိုင်သည်အထိ အန္တရာယ်ရှိကြောင်း သိရသည်။

"သံဓာတ်ပါတဲ့ အစားအသောက်တွေကို စားသုံးဖို့ ပျက်ကွက်ခြင်းဟာ ရုပ်ပိုင်းဆိုင်ရာနဲ့ စိတ်ပိုင်းဆိုင်ရာကို ထိခိုက်စေနိုင်ပါတယ်။ ရောဂါဖြစ်ပွားတဲ့အတွက် ငွေကုန်ကြေးကျများမယ်။ အသက်အန္တရာယ်ထိခိုက်နိုင်ပါတယ်။ ဒါကြောင့် ဂရုစိုက်ပြီးစားကြပါလို့ တိုက်တွန်းချင်ပါတယ်"ဟု ဒေါက်တာဝင်းဝင်းမြင့်က ပြောသည်။

သံဓာတ်ချို့တဲ့မှုကို နေ့စဉ်အာဟာရမျှတစွာ စားသုံးခြင်းဖြင့် ကာကွယ်နိုင်ပြီး သံဓာတ်ကြွယ်ဝသည့် အစားအစာများဖြစ်သည့် အနီရောင်ရှိသော အသားများနှင့် အသည်း၊ ဟင်းနုနယ်ရွက်၊ ကန်စွန်းရွက် အစရှိသော အစိမ်းရောင်ရှိသော ဟင်းသီးဟင်းရွက်များ၊ အစေ့အဆန်များ၊ ပဲအမျိုးမျိုး၊ ပင်လယ်စာများနှင့် ဗီတာမင်စီကြွယ်ဝသော အစားအစာများကို စားသုံးပေးရမည်ဖြစ်ပြီး သံဓာတ်ချို့တဲ့မှု ရောဂါလက္ခဏာများခံစားရပါက ကျွမ်းကျင်သော ပညာရှင်များ၏ စစ်ဆေးကုသမှုကိုခံယူရန်နှင့် ရောဂါမရှိသေးပါက ကြိုတင်ကာကွယ်ရန်လိုအပ်ကြောင်း သိရသည်။

"သံဓာတ်ချို့တဲ့နေတဲ့ အမျိုးသမီးတစ်ယောက်က ရောဂါကို ကောင်းစွာကုသမှုမရှိဘူးဆိုရင် ကလေးမွေးလာရင် မွေးလာတဲ့ကလေးမှာ အာဟာရချို့တဲ့နိုင်ပါတယ်။ လမစေ့ဘဲလည်း ကလေးမွေးနိုင်ပါတယ်။ အလေးချိန်မပြည့်တဲ့ ကလေးအဖြစ် မွေးဖွားလာနိုင်ပြီး ကလေးရဲ့ ဦးနှောက်ဖွံ့ဖြိုးမှုကိုပါ ထိခိုက်စေမှာဖြစ်ပါတယ်"ဟု ဒေါက်တာခင်မာချိုက ပြောသည်။

သံဓာတ်ချို့တဲ့မှုသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အများဆုံးဖြစ်ပွားပြီး အမျိုးသမီးများ၊ မွေးကင်းစကလေးများ၊ ကလေးငယ်များအတွက် အန္တရာယ်အရှိဆုံးဖြစ်သည်။ အသက်ငါးနှစ်အောက် ကလေးငယ်များ၏ ထက်ဝက်ကျော်သည် သံဓာတ်ချို့တဲ့လျက်ရှိပြီး ပုံမှန်ရှိရမည့် အရပ်ထက် ပုညက်သေးကွေးလျက်ရှိကာ ကလေးမွေးနိုင်သော အမျိုးသမီးအရွယ် သုံးဦးအနက် တစ်ဦးတွင် သံဓာတ်ချို့တဲ့မှုကြောင့်ဖြစ်ပွားသော သွေးအားနည်းရောဂါဖြစ်ပွားလျက်ရှိပြီး ကိုယ်ဝန်ဆောင်အမျိုးသမီးများကိုပါ ထည့်သွင်းရေတွက်မည်ဆိုပါက ရောဂါဖြစ်ပွားသူ ၅၀ ရာခိုင်နှုန်းခန့်အထိရှိမည်ဖြစ်ကြောင်း အဆိုပါစကားဝိုင်းမှ သိရသည်။

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသော သံဓာတ်ချို့တဲ့မှုခေါင်းစဉ်နှင့်စပ်လျဉ်းပြီး အပြည်ပြည်ဆိုင်ရာစိုက်ပျိုးရေး၊ အစားအစာနှင့် အာဟာရပညာရှင် (ကော်နယ်လ်တက္ကသိုလ်နယူးယောက်)မှ ဒေါက်တာခင်မာချို ဦးဆောင်ကာ အာဟာရပညာရှင် ဒေါက်တာဝင်းဝင်းမြင့် (MBBS,MSC, Nutrition-USA), M.AND (USD, M.SNDA-Singapore)နှင့်အတူ အနုပညာရှင်များဖြစ်ကြသော ချစ်သုဝေ၊ အိန္ဒြာကျော်ဇင်တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။

**သတင်း-သီသီမင်း**
**ဓာတ်ပုံ- ဇာနည်မောင်**

---

# စိုက်ပျိုးရေးအခြေခံတိုင်းပြည်အနေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မဖြစ်မနေဆောင်ရွက်ရမည်

**ရန်ကုန် အောက်တိုဘာ ၁၈**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော တိုင်းပြည်ဖြစ်သဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူ လုပ်ငန်းရှင်များနှင့် တောင်သူများက ပြောသည်။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကအရေးပါပြီး မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် အရည်အသွေးမီ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာသို့ တွန်းအားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများက သုံးသပ်သည်။



ယခုနှစ် ဧပြီ ၁ ရက်မှ လက်ရှိအချိန်အထိ ပြည်ပသို့ မြန်မာ့ဆန်တန်ချိန် ၁ ဒသမ ၄ သန်း တင်ပို့နိုင်ခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်တင်ပို့မှုမှာ စံချိန်တင်တင်ပို့နိုင်မှုဖြစ်လာနိုင်ကြောင်း လုပ်ငန်းရှင်များထံမှ သိရသည်။ အလားတူ လက်ရှိတွင် အချို့စိုက်ခင်းများ၌ ရိတ်သိမ်းချိန်ကာလ ရောက်ရှိနေပြီဖြစ်ပြီး ယခုနှစ် စပါးဈေးကောင်းလာမှုကြောင့် စပါးစိုက်တောင်သူများအတွက် အလားအလာကောင်းလျက်ရှိကြောင်း သိရသည်။

"ဒီနှစ် ဆန်တင်ပို့မှုက ပြည်ပကို တော်တော်လေး ပို့ထားနိုင်တဲ့အနေအထားဖြစ်နေတယ်။ ဆန်ဈေးကလည်း ပြည်တွင်းမှာ ကောင်းနေတယ်။ နောက်ပြီး စပါးဈေးကောင်းနေပြီးတော့ မန္တလေးအထိ တရုတ်ကုန်သည်တွေ ဆင်းဝယ်နေတာကလည်း စပါးဈေးကောင်းလို့ တောင်သူအကျိုးရှိပေမယ့် တစ်ဖက်က ဆန်စက်တွေ ရပ်တန့်သွားတာရှိသလို စပါးလက်ကျန်၊ ဆန်လက်ကျန်နည်းမှာကိုလည်း ချင့်ချိန်တွက်ဆရမယ်။ ဒါပေမယ့် အခု အချို့နေရာမှာ စတင်ရိတ်သိမ်းချိန်ဆိုတော့ အလားအလာကောင်းမယ်လို့ မျှော်လင့်ပါတယ်" ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ဆန်စပါးစိုက်ပျိုးထုတ်လုပ်ကာ ပြည်ပတင်ပို့နေသည့် လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

စပါးဈေးကောင်းလာပြီး ဆန်တင်ပို့မှုတွင်လည်း အလားအလာကောင်းများရှိနေသော်လည်း အရည်အသွေးမီဈေးကွက်ဝင်သော ဆန်များစိုက်ပျိုးထုတ်လုပ်နိုင်ပါက ပိုမိုတွက်ခြေကိုက်ကာ နိုင်ငံခြားဝင်ငွေများစွာ ရရှိမည်ဟု ကုန်သည်များက သုံးသပ်သည်။ ယင်းသို့ အရည်အသွေးမီဆန်များ စိုက်ပျိုးထုတ်လုပ်ရန်မှာ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်နိုင်ရန် လိုအပ်သကဲ့သို့ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ၊ အလေအလွင့်နည်းပါးစေရန် ခေတ်မီလယ်ယာသုံး စက်ကိရိယာများဖြင့် ရိတ်သိမ်းခြွေလှေ့ခြင်းများ၊ အခြောက်ခံစက်များ အသုံးပြုခြင်း၊ ခေတ်မီ အရည်အသွေးမြင့် ဆန်စက်ကြီးများဖြင့် ကြိတ်ခွဲထုတ်လုပ်ခြင်းတို့ လိုအပ်မည်ဖြစ်ပြီး ယင်းတို့ကို ရင်းနှီးမြှုပ်နှံနိုင်ရန်မှာ တောင်သူများအနေဖြင့် မတတ်နိုင်သော်လည်း စိုက်ပျိုးရေးအခြေခံကုမ္ပဏီကြီးများ၊ ဆန်စပါးအသင်းအဖွဲ့များက ထောက်ပံ့မှုများဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းများအပြင် နိုင်ငံတော်မှ ကူညီပံ့ပိုးမှုများ ပြုလုပ်ပေးပါက မြန်မာ့လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများက သုံးသပ်သည်။

"လယ်ယာလုပ်သား ရှားပါးလာတဲ့အခါ တစ်ဖက်ကလည်း စက်မှုလယ်ယာတွေကို အကောင်အထည်ဖော်ရင်းနဲ့ တန်ဖိုးမြင့် ထုတ်ကုန်တွေ ထုတ်လုပ်တင်ပို့နိုင်မယ်ဆိုရင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမှာပါ။ စိုက်ပျိုးရေးကို အခြေခံထားတဲ့ တိုင်းပြည်မှာ လယ်ယာကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုလုပ်ရပါမယ်။ တောင်သူတွေ စိုက်ပျိုးနိုင်အောင်၊ လယ်ယာသုံး စက်ကိရိယာတွေကို အသုံးပြုနိုင်အောင်၊ မျိုးကောင်းမျိုးသန့်တွေ ထုတ်လုပ်နိုင်အောင် လုပ်ပေးရပါမယ်"ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

တောင်သူများသည် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းရှိပြီး ဆက်စပ်ဆန်စက်လုပ်ငန်း လုပ်ကိုင်သူများက ငါးရာခိုင်နှုန်းရှိသည်။ ထို့ကြောင့် ယင်းကဏ္ဍ မြှင့်တင်ပေးနိုင်ခြင်းသည် လူမှုဘဝ အဆင့်အတန်းမြင့်မားအောင် မြှင့်တင်ပေးခြင်းပင်ဖြစ်သည်။

**သတင်း-ဝဝ၁**
**ဓာတ်ပုံ-ခင်မောင်ဝင်း**

---

# ဒုတိယဝန်ကြီး ဦးစိုးအောင် ဖိလစ်ပိုင်နိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်အား ဖိလစ်ပိုင်နိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ Senator Richard Gordon၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေနှင့် ဥက္ကဋ္ဌပါမောက္ခ ဒေါက်တာဒေါ်မြသူတို့အဖွဲ့သည် ယမန်နေ့ ညနေပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ကြက်ခြေနီလှုပ်ရှားမှုမှတစ်ဆင့် လူသားချင်းစာနာကူညီမှုလုပ်ငန်းများ ဆောင်ရွက်နေသည်ကို သိရှိထောက်ခံပါကြောင်း၊ အဆိုပါလှုပ်ရှားမှုအနေဖြင့် နေရပ်စွန့်ခွာရွှေ့ပြောင်းနေရသူများအား တစ်ပြေးညီ ထောက်ပံ့ပေးလျက်ရှိသည့်ကိစ္စများ၊ နိုင်ငံတော်အဆင့်နှင့် ဒေသခံအဆင့် ကြက်ခြေနီအဖွဲ့များ ပိုမိုခိုင်မာစေရေးကိစ္စများ၊ အခက်အခဲများ၊ စိန်ခေါ်မှုများကို နိုင်ငံတော်အစိုးရနှင့်ပူးပေါင်း၍ အဖြေရှာဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အသက်အိုးအိမ်စည်းစိမ်များကို ကယ်တင်၍ လူနေမှုဘဝတိုးတက်မြင့်မားစေရန် ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ လူငယ်များ၏ အင်အားကိုအသုံးပြု၍ အရေးပေါ်အခြေအနေတုံ့ပြန်နိုင်ရေးကိစ္စရပ်များ၊ ရခိုင်ပြည်နယ်မြောက်ပိုင်း ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ကူညီမည့်ကိစ္စရပ်များ၊ ကြက်ခြေနီအဖွဲ့အနေဖြင့် မြန်မာနိုင်ငံအားကူညီရန် အသင့်ရှိပါကြောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

---

# သတင်းအချက်အလက်သိရှိနိုင်ခွင့် ဆွေးနွေးပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၁၈**

ပြည်သူလူထုအတွင်း မှန်ကန်သောသတင်းအချက်အလက်များရရှိရေးနှင့် လူထုအသိပညာရရှိစေရန် ရည်ရွယ်၍ ရောင်စဉ်တန်းအဖွဲ့မှ ကြီးမှူးကျင်းပသော သတင်းအချက်အလက်ဆိုင်ရာ အခွင့်အရေးဆွေးနွေးပွဲကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (၆၂)လမ်းနှင့် မြဝတီမင်းကြီးလမ်းထောင့်ရှိ မန္တလေးခရိုင် Community Centre သင်တန်းခန်းမ၌ ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

ရောင်စဉ်တန်းအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းအောင်က သတင်းသိရှိနိုင်ခွင့်နှင့် ပတ်သက်သည့် နိုင်ငံတကာအတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် တက်ရောက်လာသူများနှင့်အတူ သတင်းသိနိုင်ခွင့် ဥပဒေ(မူကြမ်း)အား ဆွေးနွေးကြသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ခန္တီးမြို့နယ်ရှိ ထန်အီပန်းနှင့် ထန်အီစန်းလိုဏ်ဂူနှစ်ဂူနှင့် ဝန်းကျင်သစ်တောနယ်မြေကို သဘာဝနယ်မြေအဖြစ်သတ်မှတ်မည်ဆိုပါက ညှိနှိုင်းဆောင်ရွက်ရမည်

**ခန္တီး အောက်တိုဘာ ၁၈**

ခန္တီးမြို့နယ် လင်းဖားကျေးရွာအုပ်စု နန်ဖီးလင်းချောင်းနှင့် နန်အီထွန်းချောင်းနှစ်ခုအကြား စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ် နယ်စပ်အနီးတွင်ရှိသည့် ထန်အီပန်းနှင့် ထန်အီစန်းသဘာဝကျောက်လိုဏ်ဂူ နှစ်ခုအပါအဝင် ဝန်းကျင်ရှိ သစ်တောဧရိယာများကို သဘာဝနယ်မြေအဖြစ် သတ်မှတ်မည်ဆိုပါက အကန့်အသတ်ရှိနေသော ရတနာနယ်မြေဖြစ်နေသဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်သည်။

ခန္တီးမြို့နယ် အမှတ်(၂)မဲဆန္ဒနယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်ဝင်းက အောက်တိုဘာ ၁၆ ရက်က ပြုလုပ်သည့် ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒသမပုံမှန်အစည်းအဝေး စတုတ္ထနေ့ မေးမြန်းသော ထန်အီပန်းနှင့် ထန်အီစန်းလိုဏ်ဂူတို့အား ထိန်းသိမ်းစောင့်ရှောက်ပေးရန်အစီအစဉ်ရှိ၊ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်းမေးခွန်းကို ဦးကမ်ဇာမုံက ပြန် လည်ဖြေကြားခြင်းဖြစ်သည်။

"လိုဏ်ဂူနှစ်ခုဟာ ထမံသီ တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော မြောက်ဘက်နယ်နိမိတ်မှ ၁၀ မိုင်လောက် အကွာမှာ တည်ရှိပြီး ရတနာနယ်မြေသတ်မှတ်ဧရိယာ အတွင်းမှာ ကျရောက်နေပါတယ်။ အမြဲစိမ်းတော အမျိုးအစားဖုံးလွှမ်းနေပြီး သစ်ပင်တွေ ထူထပ်သိပ်သည်းပြီး ပေါက်နေတာ တွေ့ရပါတယ်။ ပယင်းမော်တွေ ရှိတဲ့ဘက်မှာ သဘာဝအနေအထား ပျောက်ကွယ်သွားပေမယ့်ထန်အီပန်းနဲ့ ထန်အီစန်းဂူ နှစ်ဂူဝန်းကျင်နဲ့ ဆက်စပ်ဧရိယာတွေမှာ ထိခိုက်မှုမရှိသလောက်ဖြစ်ပါတယ်။ ထမံသီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ကာကွယ်ထားတဲ့ ကျား၊ အာရှဆင်၊ ကျားသစ်၊ ဝက်ဝံ၊ ချေ၊ တောဝက်၊ ပြောင်၊ မျောက်လွဲကျော် အပါအဝင် နို့တိုက်သတ္တဝါမျိုးစိတ်ပေါင်း ၅၀ ကျော်၊ တောဘဲ၊ မန်ဒါလီ၊ ရေဗလုံစတဲ့ ရှားပါးငှက်မျိုးစိတ်တွေနဲ့ တွားသွားသတ္တဝါတွေ ကူးလူးနေထိုင်တဲ့ဒေသဖြစ်ပါတယ်။ ဒါ့အပြင် လင်းနို့ကောင်ရေအများအပြားနေထိုင်တဲ့လိုဏ်ဂူတွေဖြစ်တာကြောင့် ဇီဝမျိုးကွဲတွေ ကြွယ်ဝပါတယ်"ဟု တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံက ပြောကြားသည်။

တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ သက်ရှိသက်မဲ့ဖွဲ့စည်းမှုများ၊ ထင်ရှားသောပထဝီဝင်အနေအထားများရှိသည့်အတွက် ရေရှည်တည်တံ့စေရန် တောရိုင်းတိရစ္ဆာန်၊ သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး၊ ဥပဒေအရ သဘာဝနယ်မြေအဖြစ်သတ်မှတ်ပါက ရေရှည်တည်တံ့ရေးအတွက် ဥပဒေနှင့်အညီ ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ နန်ဖီးလင်းချောင်းနှင့် ချင်းတွင်းမြစ်ဆုံရာအနီး လင်းဖားကျေးရွာတွင် ရေချိုလိပ်မွေးမြူရေးစခန်းရှိနေရာ သဘာဝအခြေခံခရီးသွားလုပ်ငန်းအတွက် ဆက်စပ်လေ့လာစရာအဖြစ် အထောက်အကူကောင်းရှိနေသည်။ ထို့ပြင် ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်းရှိ တောရိုင်းတိရစ္ဆာန်များအတွက် လုံခြုံရေးအကာအကွယ် ပိုမိုကောင်းမွန်လာမည်ဖြစ်ခြင်းတို့ကြောင့် သဘာဝလိုဏ်ဂူနှစ်ခုအပါအဝင် ဝန်းကျင်ရှိ သဘာဝအတိုင်းရှိနေသေးသော သစ်တောဧရိယာများကို သဘာဝနယ်မြေအဖြစ် သတ်မှတ်၍ ထိန်းသိမ်းစောင့်ရှောက်နိုင်ပါကြောင်း ဦးကံဇာမုံက စတုတ္ထနေ့ လွှတ်တော်အစည်းအဝေးတွင် အကြံပြုတင်ပြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**






## လစဉ် ၂၁ ရက်မှစ၍ အီးပင်စင်ကတ်ဖြင့် အငြိမ်းစားလစာများ ထုတ်ယူနိုင်ပြီ

**နေပြည်တော် အောက်တိုဘာ ၁၈**

အငြိမ်းစားဝန်ထမ်းများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ်ဖွင့်ရက်များတွင် အီးပင်စင်ကတ်အသုံးပြု၍ ပင်စင်လစာများကို အလွယ်တကူထုတ်ယူနိုင်ပြီဖြစ်သည်။ အီးပင်စင်ကတ်အသုံးပြု၍ ပင်စင်လစာထုတ်ယူမည်ဆိုပါက ဘဏ်သို့ နှစ်ကြိမ်လာရောက်ရန်မလိုဘဲ လစဉ် ၂၁ ရက်မှစ၍ မိမိအဆင်ပြေမည့်နေ့တွင် ထုတ်ယူနိုင်မည်ဖြစ်သည်။

ထိုသို့ထုတ်ယူရာတွင် အောက်တိုဘာလအတွက် ထုတ်ယူမည်ဆိုပါက အဆိုပါလ၏ ၂၁ ရက်မှစ၍ နိုဝင်ဘာ ၂၀ ရက်အတွင်း ရုံးဖွင့်ရက်တိုင်းတွင် ထုတ်ယူနိုင်ပြီး တစ်လစာထုတ်ယူရရှိမည်ဖြစ်သည်။ နိုဝင်ဘာ ၂၁ ရက်တွင် သွားရောက်ထုတ်ယူပါက အောက်တိုဘာလနှင့် နိုဝင်ဘာလအတွက် နှစ်လစာ ထုတ်ယူရရှိမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

## ဝါးခယ်မမြို့နယ်ရှိ မြစိမ်းရောင်စီမံကိန်း ကျေးရွာများသို့ ရန်ပုံငွေပေးအပ်

**ဝါးခယ်မ အောက်တိုဘာ ၁၈။** ။၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ပွဲကို အောက်တိုဘာ ၁၇ ရက် နံနက် ၉ နာရီက ဝါးခယ်မမြို့နယ် ရွှေခယ်သီရိအားကစားခန်းမ၌ ကျင်းပခဲ့သည်။ တာဝန်ရှိသူများက မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ တစ်ယူနစ်လျှင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စုစုပေါင်း ကျေးရွာ ၂၀၊ ယူနစ် ၁၆ ယူနစ်အား ကျေးရွာကော်မတီဝင်များထံ လက်ဝယ်အရောက် လွှဲပြောင်းပေးအပ်ခဲ့သည်။ ဘဏ္ဍာနှစ် သုံးနှစ်တာကာလတွင် မြို့နယ်အတွင်း စုစုပေါင်း ကျေးရွာ ၉၂ ရွာ ယူနစ် ၈၇ ယူနစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စက်တင်ဘာလကုန်အထိ တရားမဝင်သတ္တုတူးဖော်မှု ၇၇ ကြိမ်အထိရှိခဲ့

**မုံရွာ အောက်တိုဘာ ၁၈**

၂၀၁၇ ခုနှစ် စက်တင်ဘာလကုန်အထိ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တရားမဝင်သတ္တုတူးဖော်မှုကို ၇၇ ကြိမ်အထိ ဖမ်းဆီးနိုင်ခဲ့ကြောင်း မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။ ယခုဖမ်းဆီးမှုများသည် ခွင့်ပြုပေးထားသည့် နေရာများမှ ကင်းလွတ်သည့်အခြားနေရာများတွင် တရားမဝင်သတ္တုတူးဖော်မှုကို ဝင်ရောက်လုပ်ကိုင်နေသည်များကို စိစစ်ဖော်ထုတ်ဖမ်းဆီးအရေးယူခဲ့ခြင်းဖြစ်သည်။

"တိုင်းဒေသကြီးအတွင်းမှာ မူခင်းဖြစ်ပွားမှုတွေကိုသုံးသပ်ပြီးတော့ တရားမဝင်သစ်မှောင်ခိုမှု၊ ကျွဲ၊ နွားမှောင်ခိုမှု၊ သတ္တုတူးဖော်မှုတွေနဲ့ လိုင်စင်မဲ့မော်တော်ယာဉ်တွေ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလုပ်ငန်းတွေအားလုံး အောင်မြင်ဖို့အတွက်ဆိုရင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေအပြင် ပြည်သူတွေကလည်း ယခုထက်ပူးပေါင်းပါဝင်လာကြမယ်ဆိုရင် လုပ်ငန်းအားလုံး ယခုထက်ပိုပြီးအောင်မြင်မှာပါ" ဟု တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တရားမဝင်သတ္တုတူးဖော်ဖမ်းဆီးမှုကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၂ ခုနှစ်တွင် ၇၈ ကြိမ်၊ ၂၀၁၃ ခုနှစ်တွင် ၇၆ ကြိမ်၊ ၂၀၁၄ ခုနှစ်တွင် ၄၂ ကြိမ်၊ ၂၀၁၅ ခုနှစ်တွင် ၆၆ ကြိမ်၊ ၂၀၁၆ ခုနှစ်တွင် ၅၄ ကြိမ်ကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ၂၀၁၇ ခုနှစ် နှစ်စမှ စက်တင်ဘာလကုန်အထိ တရားမဝင်သတ္တုတူးဖော်ဖမ်းဆီးမှု ၇၇ ကြိမ် ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ဆင်တောင်ထိပ်တွင် ဗိုလ်မှူးကြီးစည်သူလှအောင် အထိမ်းအမှတ်ကမ္ပည်းလွှာ စိုက်ထူ

**မန္တလေး အောက်တိုဘာ ၁၈**

တက္ကသိုလ်ခြေလျင်နှင့်တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမျိုးသန့် ဦးဆောင်၍ လက်ရွေးစင်တောင်တက်အဖွဲ့ဝင် ၆၀ ပါဝင်သော တောင်တက်အဖွဲ့သည် အောက်တိုဘာ ၃ ရက်မှ ၁၁ ရက်အထိ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်းရှိ ဆင်တောင်(အမြင့်ပေ ၆၀၂၀)၊ ရှမ်းပြည်နယ် ကလောမြို့နယ်အတွင်းရှိ မြင်းမထိတောင် (အမြင့်ပေ ၅၈၆၂ ပေ) နှင့် ပင်းတယမြို့နယ်အတွင်းရှိ ရှမ်းပြည်နယ်တောင်ပိုင်းမြေလတ်ဒေသ၏ အမြင့်ဆုံးတောင်ဖြစ်သည့် အရှေ့မြင်၊ အနောက်မြင်တောင် (အမြင့်ပေ ၇၇၅၂ ပေ)တို့သို့ အောင်မြင်စွာတက်ရောက်၍ နိုင်ငံတော်အလံနှင့် တောင်တက်အဖွဲ့အလံတို့ကို ဂုဏ်ယူစွာလွှင့်ထူနိုင်ခဲ့ကြောင်း သိရသည်။

တောင်တက်အဖွဲ့သည် ရောက်ရှိရာဒေသကျေးလက်တိုက်နယ်ဆေးခန်းများအတွက် ဆေးခန်းသုံးပစ္စည်းများ၊ တိုင်းရင်းသားကျေးရွာများရှိ လူငယ်ပရဟိတအသင်းများအတွက် ရန်ပုံငွေများ၊ နွမ်းပါးချို့တဲ့သူများအတွက် အဝတ်အထည်များနှင့် စမ္မစကူးလ်များအတွက် ငွေပဒေသာပင်လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံ ခြေလျင်တောင်တက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီး စည်သူလှအောင်သည် ၁၉၆၀ ပြည့်နှစ်က ဆင်တောင်(အမြင့်ပေ ၆၀၂၀)ကို ပထမဦးဆုံး လေ့ကျင့်ရေးတောင်အဖြစ် တက်ရောက်ခဲ့သည့်အတွက် သဘာဝခေါ်သံတောင်တက်အဖွဲ့က ယင်းတောင်ထိပ်တွင် ဗိုလ်မှူးကြီးစည်သူလှအောင် (ညွှန်ကြားရေးမှူး-ငြိမ်း၊ မြေတိုင်းဦးစီးဌာန) အထိမ်းအမှတ် ကမ္ပည်းလွှာကိုလည်း စိုက်ထူထားခဲ့ကြောင်း သိရသည်။

တောင်တက်အဖွဲ့သည် လာမည့် အောက်တိုဘာ ၂၇ ရက်မှ ၃၀ ရက်တွင် ရှမ်းပြည်နယ် ပင်လောင်းမြို့နယ်သို့ တောင်တက်အဖွဲ့ဝင် အင်အား ၆၀ ကျော်ဖြင့် ခြေလျင်တောင်တက်ခရီးကြမ်းသွားရောက်မည်ဖြစ်ပြီး နိုဝင်ဘာလတွင်လည်း တောင်တက်အဖွဲ့ဝင် ၅၀ ကျော်ဖြင့် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်ရှိ ပြက္ခရွေတောင်နှင့် ပြဒါးလင်းဂူသို့ ခြေလျင်တောင်တက်ခရီးကြမ်း သွားရောက်မည်ဟု သိရသည်။



**သတင်း-ခင်ဇာလီ**

**ဓာတ်ပုံ-တေဇဝင်း(သဘာဝခေါ်သံ)**

# အမျိုးသမီးငယ်များအား လူကုန်ကူးသည့်လင်မယားနှစ်ဦးကို ထောင်ဒဏ်နှစ် ၆၀ စီချမှတ်

**မြစ်ကြီးနား အောက်တိုဘာ ၁၈**

မြစ်ကြီးနားမြို့နယ်မှ အမျိုးသမီးငယ် ၁၄ ဦးအား လူကုန်ကူးသည့်အမှုဖြင့် လင်မယားနှစ်ဦးကို တစ်ဦးလျှင် ထောင်ဒဏ်နှစ် ၆၀ သီးခြားစီ အောက်တိုဘာ ၁၁ ရက်က မြစ်ကြီးနားခရိုင် တရားရုံးတွင် ချမှတ်ခဲ့ကြောင်း မြစ်ကြီးနား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တပ်ဖွဲ့စု (၁၂) မှ သိရသည်။

အဆိုပါ လူကုန်ကူးမှု ကျူးလွန်သူ တရားခံကျော်နိုင်နှင့် တရားခံနူးနူးတို့ကို လူကုန်ကူးသည့်အမှု ခြောက်မှုဖြင့် တစ်မှုလျှင် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ပြီး တစ်ဦးလျှင် ထောင်ဒဏ် စုစုပေါင်းအနှစ် ၆၀ စီ ချမှတ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယင်းလူကုန်ကူးမှုတွင် ပါဝင်သူ တရားခံနှစ်ဦးမှာ ထွက်ပြေးလွတ်မြောက်နေဆဲ ဖြစ်ကြောင်း သိရသည်။

"ကျော်နိုင်က မိန်းကလေးတွေကို သမီးရည်းစားဟန်ဆောင်ကာ သူ့ကိုယုံလောက်ပြီဆိုမှ အကြောင်းအမျိုးမျိုးပြ၍ခေါ်သွားပြီး တရုတ်ပြည်နယ်စပ် ရင်ကျန်းမြို့မှာရှိတဲ့ တရားခံမနူးနူး ဆီမှာထားခဲ့ပြီး တရုတ်အမျိုးသားထံ ရောင်းစားတာပါ။ အလုပ်ကြမ်းနဲ့ ထောင်ဒဏ်အနှစ် ၆၀ သီးခြားစီ ကျခံရတာပါ။ ကျန်တရားခံနှစ်ဦးကတော့ ရှာဖွေနေဆဲပါပဲ"ဟု လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ရဲမှူးအောင်မင်းကြည်ကပြောသည်။

ကျော်နိုင်သည် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်အတွင်းက မြစ်ကြီးနား-မန္တလေး-မူဆယ်- ရွှေလီ- ရင်ကျန်း လမ်းကြောင်းဖြင့် အမျိုးသမီး ၁၄ ဦးကို ရှစ်ခေါက်ပို့ဆောင်ခဲ့မှုကြောင့် မြစ်ကြီးနား မြို့မရဲစခန်း၌ လူကုန်ကူးပုဒ်မများနှင့် အမှုရှစ်မှုရေးဖွင့်ခဲ့ရာ အောက်တိုဘာ ၁၁ ရက်တွင် အမှုခြောက်မှုကို မြစ်ကြီးနားခရိုင်တရားရုံးတွင် အမိန့်ချမှတ်ပြီး ကျန်ရှိနေသည့် နှစ်မှုကို ဆက်လက်ရင်ဆိုင်ရဦးမည်ဖြစ်သည်။

ထို့နောက် ၎င်းကို ယခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် မြစ်ကြီးနားမြို့ မြို့သစ်ရပ်ကွက်ရှိ 3-Star Hotel တွင် ဆွဲကြိုး၊ လက်စွပ်အတုများ၊ ငွေကျပ် ၁၅ သိန်းခန့်၊ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်များ၊ လူကုန်ကူးခံရသူ အမျိုးသမီးများ၏ မှတ်ပုံတင်များနှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ယင်းနောက် ရက်အနည်းငယ်အကြာတွင် ၎င်းနှင့် ဆက်စပ်တရားခံ မနူးနူးကို လွယ်ဂျယ်လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့်ပူးပေါင်း၍ လွယ်ဂျယ်မြို့တွင် ဖမ်းဆီးရမိခဲ့ပြီး ယင်းလူကုန်ကူးမှု၌ ပါဝင်သူ မအဘောက် အသက်(၅၅)နှစ်ခန့်နှင့် အသက်(၄၅)နှစ်ခန့် အမျိုးသမီးတစ်ဦးကို ဖမ်းဆီးရမိရေးအတွက် တာဝန်ရှိသူများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ကျော်နိုင်



နူးနူး(ခ)ခေါ်လွေ့

**(မင်းမင်းဦး)**

# ပို့အားမြှင့်စက် အပူရှိန်လွန်ကဲရာမှ နေအိမ်သုံးလုံး မီးလောင်

**ဘုရားကြီး အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဘုရားကြီးနယ်မြေရဲစခန်းအပိုင် အမှတ်(၃) ရပ်ကွက် မင်းလမ်း (၃)လမ်းတွင် အောက်တိုဘာ ၁၇ ရက် ည ၁၁ နာရီ မိနစ် ၅၀ ခန့်က မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

သတင်းအရ ဘုရားကြီးမြို့မီးသတ်တပ်ဖွဲ့မှ လက်ထောက်ဦးစီးမှူး ဦးကိုကိုဌေးနှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ ဝိုင်းဝန်းငြှိမ်းသတ်ရာ နံနက် ၁ နာရီတွင် မီးငြိမ်းသွားခဲ့သည်။

ဖြစ်စဉ်မှာ ဘုရားကြီးမြို့ မင်းလမ်း (၃)လမ်းနေ ဦးဌေးဝင်း(စုံစမ်းဆဲ)၏ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း တစ်ထပ်နေအိမ်မီးဖိုချောင်အတွင်း ထားရှိသည့် ပို့အားမြှင့်စက် အပူလွန်ကဲရာမှ မီးစတင် လောင်ကျွမ်းခဲ့ပြီး ၎င်းအိမ်နှင့်ကပ်လျက်ရှိ ဒေါ်ကုလားမ(ခ)ဒေါ်လှဲလှဲဝင်း(၄၃)နှစ်၏ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း တစ်ထပ်အိမ်အမိုးနှင့် ဦးခင်ဦး(၅၃)နှစ်၏ သွပ်မိုး၊ အုတ်ကာ၊ ပျဉ်ခင်း နှစ်ထပ်အိမ် အမိုးများ မီးကူးစက်လောင်ကျွမ်းခဲ့ရာ ကာလတန်ဖိုး စုစုပေါင်း ငွေကျပ် လေးသိန်း ဆုံးရှုံးခဲ့သည်။

အိမ်ရှင် ဦးဌေးဝင်းမိသားစုမှာ အောက်တိုဘာ ၁၆ ရက်က ခရီးထွက်သွားကြောင်း သိရသဖြင့် ပို့အားမြှင့်စက်အား ပေါ့ဆစွာ အသုံးပြုသူ ဦးဌေးဝင်းအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**





# ပြောင်းဖူးစေ့အိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့်တရားမဝင်သစ်လုံးများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်မှုများကို ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၇ ရက်က ပြောင်းဖူးစေ့အိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် ၂၂ ဘီး ကုန်တင်ယာဉ် တစ်စီးပေါ်တွင် တရားမဝင် သစ်လုံးများ သယ်ဆောင်လာမှုအား ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက ဖမ်းဆီးရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက ဟီးနိုး ၂၂ ဘီးယာဉ်အား တားဆီးစစ်ဆေးခဲ့ရာ ပြောင်းဖူးစေ့အိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခဲ့ရွေ ၉၆ တုံး (၅ ဒသမ ၈၈၉၄ တန်)၊ ပိတောက်သစ်လုံး ငါးလုံး (သုည ဒသမ ၄၁၀၂ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီးအပါအဝင် စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၈ ဒသမ ၆၉၃ သန်းခန့်ကို တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၇ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅ ဒသမ ၃၁၈ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇ ဒသမ ၀၂၁ သန်းခန့်) စုစုပေါင်း တားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂ ဒသမ ၃၃၉ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။ **(ဝဝ၁)**

# မောင်တောမြို့၌ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**မောင်တော အောက်တိုဘာ ၁၈**

ရခိုင်ပြည်နယ် မောင်တောမြို့၌ အောက်တိုဘာ ၁၇ ရက် ညနေ ၅ နာရီက မောင်တောခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဉာဏ်ဝင်းဦး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များနှင့် အမှတ်(၅)ရပ်ကွက် ခေတ္တရပ်ကွက်အုပ်ချုပ်ရေးမှူး အဘူဖွေယော့၊ ဆယ်အိမ်မှူးမာမတ်ဂျူနိုက်တို့နှင့်အတူ ရပ်ကွက်အတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် အမှတ်(၅)ရပ်ကွက်လမ်းပေါ်တွင် မသင်္ကာဖွယ်ရာကားတစ်စီးအားတွေ့ရှိရပ်တန့်စစ်ဆေးရာ ညီညီ(၂၂)နှစ် မောင်တောမြို့နယ် ဝေသာလီကျေးရွာနေသူ မောင်းနှင်လာသော အဖြူရောင်ယာဉ်၏ ရှေ့ခန်းတွင် အဖြူရောင် ဆာလာအိတ် နှစ်အိတ်အတွင်း ထည့်ထားသော WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား လေးသိန်းခွဲခန့်အား သိမ်းဆည်းရမိခဲ့သည်။

ထို့နောက် အောက်တိုဘာ ၁၈ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ က ခရိုင်ရဲတပ်ဖွဲ့မှူး၏ကြီးကြပ်မှုဖြင့် ပူးပေါင်းအဖွဲ့သည် မောင်တောမြို့အဝင် တံတားဂိတ်တွင် ယာဉ်များအား စစ်ဆေးနေစဉ် ဘူးသီးတောင်မြို့နေ မင်းအောင်နိုင်(၃၀)နှစ် မောင်းနှင်လာပြီး ယာဉ်ပေါ်တွင် ရသေ့တောင်မြို့နယ် ခွာဆုံကျေးရွာနေ စံထွန်း(ခ)စံထွန်းစိန် (၃၉)နှစ်၊ ဓညဝတီရပ်ကွက်၊ ရွှေဘုံသာလမ်း စစ်တွေမြို့နေ လှမောင်(ခ)အလှ(၃၈)နှစ် လိုက်ပါလာသော အနက်ရောင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်မောင်း မင်းအောင်နိုင်မှာ ကားရပ်ထွက်ပြေးသွားပြီး ယာဉ်ပေါ်ပါသူနှင့် ယာဉ်နောက်ခန်းရှိ ကားအံ့ဝှက်အတွင်းမှ ဆာလာအိတ်လေးအိတ်အတွင်း မှိုင်းခံစက္ကူဖြင့် ထုပ်ထားသော WY/R စာတန်းပါ ပန်းရောင်စိတ်ကြွ ဆေးပြား တစ်ထုပ်လျှင် ၉၇၅၀ ပြားစီပါ ၉၈ ထုပ် စုစုပေါင်းဆေးပြား ၉၅၅၅၀၀ (တန်ဖိုးငွေကျပ်သိန်းပေါင်း ၁၉၁၁၀ ခန့်)အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**ခရိုင်(ပြန်/ဆက်)**



# ဘုန်းကြီးကျောင်းမုခ်ဦးတံခါးကြားတွင် အမျိုးသားတစ်ဦး သေဆုံးမှုဖြစ်ပွား

**မိုးကောင်း အောက်တိုဘာ ၁၈**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပင်းဘောကျေးရွာအုပ်စု ဇန်းမောက်ကုန်း ဘုန်းကြီးကျောင်းတံခါးမုခ်ဦးကြားတွင် အောက်တိုဘာ ၁၈ ရက် နံနက် ၆ နာရီခွဲက အမျိုးသားတစ်ဦး မတ်တတ်ရပ်အနေအထားဖြင့် သေဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်းမောက်ကုန်းကျေးရွာ ပရိယတ္တိမာမကဘုန်းကြီးကျောင်း မုခ်ဦး၏ဝဲဘက်ခြမ်းတံခါးအကြားတွင် အမျိုးသားတစ်ဦးမတ်တတ်ရပ်အနေအထားဖြင့် သေဆုံးနေကြောင်း ပင်းဘောနယ်မြေရဲစခန်းသို့ ဖုန်းဆက်အကြောင်းကြားသဖြင့် နယ်မြေရဲစခန်းမှူး ရဲအုပ်နေအောင်ကျော်နှင့်တပ်ဖွဲ့ဝင်များက သွားရောက်ကြည့်ရှုကာ ပင်းဘောတိုက်နယ်ဆေးရုံသို့ ပို့ဆောင်စစ်ဆေးခဲ့သည်။

သေဆုံးသူမှာ မိုးကောင်းမြို့နယ် ပင်းဘောကျေးရွာအုပ်စု ပဲခူးစုကျေးရွာနေ ဦးစံလှ(၄၂)နှစ်ဖြစ်ပြီး တိုက်နယ်ဆေးရုံ၏ဆေးစစ်ချက်များအရ ပြင်ပဒဏ်ရာ တစ်စုံတစ်ရာမတွေ့ရှိရကြောင်းနှင့် ဓမ္မတာအတိုင်းသေဆုံးခြင်းဟုတ်၊ မဟုတ် နယ်မြေရဲစခန်းတွင် သေမှုသေခင်းရေးဖွင့်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

# အကျကြမ်းတဲ့ မိုနာကို၊ သမိုင်းသစ် ရေးထိုးလိုက်နိုင်တဲ့ လီဗာပူးနဲ့ စပါး

*ဧအာက်တိုဘာ ၁၈ ရက်က ယှဉ်ပြိုင်ခဲ့တဲ့ ချန်ပီယံလိဂ် အုပ်စုအဆင့် တတိယမြောက်ပွဲစဉ်တွေမှာတော့ ရလဒ်အတော်များများက ပရိသတ်တွေ မှန်းဆချက်နဲ့ အတန်ငယ်ကွာဟခဲ့ပြီး ပရီမီယာလိဂ်အသင်းတွေ ရလဒ်ပိုင်းကောင်းမွန်ခဲ့တာကိုတွေ့ရပါတယ်။*




မေလဲ့သင်း ရေးသားသည်




**ရီးယဲလ်မက်ဒရစ်-စပါး**

ရီးယဲလ်နဲ့ စပါးအသင်းတို့ပွဲစဉ်မှာတော့ စပါးအသင်းဟာ လက်ရှိချန်ပီယံ ရီးယဲလ်မက်ဒရစ်အသင်းကို တစ်ဂိုးစီသရေကစားပြီး သမိုင်းသစ်ရေးထိုးသွားပါတယ်။ ရီးယဲလ်က ၄-၃-၃ ကစားကွက်နဲ့ ပွဲထွက်လာခဲ့ပြီး စပါးကတော့ ၄-၂-၃-၁နဲ့ ပြန်လည်ရင်ဆိုင်ခဲ့ပါတယ်။ ရီးယဲလ်ကတော့ ပွဲစတယ်ဆိုတာနဲ့ စပါးဘက်ကို တိုက်စစ်မြှင့်ပြီးကစားခဲ့ပေမယ့် ကစားကွက်၊ ပွဲထွက်စာရင်း ပြောင်းလဲထားတဲ့ စပါးအသင်းရဲ့ ကစားဟန်ကြောင့် အခက်တွေ့ခဲ့သလို တကယ်တမ်းဂိုးစတင်ရသွားတာက စပါးဖြစ်သွားပါတယ်။

စပါးနောက်ခံလူ အော်ရီရာရဲ့ ဖြတ်တင်ပေးပို့လာတဲ့အချိန် စပါးတိုက်စစ်မှူးဟယ်ရီကိန်းက ရီးယဲလ်နောက်ခံလူဗာရာနီနဲ့အပြိုင် ပါးပါးနပ်နပ်ပြေးထွက်လာရာ ဗာရာနီကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီနောက် ရီးယဲလ်ကသာ ပွဲကို လွှမ်းမိုးကစားခဲ့ပြီး အထူးသဖြင့် ကွင်းလယ်လူ တိုနီခရုးစ်ရဲ့ ဘောလုံးပေးပို့မှုတွေ၊ လှုပ်ပြီးကစားနိုင်မှုတွေက စပါးနောက်တန်းကို အလုပ်ရှုပ်စေခဲ့တဲ့အတွက် စပါးနောက်တန်း ပြိုဆင်းလာတာဖြစ်ပါတယ်။ ဒါကြောင့်လည်း တိုနီခရုးစ်ကို အော်ရီရာ ပြစ်ဒဏ်ကျူးလွန်မိခဲ့တာကြောင့် ရီးယဲလ်အသင်း ပင်နယ်တီကန်ခွင့်ရသွားကာ ဒီပင်နယ်တီကို တိုက်စစ်မှူးစီရိုနယ်လ်ဒိုက ကန်သွင်းယူခဲ့တာကြောင့် ရီးယဲလ်တို့ ချေပဂိုးရသွားပါတယ်။ စီရိုနယ်လ်ဒိုနဲ့ ဘင်ဇီမာတို့ရဲ့ ဂိုးရဖို့ကြိုးပမ်းမှုတွေကို စပါးဂိုးသမားဟူဂိုလိုရစ်က လက်စွမ်းပြ ကာကွယ်သွားခဲ့တာကြောင့်လည်း ရီးယဲလ်တို့အိမ်ကွင်းနိုင်ပွဲနဲ့ ဝေးသွားခဲ့တာဖြစ်ပါတယ်။ စပါးအနေနဲ့ရီးယဲလ်ရဲ့အိမ်ကွင်းဘာနေဗျူးမှာ ရီးယဲလ်လို ချန်ပီယံလိဂ်သမ္ဘာရှိတဲ့အသင်းဆီက သရေတစ်မှတ်ရခဲ့တာဟာ အောင်ပွဲလို့သာ သတ်မှတ်ရတော့မှာဖြစ်ပါတယ်။ ယခုပွဲရဲ့အကောင်းဆုံး ကစားသမားဆုကိုတော့ စပါးဂိုးသမား ဟူဂိုလိုရစ်ရယူသွားပြီး စပါး တိုက်စစ်မှူး ဟယ်ရီကိန်းရော နည်းပြပိုချက်တီနိုတို့ကပါ အဆိုပါ သရေရလဒ်အတွက် ဂုဏ်ယူကြောင်း ဆိုခဲ့ပါတယ်။

**လီဗာပူးဆိုတာ**

ပရီမီယာလိဂ်မှာ ထင်သလောက် ရလဒ်မကောင်းလို့ ဝေဖန်ခံနေရတဲ့ ဂျာဂန်ကလော့ပ်ရဲ့ လီဗာပူးဟာ ချန်ပီယံလိဂ်မှာတော့ ပေါက်ကွဲပြခဲ့ပြီး မာရီဘောကို အဝေးကွင်းမှာ ဂိုးမိုးရွာခဲ့ပါတယ်။ လီဗာပူးအတွက် အဖွင့်ဂိုးကို ပွဲအစ ၄ မိနစ်မှာပဲ ဖာမီနိုက သွင်းယူခဲ့ပြီး ဆက်တိုက်ဆိုသလို ကော်တင်ဟိုက တစ်ဂိုး၊ ဆာလာက နှစ်ဂိုးဆက်တိုက် သွင်းယူသွားခဲ့တာကြောင့် ပထမပိုင်းအတွင်းမှာပဲ လေးဂိုးပြတ်နဲ့ အနိုင်ရရှိနေကာ ဒုတိယပိုင်းမှာလည်း ဖာမီနို၊ ချိန်ဘာလိန်နဲ့ အာနိုးတို့က ဂိုးတွေ ထပ်သွင်းခဲ့လို့ပွဲအပြီးမှာ ခုနစ်ဂိုးနဲ့ဂိုးပြတ်နိုင်ပွဲရသွားတာဖြစ်ပါတယ်။ လီဗာပူးဟာ ဘောလုံးပိုင်ဆိုင်မှုမှာလည်း ၇၀ ရာခိုင်နှုန်းအထိ ရှိခဲ့သလို ဂိုးပေါက်ကန်သွင်းမှုကလည်း ၂၆ ကြိမ်အထိ ရှိခဲ့တာဖြစ်ပါတယ်။ ပရီမီယာလိဂ်အသင်းတစ်သင်း ဥရောပပြိုင်ပွဲတွေမှာ ယခုလို ဂိုးပြတ်နိုင်ပွဲရတာက ၁၉၉၃ ခုနှစ် နိုဝင်ဘာလမှာ စတန်းဒက်လိဂ်ဒ်ကို ခုနစ်ဂိုးပြတ်နဲ့ အနိုင်ရခဲ့တဲ့ အာဆင်နယ်ပြီးနောက် ပထမဦးဆုံးအကြိမ်ဖြစ်ပါတယ်။ ဒီရလဒ်အပေါ် နည်းပြဂျာဂန်ကလော့ပ်ကတော့ အံ့အားသင့်ဖွယ်ကစားဟန်နဲ့ကစားပြီး အံ့အားသင့်ဖွယ်ဂိုးတွေကို သွင်းယူသွားတာလို့ ဆိုလိုက်ပါတယ်။

**ပရီမီယာလိဂ် တစ်ခေတ်ဆန်းပြီ**

ဒီနှစ် ချန်ပီယံလိဂ်မှာ ပရီမီယာလိဂ်အသင်းငါးသင်းအထိ ယှဉ်ပြိုင်ခွင့်ရနေသလို ပါဝင်ယှဉ်ပြိုင်တဲ့ အသင်းတွေတိုင်းက ရလဒ်တွေကောင်းနေကြပြီး ဒါဟာ ၂၀၀၀ ပြည့်နှစ်ဝန်းကျင်ကနေ ၂၀၁၀ အထိ ချန်ပီယံလိဂ်ကို ပရီမီယာလိဂ်အသင်းတွေ စိုးမိုးနိုင်တဲ့ကာလကို ပြန်ပြောင်း အမှတ်ရစေပါတယ်။ ၂၀၀၈ ခုနှစ်ကဆို ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာ မန်ယူနဲ့ ချယ်လ်ဆီးတို့ဆုံခဲ့ပြီး All English Final ဖြစ်ခဲ့သလို လီဗာပူးက ၂၀၀၅၊ ၂၀၀၆ ဆက်တိုက်ဗိုလ်လုပွဲရောက်၊ မန်ယူက ၂၀၀၈ နဲ့ ၂၀၀၉ ဆက်တိုက် ဗိုလ်လုပွဲရောက်ကာလတွေ ကြုံခဲ့ရပါတယ်။ ဒါပေမယ့် ၂၀၁၂ ခုနှစ် ချယ်လ်ဆီးအသင်း ချန်ပီယံလိဂ်မှာ မထင်မှတ်ဘဲ ဗိုလ်စွဲခဲ့ပြီးနောက်ပိုင်း ပရီမီယာလိဂ်အသင်းတွေရဲ့ ဥရောပအောင်မြင်မှုအခန်းကဏ္ဍသိသိသာသာ မှေးမှိန်လာခဲ့ပါတယ်။ ပြီးခဲ့တဲ့ရာသီကဆို လက်စတာတစ်သင်းသာ ကွာတားဖိုင်နယ် အဆင့်အထိ တက်ရောက်လာနိုင်ပြီး ကျန်တဲ့အသင်းတွေက အုပ်စုအဆင့်နဲ့ ပြတ်ကျန်တဲ့အသင်းက ပြတ်ကျန်၊ ၁၆ သင်းအဆင့်က လှည့်ပြန်ရတဲ့အသင်းက လှည့်ပြန်ရနဲ့ အတော့်ကို ခနော်နီ ခနော်နဲ့ အခြေအနေဆိုက်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီနှစ်တော့ ပရီမီယာလိဂ်အသင်းတွေ ပြန်လာပြီဆိုတဲ့ ရှေ့ပြေးနိမိတ်ကို ဝိုးတဝါးမြင်တွေ့နေရပြီလို့ သတ်မှတ်ရမယ့်အခြေအနေ ဖြစ်လာပါပြီ။

**ကျရှုံးကြသူများ**

ဘောလုံးဆိုတာကလည်း ဘဝဖြစ်စဉ်လို အတက်အကျ အနိမ့်အမြင့်တွေ အတော်ကြမ်းတဲ့ ခရီးလမ်းပါ။ ဒီနှစ်အောင်မြင်ပေမယ့် နောက်နှစ် ကျရှုံးချင် ကျရှုံးကြတာဟာ ဘောလုံးလောကတွင်း ဖြစ်ပျက်နေကျ သာမန်ဖြစ်ရိုးဖြစ်စဉ်ပါ။ ဒါမျိုးကျရှုံးမှု ဖြစ်စဉ်တွေကို ရီးယဲလ်လို ထိပ်တန်းအသင်းကြီးတောင် အချိန်အတော်ကြာ ကစားခဲ့ရပြီး ၂၀၀၃ ခုနှစ်ကနေ ၂၀၁၃ ခုနှစ်အထိ ဆယ်စုနှစ်တစ်ခုကာလ ချန်ပီယံလိဂ်အောင်မြင်မှုတွေကနေ ပျောက်ကွယ်သွားတာမျိုး ကြုံခဲ့ရဖူးပါတယ်။ ဒီနှစ်တော့ မနှစ်ကဆီမီးဖိုင်နယ်အထိ တက်ရောက်ခဲ့ဖူးတဲ့ မိုနာကိုနဲ့ဂျာမန်ထိပ်သီး ဒေ့ါမွန်တို့ရဲ့ ကျရှုံးမှုတွေကတော့ ကွက်ကွက်ကွင်းကွင်းမြင်ရတဲ့ အခြေအနေပါ။ မိုနာကိုဆို သုံးပွဲယှဉ်ပြိုင်အပြီးမှာ ရမှတ်တစ်မှတ်သာ ရရှိထားတာကြောင့် ပြင်သစ်လိဂ်ရဲ့ လက်ရှိချန်ပီယံ၊ မနှစ်ကဆီမီးဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်တဲ့အသင်းတစ်သင်းရဲ့ အကျကြမ်းမှုကို မျက်ဝါးထင်ထင် မြင်တွေ့ရခြင်းလို့သာ ဆိုရတော့မှာ ဖြစ်ပါတယ်။

| ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၃) ရလဒ်များ | | |
|---|---|---|
| စပါးတပ်စ် | ၅ - ၁ | ဆီဗီလာ |
| မာရီဘော | ၀ - ၇ | လီဗာပူး |
| မန်စီးတီး | ၂ - ၁ | နာပိုလီ |
| ဖီယင်နော့ဒ် | ၁ - ၂ | ရှက်တာဒိုးနက် |
| မိုနာကို | ၁ - ၂ | ဘီဆီတပ်စ် |
| လိုက်ပ်ဇစ်ပ် | ၃ - ၂ | ပေါ်တို |
| ရီးယဲလ် | ၁ - ၁ | စပါး |
| အေပိုရယ် | ၁ - ၁ | ဒေ့ါမွန် |

(ခိုင်ဝင်း)

## ဘာစီလိုနာနိုင်ပွဲပြန်ရှာမယ့် စပိန်လာလီဂါပွဲစဉ် (၉)

**လီဗန်တေး - ဂီတာဖေး ညနေ ၅း၃၀ (၂၁-၁၀-၁၇)**

ရီးယဲလ်ကိုအရေးနိမ့်ခဲ့ရပေမယ့် အဆိုပါပွဲမှာ ဂီတာဖေးရဲ့ကစားပုံကောင်းမွန်မှုရှိခဲ့ပါတယ်။ ဂီတာဖေးအနေနဲ့ နှစ်ပွဲဆက်ရှုံးနိမ့်ခဲ့ရတာကြောင့်လည်း နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒါပေမယ့်လည်း လီဗန်တေးရဲ့ခံစစ်ပိုင်းကစားပုံက ကောင်းမွန်မှုရှိတဲ့အပြင် လီဗန်တေးရဲ့အိမ်ကွင်း ဖြစ်နေပါတယ်။ လီဗန်တေးက အိမ်ကွင်းပွဲတွေမှာ ကစားပုံပိုမိုကောင်းမွန်တတ်တာကြောင့် ဒီပွဲမှာလည်း ဂီတာဖေးတို့ ရှုံးပွဲဆက်သွားနိုင်ပါတယ်။

**ဗလင်စီယာ - ဆီဗီလာ ည ၁၁း၀၀ (၂၁-၁၀-၁၇)**

ဘီဘာအိုကို အရေးနိမ့်ခဲ့ရတာကြောင့် ဆီဗီလာတို့နိုင်ပွဲ ပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ဒါပေမယ့် အခုနောက်ပိုင်းမှာ ဆီဗီလာခြေကတည်ငြိမ်မှုကျဆင်းလာသလို တိုက်စစ်ပိုင်းကလည်း အဝေးကွင်းမှာ ဂိုးသွင်းခြေသိသိသာသာကျဆင်းတတ်ပါတယ်။ ချန်ပီယံလိဂ်ကြောင့်လည်း ဆီဗီလာ ပွဲပန်းလာနိုင်တာကြောင့် ဗလင်စီယာရဲ့အိမ်ကွင်းအားကိုအသာရဖို့ခက်ပါတယ်။ ဆီဗီလာအမြင့်ဆုံးသရေလောက်ပဲရမယ်။

**ဘာစီလိုနာ - မာလာဂါ နံနက် ၁း၁၅ (၂၂-၁၀-၁၇)**

အက်သလက်တီကိုအသင်းကို အနိုင်မရခဲ့တာကြောင့် ဘာစီလိုနာတို့နိုင်ပွဲပြန်ရှာမှာပါ။ မာလာဂါက အစောပိုင်းရာသီတွေကလို ခြေစွမ်းပိုင်းကျစ်လျစ်တဲ့ အသင်းပုံစံမဟုတ်တော့ဘဲ ရှုံးပွဲတွေများပြားနေပါတယ်။ ဘာစီလိုနာကတော့ ခြေစွမ်းကောင်းတွေ ဆက်ထိန်းထားနိုင်ကာ နည်းပြဗယ်လ်ဗာဒီရဲ့လက်အောက်မှာခြေစွမ်းပိုင်းရော၊ အသင်းနည်းစနစ်ပိုင်းပြောင်းလဲမှုတွေပါ ကောင်းမွန်နေတယ်။ ဘာစီလိုနာဂိုးများများနဲ့ နိုင်ပွဲရသွားမှာပါ။

**ဗီလာရီးယဲလ် - လက်ပါးမက်စ် ညနေ ၄း၃၀ (၂၂-၁၀-၁၇)**

ဗီလာရီးရဲဟာခြေစွမ်းပိုင်း အတက်အကျမတည်ငြိမ်တတ်ပေမယ့်လည်း အိမ်ကွင်းပွဲစဉ်တွေမှာတော့တိုက်စစ်စွမ်းရည်ပြသကာ နိုင်ပွဲတွေ ရရှိတတ်ပါတယ်။ လက်ပါးမက်စ်ကတော့နောက်ပိုင်းပွဲစဉ်တွေမှာ ရှုံးပွဲတွေများပြားနေတဲ့အသင်းဖြစ်တယ်။ လက်ပါးမက်စ်ဟာလည်း ပြီးခဲ့တဲ့ရာသီကလို ခြေစွမ်းမာကျော့မှုတွေ ပျောက်ဆုံးနေပါတယ်။ ဗီလာရီးယဲလ်ရဲ့တိုက်စစ်မှာ ကစားသမားကောင်းတွေ အများအပြားရှိနေလို့ ဂိုးပြတ်နိုင်ပွဲရသွားမှာပါ။

**ဆဲလ်တာဗီဂို - အက်သလက် ည ၈း၄၅ (၂၂-၁၀-၁၇)**

အက်သလက်တီကိုဟာ ဘာစီလိုနာနဲ့ပွဲမှာ ကစားပုံကောင်းခဲ့ပေမယ့် သရေတစ်မှတ်သာ ရယူနိုင်ခဲ့တာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ဒါပေမယ့် ဆယ်တာဗီဂိုရဲ့အိမ်ကွင်းကစားအားနဲ့ ခံစစ်ကစားပုံကောင်းမွန်မှုတို့ကိုတော့ သတိပြုရမှာဖြစ်ပါတယ်။ အထူးသဖြင့် အက်သလက်တီကိုဟာ ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိနေနိုင်ပါတယ်။ အက်သလက်တီကိုနိုင်ရင်တောင် ဂိုးမပြတ်ဘူး။

**လီဂါနက်စ် - ဘီဘာအို ည ၁၁း၀၀ (၂၂-၁၀-၁၇)**

ဘီဘာအိုဟာ ဒီပွဲမတိုင်မီမှာ ယူရိုပါလိဂ်အဝေးကွင်းပွဲစဉ်ကစားခဲ့ရမှာဖြစ်လို့ ပွဲပန်းမှုဒဏ်ရှိနေနိုင်ပါတယ်။ လီဂါနက်စ်ကတော့ ဒီရာသီစပိန်လာလီဂါမှာ ခြေစွမ်းကောင်းတွေပြသနေပြီး နိုင်ပွဲတွေများပြားနေတယ်။ အခုပွဲကလည်း လီဂါနက်စ်တို့အိမ်ကွင်းမှာ ကစားမှာဖြစ်လို့ ဘီဘာအိုအတွက် ခက်ခဲမယ့်ပွဲစဉ်ဖြစ်လာနိုင်ပြီးပွဲပန်းမှုဒဏ်ရှိနေနိုင်တာကြောင့် ခြေစွမ်းပြသဖို့ခက်နိုင်တယ်။ လီဂါနက်စ်ဟာအိမ်ကွင်းပွဲစဉ်မှာ အက်သလက်တီကိုကိုတောင် သရေကစားထားနိုင်တာကြောင့် အခုပွဲမှာတော့ ဘီဘာအိုကို ကပ်ပြီးနိုင်ပွဲရသွားနိုင်ပါတယ်။

**ရီးယဲလ်မက်ဒရစ် - အီဘား နံနက် ၁း၁၅ (၂၃-၁၀-၁၇)**

ဂီတာဖေးကို အနိုင်ရခဲ့တဲ့အပြင် ဘာစီလိုနာနဲ့ အမှတ်ကွာဟမှုလည်း လျော့သွားခဲ့တာကြောင့် အဆိုပါအခြေအနေကိုဆက်ထိန်းနိုင်ဖို့ ရီးယဲလ်တို့အားစိုက်ကစားလာမှာသေချာနေပါတယ်။ ချန်ပီယံလိဂ်ကစားခဲ့ရမှာဖြစ်ပေမယ့်လည်း အိမ်ကွင်းဖြစ်နေပါတယ်။ အီဘားကလည်း ခြေစွမ်းနဲ့တိုက်စစ်ကစားပုံအားနည်းမှုတွေရှိနေတာကြောင့် ဒီပွဲမှာလည်း ရီးယဲလ်တို့နိုင်ပွဲဆက်နိုင်ပါတယ်။

**ဆိုစီဒက်စ် - အက်စ်ပန်ညို နံနက် ၀၀း၃၀ (၂၄-၁၀-၁၇)**

ဆိုစီဒက်ဟာ ရာသီအစပိုင်းမှာတောက်လျှောက်ခြေစွမ်းကောင်းတွေပြသနိုင်ခဲ့ပေမယ့်လည်း နောက်ပိုင်းပွဲစဉ်တွေမှာတော့ ရှုံးပွဲတွေကြုံတွေ့ထားခဲ့ပါတယ်။ အထူးသဖြင့်ဆိုစီဒက်ရဲ့ခံစစ်ပိုင်းဟာအမှားများတတ်ပြီး ပေးဂိုးတွေ များပြားနေခဲ့ပါတယ်။ အက်စ်ပန်ညိုကလည်း အဝေးကွင်းပွဲစဉ်တွေမှာ ခြေစွမ်းပြသနိုင်ဖို့ခက်ခဲတဲ့အသင်းဖြစ်တယ်။ ဒီပွဲမှာတော့ဆိုစီဒက်နိုင်ပွဲရသွားမှာပါ။

**ဘက်တစ် - အလာဗက်စ် ည ၈း၄၅ (၂၃-၁၀-၁၇)**

နောက်ဆုံးပွဲစဉ်မှာ ဆိုစီဒက်စ်ကိုအရေးနိမ့်ခဲ့ရတာကြောင့် ဒီပွဲမှာ အလာဗက်စ်တို့နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒါပေမယ့်လည်း အလာဗက်စ်ခြေကအားနည်းမှုတွေများနေကာ တိုက်စစ်ပိုင်းကလည်း အားနည်းမှုတွေများလွန်းနေပါတယ်။ ဘက်တစ်ကတော့ အိမ်ကွင်းအားနဲ့ ဖိအားပေးသွားမှာဖြစ်ပါတယ်။ ဘက်တစ်ပဲအနိုင်ရမယ်။

ရှိုင်းမင်းမင်း

# အချိုမှုန့်နှင့် ကျန်းမာရေး

ဒေါက်တာမြတ်ထွင်ညွန့်

အချိုမှုန့်သည် မြန်မာနိုင်ငံတွင် တောရောမြို့ပါ မိသားစုတော်တော်များများနှင့် အကျွမ်းတဝင်ရှိနှင့်ပြီးသော ဟင်းခတ်စရာ တစ်မျိုးဖြစ်သည်။ စားသောက်ဆိုင်အများစုတွင်လည်း အချိုမှုန့်က မပါမဖြစ်သဖွယ် ထည့်သုံးတတ်ကြသည်။ ဟင်းခတ်မှုန့်အဖြစ် သုံးသော အချိုမှုန့်သည် ကျန်းမာရေးအတွက် စိတ်ချရပါ၏လော။

## အချိုမှုန့်ဆိုတာ

အချိုမှုန့် (Monosodium glutamate) ဆိုသည်မှာ ဟင်းအရသာတိုးစေရန်အတွက်သုံးသော ဟင်းခတ်မှုန့်ဖြစ်သည်။ ထူးခြားသည့်အချက်မှာ အချိုမှုန့်သည် ဟင်း၏အရသာကို ပိုကောင်းသည်ဟု ထင်ရစေနိုင်သည်။ ထို့ကြောင့် အချိုမှုန့်ထည့်ချက်ထားသည့် ဟင်းမျိုးကို စားနေကျဖြစ်ပါက အချိုမှုန့်မပါသည့်ဟင်းကို စားရသည့်အခါတွင် တစ်ခုခုလိုနေသယောင် ခံစားရစေသည်။ အချိုမှုန့်ကို ၁၉၀၈ ခုနှစ်တွင် ဂျပန်ဇီဝဓာတုပညာရှင်တစ်ဦးက ရေညှိမှ စတင်ထုတ်ဖော်နိုင်ခဲ့သည်။ နောက်ပိုင်းတွင် အချိုမှုန့် ထုတ်လုပ်စားသုံးမှု ကျယ်ပြန့်လာပြီး နိုင်ငံဒေသများစွာကို ပျံ့နှံ့ရောက်ရှိသွားခဲ့သည်။ အချိုမှုန့်ကို ဟင်းရွက်များမှ ရေသွင်းဖြိုခွဲထုတ်လုပ်သောနည်း၊ ဓာတုဗေဒနည်းဖြင့် ထုတ်လုပ်နည်းနှင့် ဗက်တီးရီးယားပိုးများသုံးကာ အချဉ်ဖောက်ထုတ်ယူသောနည်းဟူပြီး နည်းလမ်းသုံးသွယ်ဖြင့် ထုတ်လုပ်နိုင်သည်။ လက်ရှိတွင် ဗက်တီးရီးယားပိုးများသုံးကာ အချဉ်ဖောက်ထုတ်ယူသောနည်းကို အများဆုံးသုံးစွဲထုတ်လုပ်လျက်ရှိသည်ဟု သိရသည်။

## အချိုမှုန့်အန္တရာယ်

အချိုမှုန့်သည် ကျန်းမာရေးအတွက် ကောင်းကျိုး၊ ဆိုးပြစ်နှိုင်းဆကြည့်ပါက ဆိုးရွားသည့် အောက်ပါ ကျန်းမာရေးဆိုင်ရာ အန္တရာယ်များကို ဖြစ်စေနိုင်သည်။

### ၁။ ခေါင်းကိုက်ခြင်းနှင့် အချိုမှုန့်ကြောင့်ဖြစ်သောလက္ခဏာစု

အချိုမှုန့်ကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာကြပြီးနောက် စားသုံးသူများထံမှ သိလာရသည့် အချက်မှာ အချိုမှုန့် များများပါသော အစားအစာကို စားပြီးပါက ခေါင်းကိုက်စေနိုင်သည်ဟူ၍ဖြစ်သည်။ ၁၉၆၈ ခုနှစ်နောက်ပိုင်းတွင် အချိုမှုန့် ပါဝင်မှုများသော အစားအစာများစားပြီး ဖြစ်ပေါ်ခံစားရသော လက္ခဏာစုကို (Chinese Restaurant Syndrome) ဟုပင်ခေါ်ဝေါ်ခဲ့ကြသည်။ အချိုမှုန့်ပါသော အစားအစာများစားပြီးနောက် ခေါင်းကိုက်ခြင်း၊ ခေါင်းတစ်ခြမ်းထိုးကိုက်ခြင်း၊ မအီမသာဖြစ်ခြင်း၊ အော်ဂလီဆန်ခြင်း၊ ရင်တုန်ခြင်း၊ လည်ပင်း၊ မျက်နှာနှင့် အရေပြားပေါ်တွင် အနီကွက်များထွက်ခြင်း၊ မျက်နှာနှင့် အရေပြားများ တင်းကျပ်နေသယောင်ခံစားရခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ တချို့တွင် ပါးစပ်၊ လည်မျိုနှင့် လည်ပင်းပိုင်းတွင် ပူလောင်သော ခံစားမှုမျိုးခံစားရခြင်း၊ ခြေလက်များ အားနည်းချည့်နဲ့ခြင်း၊ အစာအိမ်ရောင်ရမ်း နာကျင်ခြင်းများကိုပါ ဖြစ်စေနိုင်သည်။

### ၂။ သွေးတိုးခြင်း

အချိုမှုန့်သည် ဆိုဒီယမ် (ဆားဓာတ်) ပါသော ဓာတ်ပစ္စည်းဖြစ်သည်။ ထို့ကြောင့် အချိုမှုန့် အစားများပါက သွေးဖိအားတိုးစေနိုင်သည်။ တချို့က သွေးတိုးရှိလျှင် အငန်ဓာတ်ပါသော စားစရာများဖြစ်သည့် ငါးပိ၊ ငါးခြောက်၊ ငံပြာရည် စသည်တို့ကိုသာ ရှောင်ရမည်ဟု ထင်တတ်ကြပြီး ဟင်းခတ်မှုန့်အဖြစ်သုံးသည့် အချိုမှုန့်ကို ရှောင်ဖို့မေ့နေတတ်ကြသည်။ ဆားဓာတ်ပါသည့်အတွက် အချိုမှုန့်သည်လည်း ဆားနည်းတူ သွေးတိုးစေနိုင်သည်။ သွေးတိုးရှိသူတွေအနေဖြင့် အချိုမှုန့်ကိုလုံးဝရှောင်ကြဉ်ဖို့လိုသည်။

### ၃။ ဦးနှောက်နှင့်အာရုံကြောများကို ထိခိုက်စေခြင်း

ကြွက်များသုံးကာ သုတေသနပြုလုပ်ချက်များအရ အချိုမှုန့်သည် ဦးနှောက်အစိတ်အပိုင်းများနှင့် အာရုံကြောများကို ထိခိုက်စေနိုင်ကြောင်းတွေ့ရသည်။ အချိုမှုန့် အစားများပါက မျက်စိရှိအာရုံကြောနှင့် အမြင်လွှာကို ထိခိုက်ကာ အမြင်အာရုံကို ကျဆင်းစေနိုင်သည်။ အချိုမှုန့်ကြောင့် ကျောင်းနေအရွယ်ကလေးများတွင် အာရုံစူးစိုက်နိုင်မှုကျဆင်းခြင်း၊ ကျောင်းစာမလိုက်နိုင်ခြင်း၊ သတိမေ့လွယ်ခြင်းစသည့် ပြဿနာများကို ဖြစ်စေနိုင်သည်။

### ၄။ ဟိုမုန်းကမောက်ကမ ဖြစ်စေခြင်း

အချိုမှုန့်သည် ဦးနှောက်ဆဲလ်များကိုသာမက ဟိုမုန်းစစ်ထုတ်သော ကိုယ်တွင်းအင်္ဂါအများစုကိုလည်း ထိခိုက်ယိုယွင်းစေနိုင်သည်။ ကိုယ်တွင်း ဇီဝကမ္မဖြစ်စဉ်အများစုမှာ ဟိုမုန်းများအပေါ်မူတည်နေသည့်အတွက် အချိုမှုန့်ကြောင့် ဟိုမုန်းထွက်ရှိမှု အပြောင်းအလဲဖြစ်ကာ ကိုယ်ခန္ဓာဖွံ့ဖြိုးကြီးထွားမှု ကမောက်ကမဖြစ်ခြင်း၊ ညအိပ်မပျော်ခြင်း၊ ရာသီမမှန်ခြင်း၊ မျိုးပွားအင်္ဂါများကို ထိခိုက်စေခြင်းများဖြစ်စေနိုင်သည်။

### ၅။ အဝလွန်စေခြင်း

ဟိုမုန်းပြောင်းလဲမှုနှင့် အစာစားမှု လွန်ကဲလာစေခြင်းများကြောင့် အချိုမှုန့်ပါသော အစားအစာများကို စားလေ့ရှိသူများသည် အဝလွန်ရောဂါရလာစေနိုင်သည်။ အချိုမှုန့်သည် ပန်ကရိယ ဂလင်းကို လှုံ့ဆော်ပေးပြီး အင်ဆူလင်ကို ထွက်စေနိုင်သည်။ ထို့ကြောင့် မကြာခဏ ဆာလောင်မှုခံစားရကာ ခဏခဏ ထပ်ထပ်စားမိခြင်းကြောင့် အဝလွန်ရောဂါ ရစေနိုင်သည်။ အဝလွန်ခြင်း၏နောက်ဆက်တွဲအဖြစ် ကုသရခက်ခဲသော ရောဂါဆိုးများဖြစ်သည့် နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါများကိုပါ ဆက်လက်ဖြစ်ပေါ်စေနိုင်သည်။



### ၆။ ကိုယ်တွင်းကလီစာများကို ထိခိုက်ခြင်း

အချိုမှုန့်သည် ကျောက်ကပ်၊ အသည်းနှင့် ပန်ကရိယဂလင်းများကိုလည်း ထိခိုက်စေနိုင်သည်။ ထို့ကြောင့် အချိုမှုန့်ကို ရေရှည်သုံးစွဲသူများတွင် ကျောက်ကပ်ပျက်စီးခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းအဆိပ်အတောက်ဖြစ်စေခြင်း၊ ပန်ကရိယထိခိုက်ခြင်းများကို ဖြစ်စေနိုင်သည်။

### ၇။ ကိုယ်ဝန်ဆောင်မိခင်နှင့် သန္ဓေသားကို ထိခိုက်ခြင်း

ကိုယ်ဝန်ဆောင်ချိန်တွင် မိခင်ဖြစ်သူအနေဖြင့် အချိုမှုန့်ပါသော အစားအစာများကို အလွန်အကျွံစားပါက သန္ဓေသား၏ ပုံမှန်ဖွံ့ဖြိုးကြီးထွားမှုများကို ထိခိုက်ဖွယ်ရှိကြောင်း ပညာရှင်များက သတိပေးထားကြသည်။ သန္ဓေသား၏ ဦးနှောက်နှင့် အာရုံကြောများဖွံ့ဖြိုးမှုကို ထိခိုက်စေပြီး ဉာဏ်ရည်မမီသည့်ကလေးများ၊ ဦးနှောက်နှင့် အာရုံကြောရောဂါ တစ်မျိုးမျိုးပါလာသော ကလေးများမွေးလာတတ်ပါသည်။ ထို့ပြင် ကိုယ်ဝန်ဆောင်မိခင်အနေဖြင့်လည်း ဖောရောင်ခြင်း၊ ကိုယ်ဝန်ဆိပ်တက်ခြင်း၊ သွေးတိုးခြင်း၊ မောပန်းလွယ်ခြင်း၊ ခေါင်းကိုက်ခြင်း၊ အော်ဂလီဆန်ခြင်းများကို ပိုမိုဖြစ်ပွားစေနိုင်သည်။

ထို့ကြောင့်အချိုမှုန့်ကို ရှောင်ကြဉ်ရန် လိုအပ်ပါသည်။ ထိုသို့ရှောင်ကြဉ်ရန်အတွက် အချိုမှုန့်ပါဝင်သည့် အစားအစာများကို သိရှိထားရမည် ဖြစ်ပါသည်။

## အချိုမှုန့်ပါသော အစားအစာများ

ကိုယ်တိုင် အချိုမှုန့်ထည့်မချက်သည့်တိုင် အချိုမှုန့်ပါဝင်သည့်အစားအစာများကို စားသုံးမိပါက အချိုမှုန့်ကြောင့်ဖြစ်သော ကျန်းမာရေးပြဿနာများကို ခံစားရရှိမည်သာဖြစ်သည်။ ထို့ကြောင့် အချိုမှုန့် ပါဝင်သည့် အစားအစာများကို အတတ်နိုင်ဆုံး ရှောင်ရန်လိုပါသည်။ အများစုသော အသင့်စား အစားအစာမျိုးစုံ၊ ခေါက်ဆွဲခြောက်ကဲ့သို့သော အစားအစာများသည် အချိုမှုန့်ပါလေ့ရှိပါသည်။ ထို့အပြင် အစားအစာဝယ်သည့်အခါ အချိုမှုန့် ပါ၊ မပါ ရေးထားသည့်စာသားကို ရှာဖတ်ကြည့်ဖို့လိုပါသည်။

အချိုမှုန့်မထည့်ထားသော အစားအစာများတွင် “No MSG, no added MSG” စသဖြင့် ရေးထားတတ်ပါသည်။ သို့သော် တချို့သော ထုတ်လုပ်သူများက အချိုမှုန့် (MSG) ဟူသော အသုံးအနှုန်းကို MSG, Gelatin, Calcium Caseinate, Monosodium glutamate, Hydrolyzed Vegatable Protein (HVP), Textured protein, Hydrolyzed Plant Protein (HPP), Monopotassium glutamate, Yeast Extract, Glutamate, Autolyzed Plant Protein, Yeast food or nutrient, Glutamic acid, Sodium Caseinate, Autolyzed Yeast, Flavour enhancer E621 စသဖြင့် အမည်အမျိုးမျိုးဖြင့် ခေါ်လေ့ရှိပါသည်။ ထိုသို့သော အမည်များကို အစားအစာတွင် ပါဝင်သည့် ပစ္စည်းအမည်စာရင်းတွင်ပါပါက အချိုမှုန့် ပါဝင်ကြောင်း သိထားရမည်ဖြစ်ပါသည်။

## တကယ်အန္တရာယ်ရှိလား

တချို့သောသူများက သုတေသနအများစုသည် တိရစ္ဆာန်များတွင် စမ်းသပ်ထားသည် ဖြစ်သောကြောင့် လူသားများတွင် အလားတူဆိုးပြစ်များ ဖြစ်နိုင် မဖြစ်နိုင် မသေချာနိုင်ကြောင်း စောဒကတက်ကြသည်။ သို့သော် လူသားများတွင် အချိုမှုန့်ကြောင့် ဖြစ်ပေါ်ခံစားရသည့် အကျိုးဆက်များသည် မျောက်များထက်စာလျှင် ဆယ်ဆနှင့် ကြွက်များထက် ငါးဆပိုသိသာလွယ်ကြောင်း သိရသည်။ ထို့ပြင် အချိုမှုန့်ကြောင့်ဖြစ်သော ကျန်းမာရေးဆိုးပြစ်များသည် နေ့ချင်းညချင်း ဖြစ်ပေါ်ခံစားရသည် မဟုတ်ဘဲ တဖြည်းဖြည်းချင်း ဖြစ်ပေါ်လာတတ်သည့်အတွက် အချိုမှုန့်အန္တရာယ်ကို လျှော့မတွက်မိကြဖို့ လိုပါသည်။

> အချိုမှုန့်ကြောင့်ဖြစ်သော ကျန်းမာရေးဆိုးပြစ်များသည် နေ့ချင်းညချင်း ဖြစ်ပေါ်ခံစားရသည် မဟုတ်ဘဲ တဖြည်းဖြည်းချင်း ဖြစ်ပေါ်လာတတ်သည့်အတွက် အချိုမှုန့်အန္တရာယ်ကို လျှော့မတွက်မိကြဖို့လို . . .
>
> အများပြည်သူအနေဖြင့် အိမ်မှာချက်သည့်အခါ ဆား၊ ငံပြာရည်နှင့် သကြားအနည်းငယ်ကိုသာသုံးပြီး သဘာဝ သား၊ ငါး၊ ပုစွန်မှရသည့် အချိုဓာတ်ဖြင့် တင်းတိမ်တတ်ကြစေလို . . .

## အချိုမှုန့်ကို ရှောင်ကြပါစို့

လျှာရင်းမြက်ဖို့ထက် အာဟာရပြည့်ဝစွာဖြင့် ကျန်းမာကြံ့ခိုင်သော မိသားစုဘဝကို ပိုင်ဆိုင်နိုင်ဖို့က ပိုအရေးကြီးပါသည်။ အများပြည်သူအနေဖြင့် အိမ်မှာချက်သည့်အခါ ဆား၊ ငံပြာရည်နှင့် သကြားအနည်းငယ်ကိုသာသုံးပြီး သဘာဝ သား၊ ငါး၊ ပုစွန်မှရသည့် အချိုဓာတ်ဖြင့် တင်းတိမ်တတ်ကြစေလိုပါသည်။ စားသောက်ဆိုင်များတွင်လည်း ‘အချိုမှုန့် မသုံးပါ’ ဟူသော စာတန်းများ ချိတ်ဆွဲပြီး အချိုမှုန့်မထည့်ဘဲ ချက်ပြုတ်ရောင်းချဖို့လိုသလို ဝယ်ယူစားသုံးသူများအနေဖြင့်လည်း အချိုမှုန့်မသုံးသည့်ဆိုင်မှ စားစရာများကို ဦးစားပေးရွေးချယ်စားသုံးသင့်ပါသည်။ ထို့အတူ အခြားသော အသင့်စားစားသောက်ကုန်များတွင်လည်း အချိုမှုန့်ပါဝင်မှု ရှိ၊ မရှိ စစ်ဆေးပြီး အချိုမှုန့်မပါသည့်အစားအစာများကို ရွေးချယ်စားသုံးကြပါရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။ ။



# မြန်မာပြည်ကြီးငြိမ်းချမ်းဖို့ ဘာသာပေါင်းစုံဆုတောင်းပွဲပြုလုပ် ပြည်သူများတက်ရောက်ဆီမီးများထွန်းညှိ

**မဟာအောင်မြေ အောက်တိုဘာ ၁၈**

မြန်မာပြည်ကြီးငြိမ်းချမ်းဖို့ ဘာသာပေါင်းစုံဆုတောင်းပွဲကို အောက်တိုဘာ ၁၇ ရက် ညနေ ၆ နာရီက မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မနော်ရမ္မံပြည်သူ့ရင်ပြင်၌ ပြုလုပ်ရာ ဆရာတော်သံဃာတော်များ၊ ဘာသာပေါင်းစုံမှဘာသာရေးခေါင်းဆောင်များ၊ ဘာသာဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (မန္တလေးတိုင်းဒေသကြီးဥက္ကဋ္ဌ) ဦးတင်ထွန်းဦးနှင့်ပါတီဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ဆုတောင်းကြသည်။

မြန်မာပြည်ကြီးငြိမ်းချမ်းဖို့ ဘာသာပေါင်းစုံဆုတောင်းပွဲတွင် ဗုဒ္ဓဘာသာမှမစိုးရိမ်တိုက် အာဂမနနယူပဒေသကျောင်း ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥေယျာဘိဝံသ၊ ခရစ်ယာန်ဘာသာမှသိက္ခာတော်ရ ဆရာဂျော့ခင်မောင်ထွေး၊ အစ္စလာမ်ဘာသာမှ အာလ်ဟတ်ဂျ်မောင်လာနာဦးချစ်ဆွေ၊ ဟိန္ဒူဘာသာမှ အသျှင်ရာမစန္ဒြားဒါစ်၊ ဘဟာရီသာသနာမှ ဦးဇော်မင်းနိုင်တို့က ဘာသာအလိုက်ဆုတောင်းကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများက ဖယောင်းတိုင် မီးများထွန်းညှိပြီး မိမိတို့ကိုးကွယ်ရာ ဘာသာအလိုက် ငါးမိနစ်ငြိမ်သက်၍ မြန်မာပြည်ကြီးငြိမ်းချမ်းပါစေဆုတောင်းကြသည်။ မြန်မာပြည်ကြီးငြိမ်းချမ်းဖို့ ဘာသာပေါင်းစုံဆုတောင်းပွဲကို အောက်တိုဘာ ၂၄ ရက်နှင့် ၃၁ ရက်တို့တွင် မနော်ရမ္မံကွင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

**မောင်ပြည့်သူ(မန္တလေး)**

# ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသို့ ဒုတိယအကြိမ်ပေးအပ်လှူဒါန်းနိုင်ရန် မန္တလေးဂီတ၊သဘင်၊အနုပညာရှင်များရန်ပုံငွေပဒေသာကပွဲဖျော်ဖြေတင်ဆက်

**မန္တလေး အောက်တိုဘာ ၁၈**

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသို့ ဒုတိယအကြိမ်ပေးအပ်လှူဒါန်းနိုင်ရန်အတွက် မန္တလေးဂီတ၊ သဘင်၊ အနုပညာရှင်များ ရန်ပုံငွေပဒေသာကပွဲဖျော်ဖြေတင်ဆက်ပွဲကို အောက်တိုဘာ ၁၇ ရက် ညနေ ၆ နာရီက မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအမှုဆောင် ဒေါက်တာသန့်သော်ကောင်းက ဖောင်ဒေးရှင်းဖွဲ့စည်းမှု၊ သဘာဝဘေးများတွင် ကူညီဆောင်ရွက်ပေးမှု၊ ပညာရေး၊ ကျန်းမာရေးနှင့် သန့်ရှင်းသောသောက်သုံးရေရရှိရေးလုပ်ငန်းများတွင် အလှူငွေများသုံးစွဲမှု၊ ရွေ့လျားစာကြည့်တိုက်လုပ်ငန်းများဆောင်ရွက်မှုတို့ကို ရှင်းလင်းပြောကြားပြီး မန္တလေးမြို့မှ အလှူရှင်များအား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၊ အနုပညာဦးစီးဌာန(မန္တလေးဌာနခွဲ)၊ မြို့မတေးဂီတအဖွဲ့၊ တာတာလင်းမင်္ဂလာစည်တော်ကြီးအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးသဘင်အလှဆင်သူများ၏ ဖျော်ဖြေတင်ဆက်မှုများMr နှင့် Miss များ၊ အိပ်မက်ဆုံရာတေးသံရှင်များ၊ မန္တလေးမြို့မှ Star and Models များ၏ ဖျော်ဖြေမှုများ၊ ပိုင်ပိုင်၊ ချစ်ဇွဲသာ၊ စွမ်းသူစသည့် အနုပညာရှင်များကမေတ္တာဖြင့် ပါဝင်ကူညီတင်ဆက်ဖျော်ဖြေကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် အစိုးရအဖွဲ့ဝင်များ၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအမှုဆောင် ဒေါက်တာသန့်သော်ကောင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ၊ အလှူရှင်များ၊ အနုပညာဝါသနာရှင်များကြည့်ရှုအားပေးကြသည်။

**သီဟကိုကို(မန္တလေး)**



# ပုပ္ပားတောင်ဒေသအား ယူနက်စကို အသိအမှတ်ပြု ကမ္ဘာ့လုံးဆိုင်ရာ အမိကမ္ဘာစခန်းသာဖြစ်မြောက်ရေး ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ရှင်းလင်း

**ကျောက်ပန်းတောင်း အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ဒေသအား ယူနက်စကို အသိအမှတ်ပြု ကမ္ဘာလုံးဆိုင်ရာ အမိကမ္ဘာစခန်းသာဖြစ်မြောက်ရေးဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၇ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စကားဝါမြေခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းအတွင်းရေးမှူး၊ ပုပ္ပားတောင်ယူနက်စကို ကမ္ဘာလုံးဆိုင်ရာ အမိကမ္ဘာစခန်းသာဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းထွန်းက ပုပ္ပားတောင်ဒေသအား ယူနက်စကို အသိအမှတ်ပြု ကမ္ဘာလုံးဆိုင်ရာစာရင်းဝင်ဖြစ်စေရေးအတွက် ဆောင်ရွက်နေသည့်အခြေအနေများနှင့် ဒေသခံကျေးရွာများနှင့် အသင်းအဖွဲ့များအနေဖြင့်လည်း ဒေသတွင်း သဘာဝအရင်းအမြစ်များ မပျောက်ပျက်အောင် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး ဆွေးနွေးပြောကြားသည်။

ပုပ္ပားတောင်ဒေသအား ယူနက်စကိုအသိအမှတ်ပြု ကမ္ဘာလုံးဆိုင်ရာ အမိကမ္ဘာစခန်းသာဖြစ်မြောက်ရေးလုပ်ငန်းများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းသိရပြီး ပုပ္ပားဒေသရှိ သဘာဝအရင်းအမြစ်များ၊ ကျောက်သားနှင့်မြေလွှာပြောင်းလဲဖြစ်တည်မှု အနေအထားများကို နိုင်ငံခြားဘူမိဗေဒပညာရှင်များလည်း လာရောက်လေ့လာခဲ့ကြပြီးဖြစ်ကြောင်းသိရသည်။

ယခုရှင်းလင်းပွဲတွင် ဘူမိဗေဒပညာရှင် ဦးသန်းထွန်းက လုပ်ငန်းဆောင်ရွက်နိုင်မှုအတိုင်းအတာနှင့် ဒေသတွင်းသဘာဝအရင်းအမြစ်များ မပျောက်ပျက်အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်နိုင်ရေး၊ ကျေးရွာများကို ပညာပေးစည်းရုံးရေးဆောင်ရွက်သွားနိုင်ရန်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းကိုကို၊ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း အတွင်းရေးမှူး၊ ပုပ္ပားတောင် ယူနက်စကို ကမ္ဘာလုံးဆိုင်ရာ အမိကမ္ဘာစခန်းသာဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ပုပ္ပားတောင်ချစ်သူများအသင်းမှ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# ဇေယျာသီရိမြို့နယ်တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြော

**နေပြည်တော် အောက်တိုဘာ ၁၈**

ဥတ္တရခရိုင်စားသုံးသူရေးရာဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ အောက်တိုဘာ ၁၇ ရက် မွန်းလွဲပိုင်းက နေပြည်တော် ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် ရွှေပေးအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောခဲ့သည်။

ဟောပြောပွဲတွင် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စောမာလာနွယ်က စာသုံးသူအကာအကွယ်ပေးရေး ဥပဒေပါ စားသုံးသူအခွင့်အရေးများနှင့် လိုက်နာရမည့် တာဝန်များအကြောင်း၊ ကုန်စည် (သို့မဟုတ်) ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာတွင် စားသုံးသူများ ဆုံးရှုံးနစ်နာမှုရှိပါက စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (CICC)သို့ ဆက်သွယ်တိုင်ကြားရန်နှင့် ဆက်သွယ်ရမည့် လိပ်စာအား အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးစိုးထင်လင်းက စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့်တာဝန်များနှင့် တားမြစ်ချက်များအား ရှင်းလင်းပြောကြားခြင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့ဝယ်ယူ စားသောက်နေသည့် မုန့်များအား ရွေးချယ်ဝယ်ယူတတ်စေရန် ပါရှိရမည့် အချက်များအား ရှင်းလင်းပြောကြားခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ရွှေရဲရင့်**

# ငရုတ်သီးစိမ်းဈေးနှုန်းကောင်းသဖြင့် ငရုတ်စိုက်တောင်သူများအဆင်ပြေ

**ချောင်းဦး အောက်တိုဘာ ၁၈**

ယခုနှစ် ငရုတ်သီးစိမ်းဈေးကွက်တွင် သီတင်းကျွတ်လပြည့်မတိုင်မီ ဈေးနှုန်းများကျဆင်းခဲ့သော်လည်း သီတင်းကျွတ်လပြည့်ကျော်တွင် ငရုတ်သီးစိမ်းဈေးကွက်ပြန်လည်ဖွင့်လှစ်ချိန်တွင် နယ်အလိုက်တောင်သူများ သီးနှံခူးဆွတ်မှုနည်းပါးခြင်းနှင့် အသီးရှားပါးပြီး သီးနှံတင်ပို့မှုမရှိခြင်းကြောင့် ဈေးနှုန်းများ ပြန်လည်မြင့်တက်လာသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ငရုတ်သီးစိမ်းစိုက်တောင်သူများအဆင်ပြေလျက်ရှိကြောင်း သိရသည်။



"အခါတွင်းမှာ နယ်အလိုက် တောင်သူတွေက သီးနှံကိုမခူးတာရယ်။ သီးနှံကိုမပို့ကြတဲ့အတွက် သီတင်းကျွတ်လပြည့်ကျော် ဈေးကွက်ပြန်ဖွင့်တဲ့အချိန်မှာ အသီးရှားပါးပြီး လိုသလောက်မရတဲ့အတွက် ဈေးနှုန်းမြင့်လာတယ်လို့ ပြောရမှာပါ။ သီတင်းကျွတ်လပြည့်မတိုင်မီက ဈေးကွက်တွေတော်တော်ပျက်ပါတယ်။ တောင်သူကတောင် ကမ်းလှမ်းရောင်းရတဲ့ အဆင့်ဖြစ်နေတယ်။ အာမိုမောင်တိန်ဆိုရင် တစ်ပိဿာကို ငွေကျပ် ၄၀၀ လောက်ပဲရှိတယ်။ သာမို (၁၁) ဆိုရင် တစ်ပိဿာကို ငွေကျပ် ၆၅၀ ဝန်းကျင်လောက်ပဲဈေးရှိခဲ့တယ်။ အခုအချိန်မှာ တောင်သူဆီကဝယ်လက်ဈေးကွက်က အာမိုမောင်တိန်က တစ်ပိဿာကို ၈၀၀ ဝန်းကျင်နဲ့ သာမို(၁၁)က ငွေကျပ် ၁၀၀၀ အထိဖြစ်လာတယ်" ဟု ချောင်းဦးမြို့နယ် မင်းခေါင်ကျေးရွာမှ စိုက်ပျိုးရေးတောင်သူတစ်ဦးက ပြောသည်။

ယခုနှစ်သီတင်းကျွတ်လပြည့်ကျော် နောက်ပိုင်းတွင် ငရုတ်သီးစိမ်းဈေးနှုန်းများ ပြန်လည်မြင့်တက်လာမှုကြောင့် ငရုတ်သီးစိမ်းစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသော ငရုတ်သီးစိမ်းများကို မုံရွာမြို့မှတစ်ဆင့် မန္တလေးမြို့နှင့် ရန်ကုန်မြို့များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ **ဝင်းဦး(ဇေယျာတိုင်း)**

## မြစ်ကြီးနားမြို့၌ ဒုတိယအကြိမ်ဘာသာပေါင်းစုံ ဆုတောင်းပွဲကျင်းပ

**မြစ်ကြီးနား အောက်တိုဘာ ၁၈**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ဦးဆောင်၍ ဒုတိယအကြိမ် ဘာသာပေါင်းစုံဆုတောင်းပွဲကို အောက်တိုဘာ ၁၇ ရက် ညနေ ၆ နာရီက ဗိုလ်ချုပ်ရင်ပြင်၌ ကျင်းပခဲ့သည်။

ဆုတောင်းပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်ဝန်ကြီးများ၊ ပါတီဝင်များနှင့်ဒေသခံများ တက်ရောက်ခဲ့ကြပြီး ဗုဒ္ဓဘာသာဝင်များကိုယ်စား အုံ့တော်ရှင်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဉာဏဓဇ၊ ခရစ်ယာန်ဘာသာဝင်များအားလုံးကိုယ်စား ကတ်သလစ်ဘုန်းတော်ကြီး ဗင်းဆင့်ရှန်လွမ်း၊ အစ္စလာမ်ဘာသာဝင်များကိုယ်စား ဆရာတော် မွမ်သီအင်ဖာန်း(ခ) ဆရာဂွမ်ဆန်အောင်၊ ဟိန္ဒူဘာသာဝင်များကိုယ်စား ဆရာတော်ဦးမာဓဝတို့က ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် လူမျိုးဘာသာ အားလုံး ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးနှင့် ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးအတွက် ဘာသာအလိုက် အသီးသီး ဆုတောင်းမေတ္တာပို့ပေးခဲ့ကြသည်။ **ပြည်နယ်(မြန်/ဆက်)**

## ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့ ဘာသာဝင်များအားလုံး ဆုတောင်းမေတ္တာပို့

**မကွေး အောက်တိုဘာ ၁၈**
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ငြိမ်းချမ်းသာယာဝပြောစေရေး ဘာသာပေါင်းစုံ ဆုတောင်းပွဲအခမ်းအနားကို အောက်တိုဘာ ၁၇ ရက် ညနေ ၆ နာရီက မကွေးတိုင်းဒေသကြီး မကွေးမြို့တော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် ဝန်ကြီးများ၊ ဘာသာပေါင်းစုံမှ ပြည်သူများ တက်ရောက်ခဲ့ကြသည်။

ဘာသာရေးခေါင်းဆောင်များနှင့် ဆုတောင်းပွဲ တက်ရောက်လာသည့် ပြည်သူများက ငြိမ်းချမ်းရေးဖယောင်းတိုင်မီးထွန်းညှိကာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာပါစေ၊ ဖွံ့ဖြိုးတိုးတက်ပါစေ၊ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသူ၊ နိုင်ငံသားများ ဘေးအန္တရာယ် ကင်းရှင်းကြပါစေ၊ ကမ္ဘာသူ၊ ကမ္ဘာသားအားလုံးသော သတ္တဝါများ ငြိမ်းချမ်းကြပါစေဟု ဘာသာဝင်များအားလုံး စုပေါင်း၍ သံပြိုင်ညီညာစွာ ရွတ်ဆိုကာ ဆုတောင်းမေတ္တာပို့သခဲ့ကြကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**





# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပဲစင်းငုံနှင့် အခြားပဲများအစား ဖရဲကို ပိုမိုစိုက်ပျိုးသောကြောင့် ဈေးကောင်းသောင်းကျော်အထိရှိလာ

**မုံရွာ အောက်တိုဘာ ၁၈**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖရဲစိုက်ဧကနှစ်စဉ်နှစ်သောင်းကျော်စိုက်ပျိုးနေရာမှ ယခုနှစ်လက်ရှိအချိန်တွင် ဧကငါးသောင်းခန့်ရှိနေပြီဖြစ်သလို ယခင်ပဲစင်းငုံနှင့် အခြားပဲများစိုက်သည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ တောင်သူအများစုသည် ဖရဲ သခွားကိုပြောင်းလဲစိုက်ကြသည်မှာ ပဲဈေးကွက်လှုပ်ခတ်အပြီး ချက်ချင်းပြောင်းလဲသွားသော အရွေ့တစ်ခုဖြစ်ကြောင်း ချောင်းဦးဒေသခံ ဖရဲစိုက်သူတစ်ဦးထံမှ သိရသည်။

"အရင်က လုံးဝမစိုက်ဖူးတဲ့ အရာတော်နယ်က တောင်သူတွေ မုံရွာနယ်က တောင်သူတွေအပြင် စစ်ကိုင်းတိုင်းဒေသကြီးထဲမှာ ပဲစိုက်ပြီးဟန်ကျနေတဲ့ တောင်သူအများစုအနေနဲ့ ပဲဈေးကွက်အပြင်းထန်ဆုံး လှုပ်ခတ်အပြီးမှာ ဖရဲ သခွားကို ပြောင်းစိုက်လာကြတာ အတော်များပါတယ်။ မစိုက်ဘူးတဲ့နေရာတွေမှာ ပိုစိုက်လာတာပါ။ ဖရဲကို အစိုက်များတာတွေ့ရပြီး သခွားကတော့မနှစ်က မြတ်သူရှိသလို ရှုံးသူလည်းရှိခဲ့တော့ စိုက်တဲ့သူမတိုးပေမယ့် စိုက်ဧကကတော့ တိုးလာတာတွေ့ရပါတယ်။ နှစ်စဉ် ငါးဧကစိုက်တဲ့သူက ၁၀ ဧက စိုက်တယ်" ဟု စောင့်ကြည့်နေသူကပြောပြသည်။

မြန်မာနိုင်ငံ၏ ဖရဲ သခွားပင်လယ်ဟု တင်စားခေါ်ဝေါ်ကြသည့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်နှင့် မြောင်မြို့နယ်များတွင် စိုက်ပျိုးသူတောင်သူအများစုအနေဖြင့် စိုက်ပျိုးခြင်းနှင့်အတူ ထွက်လာသောအသီးများကို ဈေးအဖွင့်ကောင်းဖြင့် နယ်စပ်ဈေးကွက်သို့ စတင်ပို့ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်ချောင်းဦးနဲ့ မြောင် ဖရဲ သခွားစိုက်ခင်းတွေနဲ့ အတူ စစ်ကိုင်းတိုင်းဒေသကြီးထဲက စိုက်ခင်းအများစုက တောင်သူတွေဟာ ပဲစင်းငုံ၊ မတ်ပဲအစား ဖရဲ သခွားကို ဒီနှစ်ဧကပိုစိုက်လာကြတာ အရင်စုပေါင်းဧကထက် ထက်ဝက်မက စိုက်လာကြတာတွေ့ရပါတယ်။ အခုအချိန်က ချောင်းဦးမြို့နယ် ရွှေပေါက်အင်းဘက်မှာတော့ သိပ်မစိုက်သေးသလို ကုန်းပိုင်းကမြေတွေမှာ ပဲအစိုက်များတော့ မိုးကြောင့်တော့ဘာမှမဖြစ်သလို အခက်အခဲလည်းမရှိပါဘူး။ ပဲစင်းငုံဈေးကွက် မသေချာတော့တဲ့အတွက် တောင်သူအများစုက ဖရဲ သခွားကို ပြောင်းစိုက်လာတာ။ တောင်သူဦးရေက ထင်မထားရလောက်အောင်ကို များလာနေတာကို တွေ့ရပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ဖရဲ သခွား စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးလွင်က ပြောပြသည်။

ယခု ၂၀၁၇ ခုနှစ်တွင် သခွားမွှေးကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးနေကြပြီဖြစ်ပြီး ဖရဲကို ဇူလိုင်လကတည်းက စတင်စိုက်ပျိုးခြင်းဖြစ်ရာ တရုတ်နယ်စပ်ဈေးကွက်တွင် ယခင်နှစ်များက ယခုအချိန်ဆိုလျှင် အရောင်းအဝယ်ကောင်းမွန်စွာ မဖြစ်သေးသော်လည်း ယခုနှစ်တွင် စက်တင်ဘာကတည်းက အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ယခင်နှစ်များက အောက်တိုဘာ လဝက်ကာလတွင်မှ ဈေးကွက်စတင်လှုပ်ရှားကာအရောင်းအဝယ် စဖြစ်လေ့ရှိသော်လည်း ယခုနှစ်တွင် အရောင်းအဝယ်ဈေးကွက် စောစီးစွာပွင့်ခြင်းနှင့်အတူ ပွင့်လာသောဈေးကွက်သည် တောင်သူများအတွက် ဈေးကောင်းသည်ဟု ပြော၍မရသော်လည်း တောင်သူများ နစ်နာဆုံးရှုံးမှုမရှိကြောင်း နယ်စပ်ဈေးကွက်သို့ပို့ပေးနေသည့် ချောင်းဦးမြို့နယ် ဖရဲစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

လက်ရှိအချိန်တွင် ကုန်းပိုင်းအရပ် ပဲစင်းငုံမြေဖြစ်သော ချောင်းဦးနှင့် မြောင်ဒေသ ဖရဲစိုက်တောင်သူများအနေဖြင့် တရုတ်နယ်စပ်ဈေးကွက်သို့ တစ်ရက်လျှင် ဖရဲကားကြီး ၁၅ စီးမှ အစီး ၂၀ ကြား ပို့ဆောင်နေရပြီဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ဖရဲ၊ သခွားမွှေးစိုက်ရာသီတွင် ဒေသခံ နှစ်သိန်းကျော်အား အလုပ်အကိုင်များ ဖန်တီးပေးနိုင်

**ချောင်းဦး အောက်တိုဘာ ၁၈**
ဖရဲ သခွားမွှေးသီးနှံကို ပြည်တွင်းတွင် စိုက်ပျိုးထုတ်လုပ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ဈေးကွက်မှတစ်ဆင့်တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိသော နိုင်ငံခြားဝင်ငွေရ စိုက်ပျိုးရေးလုပ်ငန်းတစ်ခုဖြစ်ရာ နှစ်စဉ် ဖရဲ သခွားမွှေးစိုက်ရာသီတွင် စိုက်ပျိုးရေးလုပ်ငန်းများတွင် ဒေသခံပြည်သူ နှစ်သိန်းကျော်ကို အလုပ်အကိုင်များ ဖန်တီးပေးနိုင်ကြောင်း သိရသည်။

"ဖရဲတစ်ဧကစိုက်ဆိုရင် တစ်ရက်ကိုလုပ်သားပုံမှန် နှစ်ယောက်ငှားရတယ်။ သခွားမွှေးမှာ တစ်ဧကစိုက်ကို လုပ်သားလေးယောက်ငှားရတယ်။ စိုက်ပျိုးရေးလုပ်တဲ့ကျေးရွာတွေက ဒေသခံတွေအပြင် အနီးဝန်းကျင် ကျေးရွာတွေက ပြည်သူတွေလည်း အလုပ်အကိုင်တွေရတယ်။ စိုက်ပျိုးရေးရာသီတစ်လျှောက်လုံးမှာ ဝင်ငွေပုံမှန်ရတဲ့အတွက်သူတို့လည်းအဆင်ပြေသလို စိုက်ပျိုးရေးတောင်သူတွေအနေနဲ့ကလည်း အချိန်ကိုက်စိုက်ပျိုးထုတ်လုပ်နိုင်တဲ့အတွက် နှစ်ဦးနှစ်ဖက်အဆင်ပြေတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ဖရဲ၊သခွားမွှေးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအစုအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလွင်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကသာ၊ ထီးချိုင့်၊ ကန့်ဘလူ၊ တန့်ဆည်၊ ရေဦး၊ ခင်ဦး၊ အရာတော်၊မြင်းမူ၊ ချောင်းဦး၊ မုံရွာမြို့နှင့် စစ်ကိုင်းမြို့နယ်တို့၌ အများဆုံး စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုနှစ် ဖရဲ၊ သခွားမွှေးစိုက်ရာသီတွင် အဆိုပါမြို့နယ်များတွင် ဖရဲသီးစိုက်ဧက ၅၀၀၀၀ ကျော်နှင့် သခွားမွှေးစိုက်ဧက ၂၀၀၀၀ ကျော်ကို စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ရာ ၎င်းမြို့နယ်များရှိ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရာကျေးရွာများမှ ဒေသခံပြည်သူ နှစ်သိန်းကျော်ကို အလုပ်အကိုင်များ ဖန်တီးပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## ကမ္ဘာ့လက်ဆေးခြင်းနေ့ အခမ်းအနားကျင်းပ

**မလှိုင် အောက်တိုဘာ ၁၈**
မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းသည် LIFT က လှူဒါန်းသော ရန်ပုံငွေဖြင့် မလှိုင်မြို့နယ်အတွင်း LEGACY စီမံကိန်းကို SCI, IPA , PGMF တို့နှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ကမ္ဘာ့လက်ဆေးနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက မလှိုင်မြို့ မြို့သစ်အထက(ခွဲ) ကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက အဖွင့်အမှာစကားပြောကြားပြီး စီမံချက်အရာရှိ ဒေါ်မြမြသွေးက လက်ဆေးခြင်းနေ့ ဖြစ်ပေါ်လာပုံအကြောင်းနှင့် လက်ဆေးခြင်းအဆင့်ဆင့်အား ရှင်းလင်း ပြောကြားခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းမှ သူနာပြုဆရာမလေးများက လက်ဆေးခြင်းအဆင့်ဆင့်အား လက်တွေ့သရုပ်ပြပေးပြီး မြို့သစ်အထက(ခွဲ)မှ စတုတ္ထတန်းနှင့် ပဉ္စမတန်းမှ ကျောင်းသား ကျောင်းသူလေးများက လက်တွေ့ လက်ဆေးနည်းကို ထပ်မံသရုပ်ပြသပေးခဲ့သည်။

ထို့နောက် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ဆက်လက်ကျင်းပရာ စတုတ္ထတန်းကျောင်းသား ကျောင်းသူများ၊ ပဉ္စမတန်း ကျောင်းသား ကျောင်းသူများ၊ ရုံးတော၊ ကံစွယ်၊ ကုန်းတဲစသည့်ကျေးရွာများမှ စိတ်ဝင်စားသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသူများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့သည်။

ထို့အပြင် လက်ဆေးခြင်းအဆင့်ဆင့် သရုပ်ပြသပေးခဲ့သော ကျောင်းသား ကျောင်းသူများကိုလည်း စီမံချက်အရာရှိနှင့် ကျောင်းအုပ်ဆရာမကြီးတို့က ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **အောင်ဌေး(မလှိုင်)**



## ချင်းပြည်နယ် မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဟားခါး၌ကျင်းပ

**ဟားခါး အောက်တိုဘာ ၁၈**
ချင်းပြည်နယ် မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၇ ရက် နံနက် ၉ နာရီက ဟားခါးမြို့ မြို့တော်ခန်းမ၌ ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဝီကော၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ချင်းပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်၊ မြို့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ချင်းပြည်နယ် ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဝီကောနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲတို့က အမှာစကားပြောကြားကြပြီး ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးဆလိုင်းအိုက်ဇက်ခင်က မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့် (ငြိမ်း) (ပြင်ပ ပညာရှင်)က မြို့ပြစီမံကိန်းနှင့် ပတ်သက်၍ သိသင့်သိထိုက်သည့် အချက်များကိုလည်းကောင်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်ကျော်က မြေယာစီမံခန့်ခွဲရေး အကြောင်းကိုလည်းကောင်း၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိုးမိုးလှိုင်က မြို့ပြစီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရာတွင် အဓိက လိုအပ်ချက်များအကြောင်းကိုလည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

**ပြည်နယ်(မြန်/ဆက်)**

# ဆရာမောင်စူးစမ်းသို့အလွမ်းပြေ (သို့မဟုတ်) လက်ဇပ်ကား၊ သံလွင်ပင်နှင့် ခိုင်မြဲသောလက်များ

အေး(ကေတုမြေ)

ဆရာမောင်စူးစမ်းကွယ်လွန်သွားခဲ့သည်မှာ သိပ်မကြာခဲ့သေးပါ။ ဆရာရေးသားခဲ့သည့် ဆောင်းပါးတွေ၊ စာအုပ်တွေ၊ ဆရာဘာသာပြန်ဆိုခဲ့သော ဆောင်းပါးများ၊ စာအုပ်များဖြင့် ဘောဂဗေဒအတွေးအခေါ်များကို လေ့လာနိုင်ခဲ့သလို၊ ကမ္ဘာကြီးနှင့်လည်း ထိတွေ့ခွင့်ရခဲ့ပါသည်။ ကျေးဇူးပါဆရာ။ အခုလက်ရှိမှာ ဖြစ်ပေါ်နေတဲ့ အခြေအနေတွေကြောင့် ဆရာ့ကိုသတိရမိသလို ဆရာဘာသာပြန်ခဲ့တဲ့ 'လက်ဇပ်ကားနှင့် သံလွင်ပင်' ဆိုတဲ့စာအုပ်ကို သတိရသွားပြီး သိမ်းထားတဲ့ စာအုပ်တွေထဲက ပြန်ရှာဖတ်မိသည်။ မူရင်းစာရေးဆရာမှာ Thomas L. Friedman ဖြစ်ပြီး "The Lexus and The Olive Tree: understanding globalization" ဆိုသည့် စာအုပ်အမည်ဖြင့် ၁၉၉၉ ခုနှစ်မှာ ထုတ်ဝေခဲ့ပါသည်။ ဆရာမောင်စူးစမ်းက ၎င်းစာအုပ်ကို ဘာသာပြန်ရေးသားခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ပြည်သူ့ရေးရာဌာန အမေရိကန်သံရုံးမှ ထုတ်ဝေခဲ့သည်။

**သံလွင်ပင်လေးရဲ့ အားပြိုင်မှု**

စာအုပ်တွင်ရေးသားထားသော အကြောင်းအရာများသည် ၁၉၉၀ ပြည့်နှစ်များ၏ Globalization အကြောင်းအရာများကို မီးမောင်းထိုးရေးပြထားခြင်းဖြစ်သည်။

> မျိုးဆက်သစ်တွေ၊ လူမမယ်ကလေးတွေကိုတော့ အမုန်းတွေ၊ အာဃာတတွေ၊ ဆင်းရဲမွဲတေမှုတွေ၊ ခေါင်းငုံ့မျက်နှာငယ်မှုတွေ ကြားထဲမှာ မထားခဲ့ဖို့ . . .

စာရေးသူကတော့ ဤစာအုပ်ပါအကြောင်းအရာများထဲမှ စာအုပ်နာမည်အဖြစ်ယူထားသည့် 'လက်ဇပ်ကားနှင့်သံလွင်ပင်'ခေါင်းစဉ်ဖြင့် ရေးထားသောအခန်းကို ပို၍နှစ်သက်မိသည်။ ကိုယ်နိုင်ငံနှင့်လည်း တိုက်ဆိုင်နေသလားလို့ယူဆမိ၍ပါ။ ၎င်းအခန်းတွင် လက်ဇပ်ကားက ဖွံ့ဖြိုးနေသောကမ္ဘာလုံးဆိုင်ရာဈေးကွက်များ၊ ဘဏ္ဍာရေးအဆောက်အအုံများနှင့် အဆင့်မြင့်နည်းပညာကို ကိုယ်စားပြုထားပြီး (တစ်နည်းအားဖြင့် Globalization ayghav) သံလွင်ပင်ကတော့ လူသားတို့ရဲ့ ဇာစ်မြစ်၊ လူသားမျိုးနွယ်တို့ရဲ့ အမှတ်သညာ၊ ဒေသနေရာတို့အပြင် မိသားစု၊ လူအဖွဲ့အစည်းတစ်ခု၊ မျိုးနွယ်စုတစ်ခု၊ နိုင်ငံတစ်နိုင်ငံကိုဖြစ်စေ ကိုယ်စားပြုသည်လို့ တင်စားရေးဖွဲ့ထားပါသည်။ Globalization နှင့် သံလွင်ပင်လေးရဲ့ အားပြိုင်မှုကိုလည်း ဤအခန်းတွင်ဖော်ပြထားပါသည်။

စာရေးသူအကြိုက်ဆုံးအပိုင်းလေးက ဂျပန်နိုင်ငံ တိုယိုတာကားကုမ္ပဏီမှာ စက်ရုပ်များသုံးပြီး နောက်ဆုံးပေါ်လက်ဇပ်ကားတွေထုတ်နေချိန်မှာ အရှေ့အလယ်ပိုင်းနိုင်ငံတွေမှာတော့ သံလွင်ပင်လေးအတွက် ရန်ဖြစ်နေကြသည်ဆိုသည့်သတင်းနှစ်ပုဒ်ကို ချိတ်ဆက်ပြထားသည့်အပိုင်းပဲဖြစ်ပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အဆင့်မြင့်နည်းပညာများကို အသုံးပြုပြီး နေ့စဉ်လူနေမှုဘဝများကို ခေတ်မီတိုးတက်အောင်၊ အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်အောင်ဆောင်ရွက်နေချိန်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများမှာတော့ အသက်ရှင်နေထိုင်ရေးအတွက် ဝန်ပိုတွေ (လယ်ယာစိုက်ပျိုးရေးတွင် စက်စွမ်းအားမသုံးနိုင်ခြင်း၊ သောက်သုံးရေနှင့် လောင်စာရရှိမှုအတွက် ထင်းခွေ၊ ရေခပ်နေရခြင်း) ထမ်းနေရဆဲဟု သုံးသပ်ပြထားပါသည်။

**ထုတ်လုပ်မှုစွမ်းအားတွက်နိုင်**

ယနေ့အချိန်ဆိုလျှင် ဤစာအုပ်ထွက်ခဲ့ပြီးသည်မှာ ဆယ်စုနှစ်နှစ်စုနီးပါး ရှိနေပြီဖြစ်ပါသည်။ ဤအချိန်ကာလအတွင်းမှာ ဖွံ့ဖြိုးပြီးနိုင်ငံတွေရဲ့ နည်းပညာတိုးတက်မှုအတိုင်းအတာ၊ သူတို့တွေရဲ့ ထုတ်လုပ်နိုင်မှုစွမ်းအား မည်မျှအထိတက်သွားမလဲဆိုတာ မှန်းကြည့်စရာမလိုပါ။ သူတို့ထုတ်ထားတဲ့၊ ထုတ်လုပ်နေတဲ့ ပစ္စည်းများ ကြည့်ရင်သိနိုင်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ရော ဘယ်လိုတိုးတက်ပြောင်းလဲမှုတွေ ဖြစ်ခဲ့သလဲ။ အိမ်နီးချင်း အာဆီယံနိုင်ငံများတွင် ပြောင်းလဲသွားကြပြီလား။ မိမိတို့နိုင်ငံမှာရော လွန်ခဲ့သည့်ဆယ်နှစ်ကျော်ကထက် မည်သည့်ကဏ္ဍများတွင် ထုတ်လုပ်မှုစွမ်းအားတွေသိသာစွာတက်သွားပါသလဲ။ နေ့စဉ်အသက်ရှင်နေထိုင်ဖို့အတွက် ဝန်ထုပ်တွေ လျော့ကျသွားပါသလား။ မိုးလင်းမျက်နှာသစ်ချိန်မှစလို့ ညအိပ်ရာဝင်ချိန်အထိ မြန်မာပြည်တွင် ထုတ်လုပ်သည်ဆိုသောပစ္စည်း ဘယ်နှမျိုးလောက်ကို မိမိရဲ့နေ့စဉ်စားသောက်ကုန်၊ လူသုံးကုန်ထဲမှာပါဝင်နေပါသလဲ၊ တစ်ဖက်တွင်လည်း ဘယ်လိုပစ္စည်းမျိုးတွေများ နိုင်ငံတကာကို တင်ပို့ရောင်းချနေနိုင်ပါပြီလဲဆိုတာတွေကိုကြည့်လျှင် မိမိနိုင်ငံရဲ့ ထုတ်လုပ်မှုစွမ်းအားကို တွက်နိုင်မည်ဟုထင်ပါသည်။

ဒီနေရာမှာလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဘာသာရပ်နှင့်ပတ်သက်လျှင် နိုင်ငံတကာတက္ကသိုလ်များနှင့် မြန်မာနိုင်ငံရှိ စီးပွားရေးတက္ကသိုလ်များတွင် ရည်ညွှန်းစာအုပ်အဖြစ်အသုံးပြုပြီး ဘောဂဗေဒဘာသာရပ် လေ့လာသူများလည်း ဖတ်ရှုကြရသည့် Todaro\ Economic Development စာအုပ်မှ ဖွံ့ဖြိုးမှုနှင့် ပတ်သက်သည့် အကြောင်းအရာတစ်ခုကို သတိရမိပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံအချို့ (ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်ဝမ်) တို့တွင် လူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှုကွဲပြားခြားနားမှုနည်းပါးပြီး ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် ကွဲပြားခြားနားမှုများသည်ကို တွေ့ရသောကြောင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဤအချက်က အဟန့်အတားဖြစ်စေနိုင်သည်ဟု စဉ်းစားစရာရှိပါသည်။ သို့သော်လည်း ထိုမတူကွဲပြားမှုများသည် ဖန်တီးနိုင်စွမ်းအားနှင့် ဆန်းသစ်တီထွင်မှုများ၏ ဇာစ်မြစ်ဖြစ်သည်ကို အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးစွမ်းအားဖြင့် ဥပမာပြထားပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရခြင်း၊ မရခြင်းသည် ထိုမတူကွဲပြားမှုများကို ပေါင်းစည်းနိုင်မှု ရှိ-မရှိအပေါ် မူတည်လိမ့်မည်ဟု သုံးသပ်ထားပါသည်။

**ဘယ်တော့များမှ လျှောက်လှမ်းနိုင်**

သံလွင်ပင်လေးကို အားလုံးကချစ်ကြမှာပါ။ အားလုံးကလည်း ချစ်ရမည်၊ မြတ်နိုးရမည် ဖြစ်ပါသည်။ ဒါပေမယ့် ဒီသံလွင်ပင်အပေါ်မှာ စာရေးသူတို့တွေ အငြင်းပွားနေကြဦးမည်ဆိုလျှင် ဘယ်တော့များမှ City Mart လို ဈေးဝယ်စင်တာတွေရဲ့ စင်တွေမှာ ကိုယ်နိုင်ငံထုတ်စားသုံးကုန်၊ လူသုံးကုန်ပစ္စည်းတွေ လွှမ်းမိုးနေရာယူထားတာ တွေ့ရမလဲ။ မြန်မာနိုင်ငံပြီလို့ အားကစားပွဲတွေမှာ အထူးသဖြင့်ပြည်သူတော်တော်များများ စိတ်ဝင်စားသည့် ဘောလုံးပွဲလိုမျိုးမှာ အားရပါးရ ဟစ်ကြွေးခွင့် ဘယ်တော့များမှရပါ့မလဲ။ (တိုင်းပြည်တစ်ခု အစစအရာရာ တိုးတက်လာမှသာ အားကစားအခန်းကဏ္ဍလည်း ဦးမော့လာမည်ဟု စာရေးသူကယူဆပါသည်။) ကမ္ဘာနိုင်ငံများအလယ်မှာ မြန်မာဟော့လို့ လက်မထောင်၊ရင်ကော့ပြီး ဘယ်တော့များမှ လျှောက်လှမ်းနိုင်ပါ့မလဲ။

စာရေးသူတို့က အသက်ကြီးပိုင်းထဲရောက်ပါပြီ။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုရဲ့အရသာ ခံစားခွင့်ရမယ်၊ မရမယ်မသေချာပါ။ သေချာတာတစ်ခုပဲ ရှိပါသည်။ စာရေးသူတို့ရဲ့ မျိုးဆက်သစ်တွေ၊ လူမမယ်ကလေးတွေကိုတော့ အမုန်းတွေ၊ အာဃာတတွေ၊ ဆင်းရဲမွဲတေမှုတွေ၊ ခေါင်းငုံ့မျက်နှာငယ်မှုတွေကြားထဲမှာ မထားခဲ့ဖို့ပါ။ ဒါတွေကိုအမွေအဖြစ် မပေးခဲ့ဖို့ပါ။ သံလွင်ပင်လေးနဲ့ ပတ်သက်ပြီး ကိုယ်အချင်းချင်း ငြင်းခုံနေတာထက် အဲဒီသံလွင်ပင်လေးဖွံ့ဖြိုးရှင်သန်လာအောင် ထိန်းသိမ်းစောင့်ရှောက်ဖို့ တစ်ယောက် တစ်လက်အားနဲ့ ဝိုင်းဝန်းလုပ်ဆောင်သင့်သည်ဟု စာရေးသူထင်မြင်ယူဆမိပါသည်။ ။

**ရည်ညွှန်း**
**မောင်စူးစမ်း(၂၀၀၃)**
**'လက်ဇပ်ကားနှင့်သံလွင်ပင်' ပြည်သူ့ရေးရာဌာန၊ အမေရိကန်သံရုံး**

Thomas L. Friedman (1999), "The Lexus and The Olive Tree: understanding globalization", Farrar, Straus and Giroux, New York.

Todaro, Michael P. and Smith, Stephen C., (2003),"Economic Development", eight edition, Addison-Wesley, Chapter 2.

# မျက်စဉ်းခတ်ရင် ဘယ်လိုခတ်မလဲ

ပြည့်အောင်(COA)

မျက်စဉ်းခတ်ခြင်းကို သာမန်ကိစ္စအဖြစ် ယူဆဖွယ်ရာဖြစ်သော်လည်း စင်စစ်အားဖြင့် စနစ်ကျရန် လိုပါသည်။ မျက်စိခြောက်သွေ့ခြင်းနှင့် မျက်စိနာခြင်းကဲ့သို့သော သာမန်မျက်စိဝေဒနာများအတွက် မျက်စဉ်းခတ်ရန်လိုသကဲ့သို့ အတွင်းတိမ်နှင့်ရေတိမ်ကဲ့သို့ အရေးကြီးသည့် မျက်စိဝေဒနာများတွင်လည်း မျက်စဉ်းခတ်ကြရသည်ဖြစ်ရာ မျက်စဉ်းခတ်ခြင်းသည် မျက်စိကုသရေးတွင် အရေးပါသော အလုပ်တစ်ခုဖြစ်ပါသည်။ ထို့ပြင် မျက်စဉ်းခတ်ခြင်းကို ကျန်းမာရေးပညာရှင်များက အခါခပ်သိမ်း ပြုလုပ်မပေးနိုင်ပေ။ ကာယကံရှင်ကိုယ်တိုင်နှင့် မိသားစုဝင်များက ပြုလုပ်ကြရသည်ဖြစ်ရာ ကျန်းမာရေးအသိဖြင့် စနစ်တကျလုပ်တတ်ရန်လိုပါသည်။ သို့မှသာ နောက်ဆက်တွဲပေါ်ပေါက်လတ္တံ့သော ဆိုးကျိုးများမှ ကင်းဝေးမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ မျက်စဉ်းခတ်လျှင် အောက်ပါအတိုင်း အဆင့်ဆင့်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ မျက်စဉ်းခတ်ရာတွင် အခြားသူတစ်ဦးဦး (လူနာစောင့်၊ မိသားစုဝင်) က ခတ်ပေးလျှင်ပို၍ကောင်းပါသည်။ ဤဆောင်းပါးတွင် ကာယကံရှင်ကိုယ်တိုင်ဆောင်ရွက်ပုံကို ရေးသားထားသော်လည်း၊ မျက်စဉ်းခတ်ပေးသောသူက အဓိကလိုက်နာဆောင်ရွက်ပေးရန်ဖြစ်ပါသည်။

(၁) ရှေးဦးစွာ ဆပ်ပြာနှင့်ရေကို လုံလုံလောက်လောက် အသုံးပြုပြီး မိမိ၏ လက်နှစ်ဖက်စလုံးကို ဆေးကြောပါ။



(၂) မိမိအသုံးပြုမည့် မျက်စဉ်းဘူးအား သေချာစွာ စစ်ဆေးပါ။ ရက်လွန်(Expiry Date) ဖြစ်နေသလား။ အဖုံးတွင် အက် (chipped)နေသလား၊ ပွဲ့ (cracked) နေသလား စသည်ဖြင့်စစ်ဆေးရပါမည်။ ဆေးရုံ၊ ဆေးခန်း၊ ဆရာဝန်တို့မှပေးသော မျက်စဉ်းပင်ဖြစ်စေကာမူ စစ်ဆေးရန် မပျက်ကွက်ပါနှင့်။ အက်၊ ပွဲ့၊ ရက်လွန်နေလျှင် အသုံးမပြုသင့်ပါ။

(၃) မျက်စဉ်းဘူး အဖုံးကိုမဖွင့်မီ သန့်စင်စေရန်ပြုလုပ်ပါ။(အရက်ပြန် သင့်ရုံဆွတ်ထားသော ဂွမ်းစဖြင့်ပွတ်၍ သန့်စင်စေလျှင် ပိုကောင်း၏)အဖုံးကိုဖွင့်သောအခါ မျက်စိနှင့် ရှောင်လွှဲ (avoid) ၍ ဖွင့်ပါ။

(၄) လူနာ၏ဦးခေါင်းကို အနည်းငယ်မော့ပါ၊ မျက်စဉ်းခတ်မည့် မျက်စိ၏အောက်မျက်ခွံကို မိမိ၏ လက်ညှိုးဖြင့် မျက်ခွံ၏အတွင်းဘက် အောက်ခြေရှိ အချိုင့်ငယ်ပေါ်လာသည်အထိ အောက်သို့ဆွဲချထားပါ။ (ပက်လက်အိပ်သော အနေအထားသည် ပို၍ကောင်းပါသည်)။



(၅) ကျန်လက်တစ်ဖက်ဖြင့် မျက်စဉ်းဘူး၏ ထိပ်ဘက်ကို အောက်တွင်ထား၍ မျက်စိ၏အပေါ်ဘက်တွင် ကိုင်ထားပါ။မျက်စဉ်းဘူး၏ ထိပ်ဖြင့်မျက်စိကို လုံးဝမထိမိပါစေနှင့်၊ သင့်တော်သော အနီးကပ်ဆုံး အကွာအဝေးတွင် မျက်စဉ်းဘူးကိုထားပါ။

(၆) ခေါင်းမော့ထားသော အနေအထားနှင့် မျက်ခွံကိုဆွဲထားသော လက်၏အနေအထား မှုတစွာ ရှိနေပါစေ။

(၇) မျက်လုံးကို အထက်သို့ကြည့်ထားပါ။ မျက်စဉ်းဘူးကို သတိဖြင့် ဖြည်းညင်းစွာညှစ်ပါ။ ထိုအခါ လက်ညှိုးဖြင့် ဆွဲထားသော အောက်မျက်ခွံ၏အတွင်းဘက် ချိုင့်ခွက်ထဲသို့ မျက်စဉ်းတစ်စက်ကျလာပါလိမ့်မည်။အောက်မျက်ခွံကို ဆွဲထားသော လက်ညှိုးကို ဖယ်ရှားလိုက်ပါ။ **စာမျက်နှာ ၂၁ သို့**



အနုပညာ

# အနုပညာနယ်ပယ်ထဲက သူတို့ . . .



## နယ်လှည့်ဖျော်ဖြေပွဲတွေကို ရွှေ့ဆိုင်းလိုက်တဲ့ အက်ဒ်ရှီရန်

ဗြိတိန်ပေါ့ပ်ကြယ်ပွင့် အက်ဒ်ရှီရန်ဟာ လတ်တလောမှာ ယာဉ်တိုက်မှုတစ်ခုကြောင့် ဆေးရုံရောက်ခဲ့ရကာ လက်မောင်းကျိုးခဲ့တာဖြစ်ပါတယ်။ ဒီလိုထိခိုက်ဒဏ်ရာရခဲ့တာကြောင့် အက်ဒ်ရှီရန်ဟာ ဆရာဝန်တွေရဲ့စကားတွေကိုလိုက်နာကာ နောက်ဆုံးမှာတော့ သူ့ရဲ့လက်ရှိပြုလုပ်နေတဲ့ နယ်လှည့်ဖျော်ဖြေရေးအစီအစဉ်တွေကို ရွှေ့ဆိုင်းဖို့အတွက် သဘောတူလိုက်ပြီဖြစ်ကြောင်း အမ်တီဗွီဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလော ကမ္ဘာတစ်လွှားမှာ ရေပန်းစားလျက်ရှိတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Shape of You" တေးသီချင်းရဲ့ တေးသံရှင် အက်ဒ်ရှီရန်ဟာ ပြီးခဲ့တဲ့ အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းက လန်ဒန်မှာ စက်ဘီးစီးနေစဉ် ကားတစ်စီးနဲ့ တိုက်မိခဲ့တာကြောင့် သူ့ရဲ့လက်မောင်းကျိုးသွားခဲ့ပုံရကာ ဆေးရုံမှာ ကုသမှုခံယူခဲ့ရတာဖြစ်ပါတယ်။ အက်ဒ်ရှီရန်က သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ကျောက်ပတ်တီးစီးထားရတဲ့ သူ့ရဲ့ဓာတ်ပုံကို ဖော်ပြခဲ့ပြီး ဒဏ်ရာရခဲ့ကြောင်း ပရိသတ်တွေကို အသိပေးခဲ့တာဖြစ်ပါတယ်။

အွန်လိုင်းမီဒီယာပေါ်မှာ ပရိသတ် ၁၅ သန်းကျော်ပိုင်ဆိုင်ထားတဲ့ အက်ဒ်ရှီရန်က ဒီလိုထိခိုက်ဒဏ်ရာရခဲ့တာကြောင့် သူ့ရဲ့နယ်လှည့်ဖျော်ဖြေရေးအစီအစဉ်တွေအနက် မကြာမီမှာ ကျင်းပသွားဖို့ရည်ရွယ်ထားတဲ့ပွဲတွေကို ဖျက်ရနိုင်ဖွယ်ရှိကြောင်းနဲ့ ပရိသတ်တွေကို အချိန်နဲ့တစ်ပြေးညီ အသိပေးသွားမှာဖြစ်တဲ့အတွက် သတင်းတွေကို နားစွင့်နေစေလိုကြောင်းလည်း တစ်ပါတည်းရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။ အဲဒီနောက် ပြီးခဲ့တဲ့ အောက်တိုဘာ ၁၇ ရက်မှာတော့ အက်ဒ်ရှီရန်က သူ့ရဲ့နယ်လှည့်ဖျော်ဖြေရေးအစီအစဉ်တွေကို ရွှေ့ဆိုင်းလိုက်ပြီဖြစ်ကြောင်း သူ့ရဲ့လူမှုကွန်ရက်စာမျက်နှာဖြစ်တဲ့ အင်စတာဂရမ်ပေါ်ကနေတစ်ဆင့် အသိပေးလိုက်တာဖြစ်ပါတယ်။

လတ်တလောမှာ အသက်(၂၆)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂရမ်မီဆုရှင် ဗြိတိန်ပေါ့ပ်ကြယ်ပွင့်အက်ဒ်ရှီရန်ဟာ သူ့ရဲ့နောက်ဆုံးသော နယ်လှည့်ဖျော်ဖြေရေးပွဲစဉ်တွေကို ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း စတင်ခဲ့တာဖြစ်ပါတယ်။ လတ်တလောမှာ ခေတ္တရပ်နားနေတဲ့ ဖျော်ဖြေရေးပွဲတွေကိုတော့ လာမယ့် အောက်တိုဘာ ၂၂ ရက်မှာ ပြန်လည်စတင်သွားမှာဖြစ်ပြီး ယခင်အစီအစဉ်အရ လာမယ့် ၂၀၁၈ ခုနှစ် နိုဝင်ဘာမှာမှ ပြီးဆုံးမှာဖြစ်ပါတယ်။ ဒါပေမယ့် လတ်တလောဖြစ်ပွားခဲ့တဲ့ထိခိုက်မှုကြောင့် ဖျော်ဖြေပွဲတွေကို သတ်မှတ်ရက်မှာ ကျင်းပနိုင်ခြင်းမရှိတော့ဘဲ ရွှေ့ဆိုင်းလိုက်ရတာဖြစ်ပါတယ်။ အက်ဒ်ရှီရန်က သူ့ရဲ့နယ်လှည့်ဖျော်ဖြေပွဲတွေအနက် လာမယ့် အောက်တိုဘာ ၂၂ ရက်မှာ ပြုလုပ်သွားမယ့်ပွဲတွေကို နိုဝင်ဘာ ၅ ရက်ကို ရွှေ့ဆိုင်းလိုက်ကြောင်း ကြေညာခဲ့တာဖြစ်ပါတယ်။

အေးပြည့်
စုစည်းသည်

## ပျော်ရွှင်ဖို့အတွက် ရုန်းကန်နေရတဲ့ ဆူဇီ



ဆူဇီက မကြာသေးမီကပြုလုပ်ခဲ့တဲ့ ရုပ်သံအင်တာဗျူးတစ်ခုမှာတော့ သူ့ရဲ့ဘဝမှာ လက်ရှိအချိန်အထိ အလွန်ပျော်ရွှင်ခဲ့ရတဲ့ ခံစားချက်မျိုးမရှိခဲ့ဘဲ ပျော်ရွှင်ဖို့အတွက် ကြိုးစားရုန်းကန်နေထိုင်နေရကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ဖော်ပြချက်တွေအရ သိရပါတယ်။

ဆူဇီဟာ "Party People"ရုပ်သံအစီအစဉ်မှာ ပါဝင်ဖျော်ဖြေတင်ဆက်ခဲ့ကာ အစီအစဉ်တင်ဆက်သူဖြစ်တဲ့ ပါ့ခ်ဂျင်ယောင်းရဲ့ပျော်ရွှင်မှုနဲ့ပတ်သက်တဲ့မေးခွန်းကို ဆူဇီက အထက်ပါအတိုင်း ပြန်လည်ဖြေကြားခဲ့တာဖြစ်ပါတယ်။ ပါ့ခ်ဂျင်ယောင်းက ဆူဇီကို သူ့ရဲ့အောင်မြင်မှုနဲ့ လက်ရှိအလုပ်အပေါ် ပျော်ရွှင်ခြင်းရှိ မရှိ မေးမြန်းခဲ့ရာမှာ ဆူဇီက သူ့အတွက်တော့ ပျော်ရွှင်စရာအချိန်တွေမှာတောင် ထူးထူးခြားခြားခံစားရတာမရှိကြောင်း တုံ့ပြန်ဖြေကြားခဲ့တာဖြစ်ပါတယ်။ ဆူဇီက "ကျွန်မအနေနဲ့ ပျော်တယ်လို့ဖြေမှ မှန်ကန်တဲ့အဖြေဖြစ်လိမ့်မယ်ထင်တယ်။ ဒါပေမယ့် ပျော်ရွှင်မှုဆိုတာက သရေကွင်းလို အလျှော့အတင်းလိုရာဆွဲလို့ရတာမဟုတ်တော့ ဆန့်ကျင်ဘက်အဖြေပဲ ပေးရမှာဖြစ်ပါတယ်"လို့ ပြောကြားခဲ့တာဖြစ်ပါတယ်။ ဆူဇီက အနုပညာထူးချွန်ဆုတွေရရှိတဲ့အချိန်တွေမှာ ပျော်နေရမှာဖြစ်ပေမယ့် သူကတော့ အများနဲ့မတူညီတဲ့ခံစားချက်တွေရှိနေတာ ဖြစ်တယ်လို့လည်း ပြောကြားလာခဲ့ပါတယ်။

## အတိတ်မှာ နောင်တတရားတွေမရှိခဲ့ဘူးလို့ဆိုလာတဲ့ ကင်မ်ဆိုးဟွန်

တောင်ကိုရီးယားရဲ့ ကလေးသရုပ်ဆောင်တစ်ဦးအဖြစ် ကျော်ကြားခဲ့ပြီး နောက်ပိုင်းမှာ လူငယ်သရုပ်ဆောင်တစ်ဦးအဖြစ်လည်းကောင်း၊ လက်ရှိမှာ ခေါင်းဆောင်မင်းသမီးတစ်ဦးအဖြစ်လည်းကောင်း နေရာရလာခဲ့ပြီဖြစ်တဲ့ သရုပ်ဆောင် ကင်မ်ဆိုးဟွန်က သူ့ရဲ့လက်ရှိဘဝမှာ နောက်ကြောင်းကိုပြန်လည်စဉ်းစားလိုက်တိုင်း နောင်တရစရာအဖြစ်မရှိခဲ့ကြောင်း ဖွင့်ဟလာခဲ့တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။



ကင်မ်ဆိုးဟွန်ဟာ ကိုရီးယားမဂ္ဂဇင်းတစ်ခုဖြစ်တဲ့ "CeCi"ရဲ့ လာမယ့် နိုဝင်ဘာလထုတ်မဂ္ဂဇင်းမှာ မျက်နှာဖုံးရှင်အဖြစ် ဖော်ပြခြင်းခံခဲ့ရတာဖြစ်ပြီး ယင်းမဂ္ဂဇင်းမှာပါဝင်တဲ့ သူ့ရဲ့အင်တာဗျူးတစ်ခုမှာတော့ သူ့ရဲ့ဘဝနဲ့ပတ်သက်ပြီး အထက်ပါအတိုင်း ဖွင့်ဟခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

"CeCi Korea"မဂ္ဂဇင်းမျက်နှာဖုံးအတွက် သူ့ရဲ့ရင့်ကျက်တဲ့အလှတွေကို လှစ်ဟပြခဲ့တဲ့ ကင်မ်ဆိုးဟွန်က "ကျွန်မရဲ့ပတ်ဝန်းကျင်မှာ အရွယ်ရောက်ပြီးသားလူတွေနဲ့ အမြဲဝန်းရံဆက်ဆံနေရတာဆိုတော့ ကျွန်မရဲ့ဘဝကို ဘယ်လိုဘယ်ပုံ ပုံဖော်သွားရမယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ဖြစ်လာတယ်။ ဒါဟာ ကျွန်မအတွက်တော့ ကောင်းတဲ့အရာပါပဲ" လို့ ပြောကြားလာခဲ့တာဖြစ်ပါတယ်။ ဒ့ါအပြင် ကင်မ်က သူ့အနေနဲ့ ရွယ်တူသူငယ်ချင်းတွေလို ဖြစ်ချင်တဲ့ဆန္ဒတွေရှိခဲ့ပေမယ့် ဘဝမှာ အတိတ်ဖြစ်ရပ်တွေနဲ့ပတ်သက်ပြီး နောင်တရစရာမရှိကြောင်းလည်း ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။

လက်ရှိမှာခေါင်းဆောင်မင်းသမီးအဖြစ် ရုပ်ရှင်တွေနဲ့ ဇာတ်လမ်းတွဲတွေမှာ ပါဝင်သရုပ်ဆောင်နေတဲ့ ကင်မ်ဆိုးဟွန်ဟာ မကြာသေးမီက ရုပ်သံဇာတ်လမ်းတွဲတစ်ခုဖြစ်တဲ့ "While You Were Sleeping"မှာ ဧည့်သရုပ်ဆောင်တစ်ဦးအဖြစ် ပါဝင်ခဲ့တာကိုလည်း တွေ့ရပါတယ်။

## အကယ်ဒမီ အိန္ဒြာကျော်ဇင်ရဲ့ ခန္ဓာကိုယ်အတွက် လေ့ကျင့်ခန်းက လမ်းလျှောက်ခြင်းပါ



မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေတဲ့ သံဓာတ်ချို့တဲ့မှုခေါင်းစဉ်နဲ့ပြုလုပ်တဲ့ စကားဝိုင်းကို တက်ရောက်လာတဲ့ သရုပ်ဆောင်အကယ်ဒမီမင်းသမီးချောလေး အိန္ဒြာကျော်ဇင်ဟာ စကားဝိုင်းမှာ သူမရဲ့ တစ်နေ့တာ အစားအသောက် နေထိုင်မှုပုံစံနဲ့ပတ်သက်ပြီး "တချို့က အူဝဲကို ညဆို ထမင်းမစားဘူးလို့ထင်ကြတယ်။ အမှန်တော့ ညစာစားပါတယ်။ စားတဲ့အခါမှတော့ ပမာဏနည်းနည်းပဲစားပါတယ်။ ညစာ ထမင်းလုံးဝမစားဘဲတော့ မနေနိုင်ဘူး။ အိပ်လည်းမပျော်ဘူး။ နေ့လယ်ဆို ကော်ဖီမသောက်ရရင် မနေနိုင်ဘူး။ တစ်ခါတလေ တစ်နေ့လုံး စားတာများရင်တော့ ညဘက် ခေါက်ဆွဲပြုတ် စားဖြစ်တယ်။ ခန္ဓာကိုယ်အတွက် လေ့ကျင့်ခန်းက နေ့တိုင်း တစ်နာရီလောက် လမ်းလျှောက်တာလုပ်ဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်ခန္ဓာက ဝမလာဘဲ ပိန်နေတယ် ထင်ပါတယ်"လို့ ပြောပြခဲ့ပါတယ်။

## မိခင်ဖြစ်လာတဲ့အခါ အနုပညာအလုပ်လေးတွေ ကျဲသွားရတာပါလို့ပြောလာတဲ့ အမြွှာသမီးလေးတို့မေမေ ချစ်သုဝေ



လက်ရှိ အနုပညာလှုပ်ရှားမှုတွေ အနည်းငယ်ခပ်ကျဲကျဲဖြစ်လာတဲ့အပေါ်မှာ ချစ်စဖွယ်အမြွှာကလေးငယ်များရဲ့ မိခင်လည်းဖြစ်၊ အနုပညာနယ်ပယ်မှာ ပရိသတ်ရဲ့ချစ်ခင်မှုကို ရရှိထားတဲ့ အဆိုတော်၊ သရုပ်ဆောင် ချစ်သုဝေက "အနုပညာအလုပ်ကိုလည်း ချစ်တယ်၊ သမီးလေးတွေကိုလည်း ချစ်တယ်။ မမအတွက် သမီးလေးနှစ်ယောက်က ပထမပေါ့။ အရိုးသားဆုံးဝန်ခံရရင် သမီးလေးတွေအတွက် အချိန်ပိုပေးဖြစ်တယ်။ ပရိသတ်နဲ့ အနုပညာနဲ့လည်း မဝေးချင်ဘူး။ ဒါကြောင့် မမရဲ့ ကိုယ်ပိုင်အချိန်လေးတွေကိုဖဲ့ပြီး အကောင်းဆုံး၊ အတတ်နိုင်ဆုံး၊ ကြော်ငြာလေးတွေ ရိုက်ဖြစ်တယ်။ စတိတ်ရှိုးပွဲတွေမှာ သီချင်းတွေ ပြေးဆိုတယ်၊ သီချင်းသွင်းတယ်။ ကားရိုက်ကတော့ ဘယ်လိုမှ အဆင်မပြေဘူး။ ကလေးနှစ်ယောက်နဲ့ဆိုတော့လေ။ ကလေးတွေ တစ်နှစ်ခွဲ၊ နှစ်နှစ်အထိကတော့ အတတ်နိုင်ဆုံး ရင်အုပ်မကွာပြုစုချင်ပါတယ်။ ပြုစုလည်း ပြုစုနေပါတယ်။ မိခင်ဖြစ်လာတဲ့အခါကျတော့ အနုပညာအလုပ်လေးတွေ ကျဲသွားတာပါ"လို့ မီဒီယာတွေနဲ့ ခဏတာတွေ့ဆုံခိုက်မှာ အခုလိုပြောပြခဲ့ပါတယ်။

## Single Mom အဖြစ် ရပ်တည်နေသူတွေအတွက် နိုဝင်ဘာလထဲမှာ ပြိုင်ပွဲ ထပ်မံကျင်းပဖို့ရှိတယ်လို့ဆိုလာတဲ့ မလှနုထွန်း



အောက်တိုဘာ ၁၅ ရက်က အိမ်ထောင်ရှင်အမျိုးသမီးများ အလှမယ်ပြိုင်ပွဲ Mrs Elegant season 7 ပွဲကို ရန်ကုန်မြို့ Happy World မှာ ကျင်းပပေးခဲ့တဲ့ Style Plus H မှ မလှနုထွန်းက "အိမ်ထောင်ရှိခဲ့ဖူးပေမယ့် အခုအချိန်မှာ Single Mom အဖြစ်ရပ်တည်နေသူတွေအတွက် လာမယ့် နိုဝင်ဘာလထဲမှာ ထပ်မံကျင်းပပေးမှာဖြစ်တဲ့အတွက် ပြိုင်ပွဲနဲ့ပတ်သက်ပြီး သိချင်တာ စုံစမ်းချင်တာရှိရင် Mrs Elegant by Style Plus H ဖေ့ဘွတ်ခ်စာမျက်နှာမှာ ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်"လို့ ဆိုလာပါတယ်။

စုစည်းသူ-သီသီမင်း၊ ဓာတ်ပုံ- မီးငယ်

## ပညာရေး ဖွံ့ဖြိုးတိုးတက်အောင် အမှန်တကယ် လုပ်ဆောင်ကြဖို့လိုအပ်

**လှိုင်ကော် အောက်တိုဘာ ၁၈**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း၊ အမှတ်စဉ် (၁) သင်တန်းဆင်း ဆရာ ဆရာမ ၁၇ ဦး၊ ဒီပလိုမာသင်တန်းဆင်း ခုနစ်ဦး စုစုပေါင်း ၂၄ ဦးတို့အား ကယားပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ဝန်ကြီးတို့က အောက်တိုဘာ ၁၇ ရက် နံနက် ၁၀ နာရီက တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့ပြည်နယ်အတွင်း အခြေခံပညာကျောင်းများတွင် အမှန်တကယ် တာဝန်ထမ်းဆောင်ကြမည့် သင်တန်းဆင်း ဆရာ ဆရာမများအနေဖြင့် ပညာရေးကဏ္ဍကို ကောင်းမွန်အောင် ဆောင်ရွက်ကြဖို့လိုအပ်ပါကြောင်း၊ မိမိတို့ပြည်နယ်၊ မိမိတို့ဒေသ၊ မိမိတို့လူမျိုးများအတွက် ပညာရေး ဖွံ့ဖြိုးတိုးတက်အောင် အမှန်တကယ် လုပ်ဆောင်ကြဖို့လိုအပ်ကြောင်းဖြင့် ပြောကြားပြီး ကယားပြည်နယ် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာအောင်ကျော်ဌေးက အားပေးစကားပြောကြားခဲ့သည်။

ထို့နောက် မိမိတို့ တာဝန်ကျရာ ဒေသများသို့ သွားရောက်ကြမည့် ဆရာ ဆရာမများအတွက် လိုအပ်သော ခရီးစရိတ်များကို ပြည်နယ်ဝန်ကြီးချုပ်က ကူညီပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## ပဲခူးမြို့၌ ဒုတိယအကြိမ်မြောက် ဘာသာပေါင်းစုံ ငြိမ်းချမ်းရေး ဆုတောင်းပွဲကျင်းပ



**ပဲခူး အောက်တိုဘာ ၁၈**

ပဲခူးမြို့ မဇင်းရပ်ကွက် ရွှေသာလျောင်းဘုရားဝင်းရှိ သုဝဏ္ဏရွှေဘုံခန်းမ၌ အောက်တိုဘာ ၁၇ ရက် ညနေ ၆ နာရီက ပဲခူးတိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှကြီးမှူးကျင်းပသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆောင်ရွက်နေသည့် ပြည်ထောင်စု မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ရခိုင်ပြည်နယ်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ဒုတိယအကြိမ် ဘာသာပေါင်းစုံမှ ဆုတောင်းပွဲ ကျင်းပသည်။

ရှေးဦးစွာ မဟာစေတီကန်ကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အရှင်ဥက္ကံသဆရာတော်က သဘာပတိအဖြစ် စီစဉ်ဆောင်ရွက်ကာ ဩဝါဒကထာ မြွက်ကြားပြီး ဗုဒ္ဓဘာသာမှ အရှင်သုဒ္ဓရ (သီရိစန္ဒာရုံကျောင်းတိုက် ဆရာတော်) က ငြိမ်းချမ်းရေးဥယျောဇဉ် ဆုတောင်းမေတ္တာပို့သခြင်းကိုလည်းကောင်း၊ အစ္စလာမ်ဘာသာမှ အလ်မာဂျ်ရှိုက် ဆရာတော်ဒေါက်ဆောင်းလွင်အောင် အစ္စလာမ်မွေ့ဗိမာန်က ငြိမ်းချမ်းရေးဥယျောဇဉ် ဆုတောင်းမေတ္တာပို့သခြင်းကိုလည်းကောင်း၊ ခရစ်ယာန်ဘာသာမှ သိက္ခာတော်ရဆရာတော် မိုင်းရက်စ်ဖာသာစိန်မြင့်ကြည်က ငြိမ်းချမ်းရေးဥယျောဇဉ် ဆုတောင်းမေတ္တာပို့သခြင်းကိုလည်းကောင်း၊ ဟိန္ဒူဘာသာမှ ဟိန္ဒူမြမ္မဘာသာ သင်ကြားပို့ချမှုဗဟိုကော်မတီ စည်းရုံးရေးမှူး ဟိန္ဒူနယ်လှည့်ဓမ္မကထိက ဦးဆန်းမင်းနိုင်က ငြိမ်းချမ်းရေးဥယျောဇဉ် ဆုတောင်းမေတ္တာ ပို့သခြင်းကိုလည်းကောင်း၊ ပရဟိတဆရာတော် ဦးကိတ္တိက ငြိမ်းချမ်းရေးဥယျောဇဉ် ဆုတောင်းမေတ္တာ ပို့သခြင်းကိုလည်းကောင်း၊ ဗုဒ္ဓဘာသာမှ အောင်ဇေယျာဆရာတော် အရှင်သာသနသီရိကလည်းကောင်း အသီးသီး ဆုတောင်းမေတ္တာပို့သခဲ့ကြပြီး တက်ရောက်လာကြသူများက ငြိမ်းချမ်းရေး အလင်းတိုင် မီးညှိကိုင်ဆောင်ကြကာ စုပေါင်းမေတ္တာပို့သခဲ့ကြသည်။

ထို့နောက် ပဲခူးခရိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာစောညိုဝင်းက ကျေးဇူးတင်စကား ပြောကြားသည်

အဆိုပါ ပြည်ထောင်စုမြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ဘာသာပေါင်းစုံ ဆုတောင်းပွဲသို့ ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တာဝန်ရှိများ၊ ဝေါ၊ ကဝ၊ သနပ်ပင်၊ ဒိုက်ဦးမြို့များမှ ပြည်သူလူထုများ၊ ပဲခူးမြို့မှ ဘာသာကြီးလေးခုမှ ဘာသာဝင်များ စုစုပေါင်း ၁၀၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# စည်ပင်သာယာရေးလုပ်ငန်းများအား ပြည်သူများသို့ ပွင့်လင်းမြင်သာစွာရှင်းလင်း

**မြိတ် အောက်တိုဘာ ၁၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့စည်ပင်သာယာရေးကော်မတီမှ စည်ပင်သာယာရေးလုပ်ငန်းများအား ၂၀၁၇-၂၀၁၈ ခုဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းလုပ်ငန်းအသုံးစရိတ်ဖြင့် ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ၂၀၁၈-၂၀၁၉ ခုဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့်ဆောင်ရွက်မည့် အဆိုပြုလုပ်ငန်းများအား အောက်တိုဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီက ကမ်းနားလမ်းရှိ ပုလဲရတနာခန်းမ၌ ပြည်သူများသို့ ပွင့်လင်းမြင်သာစွာ ချပြရှင်းလင်းခဲ့ကြကြောင်း သိရသည်။

ပြည်သူများသို့ စည်ပင်သာယာရေးလုပ်ငန်းများအား ပွင့်လင်းမြင်သာစွာ ချပြရှင်းလင်းရာတွင် မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုကိုက စည်ပင်သာယာရေးလုပ်ငန်းများကို ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်မှုများအား ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် လက်ရှိဘဏ္ဍာရေးနှစ် ရငွေသုံးငွေ လုပ်ငန်းအောင်မြင်မှုနှင့် အခက်အခဲများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကြည်စိုးက ဆွေးနွေးပြောကြားခဲ့ပြီး ၂၀၀၈-၂၀၁၉ ခုဘဏ္ဍာရေးနှစ်တွင် အဆိုပြုဘတ်ဂျက်လုပ်ငန်းဦးစားပေးရွေးချယ်မှုနှင့် အနာဂတ်လုပ်ငန်းစဉ်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့အင်ဂျင်နီယာမှူး ဦးထင်လင်းကျော်က ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးပြီး အကြံပြုဆွေးနွေးခဲ့ရာ မြို့နယ်စည်ပင်ကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုကိုက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ပြီး စည်ပင်သာယာရေးလုပ်ငန်းများကို ပြည်သူနှင့်အတူ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိဂုံးချုပ်စကားပြောကြားခဲ့သည်။ ရှင်းလင်းပွဲသို့ ပြည်သူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာ စည်ပင်သာယာရေးဆပ်ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

မြိတ်မြို့နယ် စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၈-၂၀၁၉ ခုဘဏ္ဍာရေးနှစ်(၄/၂၀၁၈ မှ ၉/၂၀၁၈ထိ) ခြောက်လတာကာလအတွင်း ငွေလုံးငွေရင်းလုပ်ငန်း အသုံးစရိတ်ဖြင့်ဆောင်ရွက်မည့်လုပ်ငန်းများမှာ မြို့ပြလမ်း(၂၂) လမ်းခင်းခြင်း၊ မြို့ပြတံတား ၃၅ စင်း Box Culvert ပြုလုပ်ခြင်း၊ အခြားနှင့် ရေပေးရေးလုပ်ငန်း အမျိုး၂၀ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၈-၂၀၁၉ ခုဘဏ္ဍာရေးနှစ် ၁၀/၂၀၁၈ မှ ၉/၂၀၁၉ထိ ငွေလုံးငွေရင်းလုပ်ငန်း အသုံးစရိတ်ဖြင့် မြို့ပြလမ်း ၃၁ လမ်းခင်းခြင်း၊ မြို့ပြတံတား ၃၈ စင်း Box Culvert ပြုလုပ်ခြင်း၊ အခြားနှင့် ရေပေးရေးလုပ်ငန်း ၁၈ မျိုး ဆောင်ရွက်ရန် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ အဆိုပြုတင်ပြထားကြောင်း၊



အဆိုပြုလုပ်ငန်းများကို အတည်ပြုချက်များ ရရှိပါက ပြည်သူများသို့ ပွင့်လင်းမြင်သာစွာ ချပြရှင်းသွားမည်ဖြစ်ကြောင်း မြိတ်စည်ပင်မှ သိရသည်။

**နိုင်ထူး (မြိတ်ပြန်/ဆက်)**

## ဧရာဝတီမြစ်ကမ်းပါးပြိုကျမှုကြောင့် ရွှေ့ပြောင်းနေစဉ် အိမ်ခြောက်လုံး မြစ်ထဲမျောပါ



**တိုက်ကြီး အောက်တိုဘာ ၁၈**

တိုက်ကြီးမြို့နယ် အဖျောက်မြို့ အုန်းပင်ကွင်းအုပ်စု အေးရွာကျေးရွာတွင် ဧရာဝတီမြစ်ကမ်းပါးများပြိုကျမှုကြောင့် အောက်တိုဘာ ၁၇ရက် နံနက် ၂ နာရီက အိမ်များဖျက်နေစဉ် ရုတ်တရက် ကမ်းပြိုကျပြီး နေအိမ် ခြောက်လုံးမြစ်ထဲသို့ မျောပါသွားကြောင်း အုန်းပင်ကွင်း အုပ်ချုပ်ရေးမှူး ဦးဟိန်းဇော်လတ်က ပြောသည်။

အဆိုပါကမ်းပြိုမှုသည် အသံများမြည်၍ ပေ ၁၀၀ ကျော်ကမ်းပါးပြိုကျလာသဖြင့် လူများအလွတ်ပြေးရကြောင်း၊ မထင်မှတ်ဘဲပြိုကျခြင်းကြောင့် အိမ်ရှိပစ္စည်းများ သယ်ယူခွင့်ပင်မရလိုက်ကြောင်း၊ တခြားသူများ၏ခြံထဲတွင် တဲထိုးနေရန် စီစဉ်နေကြောင်းမြစ်ကမ်းပါးပြိုကျ၍ နေအိမ်မျောပါသွားသူ ဦးဌေးမြင့်က ပြောသည်။

“မြစ်ကမ်းပါးပြိုတာက များလာပြီ။ ပြိုလိုက်ရွှေ့လိုက်နဲ့နေဖို့တောင် အခက်အခဲရှိသွားပြီ။ အခုတစ်ခါပြိုတာအများဆုံးပဲ။ အရင်ကတစ်ခါပြိုရင် ၁၀ ပေလောက်ပြိုတာ၊ ရေရှည်ဆိုရင် အန္တရာယ်ရှိလာနိုင်ပါတယ်” ကမ်းပြို၍ အိမ်ရွှေ့ရသူ တစ်ဦးက ပြောသည်။

အေးရွာတွင် မြစ်ကမ်းပါးပြိုမှုကြောင့် ၂၀၁၆ ခုနှစ် ဇွန် ၂၆ ရက်မှစတင်၍ အောက်တိုဘာ ၁၇ ရက်အထိ လူနေအိမ် ၁၀၀၊ အိမ်ထောင်စု ၁၃၀ ရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။ ကမ်းပြိုမှုကြောင့် တစ်အိမ်ထောင်လျှင် ငွေကျပ်တစ်သိန်းနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ၊ တစ်ဦးလျှင် ခုနစ်ရက်စာ ထောက်ပံ့ငွေများကို နိုင်ငံတော်မှ ထောက်ပံ့ခဲ့ကြောင်း သိရသည်။ အေးရွာကမ်းပါးပြိုသောနေရာသို့ အဖျောက်မြို့ အုပ်ချုပ်ရေးမှူး၊ တိုက်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ သွားရောက်ကူညီပေးခဲ့ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

## စက်ရေတွင်းတူးဖော်မှု စစ်ဆေး

**တွံတေး အောက်တိုဘာ ၁၈**

တွံတေးမြို့နယ်တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် မြတ်ကောင်းကင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသည့် ပြဿတိုက်ကျေးရွာအုပ်စု ကျောင်းစုကျေးရွာတွင် စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း ရေအောင်မြင်မှုအား ခရိုင်ဦးစီးမှူး ဦးကျော်လင်းသန်း (ဒုတိယညွှန်ကြားရေးမှူး)နှင့် တာဝန်ရှိသူများ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက အောက်တိုဘာ တတိယပတ်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**သက်မှူး**






# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ပညာပွင့်ဝေဝေ စံပြစာစီစာကုံးများ




အခြေခံပညာအလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ဝင်တန်းကျောင်းသား ကျောင်းသူများ၏ စာစီစာကုံးဉာဏ်နှင့် ရေးသားတွေးခေါ်နည်း၊ စိတ်ကူးစိတ်သန်းများပွင့်လန်းလာစေရန် ရည်ရွယ်၍ အမျိုးသားစာပေဆုရ မောင်မြင့်ထွန်းစီစဉ်တည်းဖြတ်သည့် ပညာပွင့်ဝေဝေ စံပြစာစီစာကုံးများ စာအုပ်ထွက်ရှိလာသည်။

စာစီစာကုံးသည် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းမြန်မာစာဘာသာရပ်တွင် မပါမဖြစ်၊ မမေးမဖြစ် မေးလေ့ရှိသော၊ အမှတ်အများဆုံးပေးလေ့ရှိသော မေးခွန်းလွှာတစ်ခုပင်ဖြစ်သည်။ ထို့ကြောင့်မြန်မာစာစီစာကုံးကို ကောင်းစွာ ဖြေဆိုနိုင်စေရန် ကျောင်းသား ကျောင်းသူတိုင်းသည် ဆရာကြီးမင်းသုဝဏ်၏အဆိုအမိန့်အတိုင်း စု၊ တု၊ ပြု ရပါမည်။ အရေးအသားကောင်းသော စာစီစာကုံးများကို ရှာဖွေစုဆောင်းသိမ်းဆည်းခြင်း၊ မိမိကိုယ်တိုင်ရေးသားလေ့ကျင့်တုပခြင်း၊ ပြုစုခြင်းများကိုပြုလုပ်ရမည်ဖြစ်သည်။ ထို့အပြင် မြန်မာစာအငြိမ်းစားပါမောက္ခကြီးများနှင့် တက္ကသိုလ်ဝင်တန်းအောင် Top Ten ဝင် ဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူများ၏ စာစီစာကုံးများကိုပါ ထည့်သွင်းဖော်ပြထားသည်။

စာအုပ်ကို အောင်သပြေစာပေ၊ အမှတ်(၅၀၃/၁)၊ မြို့ပတ်မာန်အောင်လမ်း၊ မအူစုရပ်ကွက်၊ ဒါးပိန်မြို့ လှည်းကူးမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၉ - ၇၉၅၃၉၉၈၈၆နှင့် ၀၉ - ၇၈၄၃၄၄၇၄၆တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။

## လက်ကျန်လရောင် စာအုပ် ထုတ်ဝေဖြန့်ချိ




ပုညခင်၏ လက်ကျန်လရောင် လုံးချင်းဝတ္ထုသစ်ထွက်ရှိလာသည်။ မြန်မာတို့၏ တန်ဖိုးထားထိုက်သော ရှေးဟောင်းအမွေအနှစ်ဒေသ ပုဂံမြေကိုနောက်ခံထားကာ မြန်မာ့ယဉ်ကျေးမှုနှင့်တကွ မြန်မာဆန်သော ချစ်ခြင်းမေတ္တာအကြောင်းကို ဖော်ညွှန်းဖွဲ့ဆိုထားသော ဝတ္ထုဖြစ်သည်။

၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် လှုပ်ခတ်ခဲ့သော ပုဂံငလျင်ကြောင့် ဝမ်းနည်းဖွယ် ပြိုပျက်ခဲ့ရသော ရှေးဟောင်းဘုရားပုထိုးစေတီများ၏ နောက်ကွယ်မှ လျှို့ဝှက်ချက်များ၊ ပြဿနာများ၊ သမိုင်းကြောင်းများကို ဖော်ထုတ်လျက် ရိုးသားဖြူစင်သည့် အညာသူအညာသား ချစ်စဖွယ်ဇာတ်ဆောင်များကိုဖန်တီးကာ ရသမြောက်စွာ ရေးယှက်ရေးသားထားသောဝတ္ထုလည်း ဖြစ်သည်။

ဤစာအုပ်တွင် ပုဂံ၏ အလှသာမက ပုဂံ၏ ဘဝ၊ ပုဂံ၏ ဝေဒနာ၊ ပုဂံ၏ အခက်အခဲ၊ ပုဂံ၏ အတွင်းရေးတို့ကို ထဲထဲဝင်ဝင် ရေးသားဖွဲ့ဆိုသည်။ ပုဂံ၏အတိတ်နှင့် ပစ္စုပ္ပန်ကာလများမှ ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းမှုဆိုင်ရာများ၊ ဒေသခံတို့၏လူမှုဘဝများ၊ ယုံကြည်ကိုးကွယ်မှုများ၊ ထိတွေ့ကိုင်တွယ်၍မရသော ယဉ်ကျေးမှုအမွေအနှစ်များနှင့် ထိတွေ့ကိုင်တွယ်၍ရသော အမွေအနှစ်များ၊ မြို့ဟောင်းတူးဖော်ခြင်းများ၊ ယွန်းအနုပညာဖန်တီးမှုများ၊ ယနေ့ခေတ်လူငယ်အင်ဂျင်နီယာများ၏ အတွေးအမြင်နှင့် ပါဝင်ကူညီမှုများ၊ မြန်မာပြည်သူတို့၏ ပြုပြင်သင့်သော စိတ်ဓာတ်များနှင့်တကွ အနာဂတ် ပုဂံ၊ အနာဂတ်မြန်မာပြည်အတွက် ဆင်ခြင်သတိမူထိုက်ဖွယ်ရာများကို မီးမောင်းထိုးပြနိုင်သော ရသမြောက်ပြည်သူ့အကျိုးပြုဝတ္ထုတစ်ပုဒ်အဖြစ် စာအုပ်စင်တွင် ခေတ်အဆက်ဆက် သိမ်းဆည်းအပ်သောစာအုပ်ဖြစ်သည်။

ဤစာအုပ်ကို ပုညခင်စာအုပ်တိုက်၊ တိုက်(၄) (က) အခန်း ၁၁၊ ပါရမီလမ်း၊ ဖုန်း - ၀၉ - ၇၃၁၀၄၂၂၉နှင့် ၀၉ - ၅၀၅၄၂၃၆ တို့မှ တန်ဖိုးငွေကျပ် ၅၅၀၀ ဖြင့် ဖြန့်ချိသည်။

## တန်းမြင့်နှလုံးသား မြတ်ဆရာပူဇော်ပွဲ ငွေရတုအထိမ်းအမှတ်မဂ္ဂဇင်း




ဆရာမကြီးဒေါ်သန်းညွန့် စတင်တည်ထောင်ခဲ့သောကာလမှပင် ပညာသင်ကြားခဲ့သော တာမွေတန်းမြင့်ကျောင်းသားဟောင်းများ၊ အထက(၂)တာမွေကျောင်းသားဟောင်းတို့ပူးပေါင်းစုစည်းထားသည့် တန်းမြင့်နှလုံးသား မြတ်ဆရာပူဇော်ပွဲ ငွေရတုအထိမ်းအမှတ်မဂ္ဂဇင်း စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အပူဇော်ခံ ဆရာကြီး ဆရာမကြီးများ၏စာမူများသာမက လက်ရှိတာဝန်ထမ်းဆောင်နေသော ဆရာကြီး ဆရာမကြီးများ၏ စာမူနှင့်ဓာတ်ပုံများကိုပါထည့်သွင်းဖော်ပြထားသည်။ ထို့အပြင် ကျောင်းသား ကျောင်းသူဟောင်းများ၏ စာမူများနှင့် ထူးချွန်မှတ်တမ်းများ၊ လက်ရှိမျိုးဆက်သစ်ကျောင်းသား ကျောင်းသူများ၏ ထူးချွန်မှုမှတ်တမ်းများနှင့်စာမူများကိုပါ ထည့်သွင်းဖော်ပြထားသည့်အပြင် ဓာတ်ပုံကဏ္ဍ၊ ကဗျာကဏ္ဍ၊ ကာတွန်းကဏ္ဍ၊ ထူးချွန်ထင်ရှားကြယ်ပွင့်များကဏ္ဍ၊ ဆောင်းပါးများကဏ္ဍ၊ ပန်းချီကဏ္ဍ၊ ဝတ္ထုတိုကဏ္ဍ၊ ဆုရစာစီစာကုံးကဏ္ဍ၊ English Section၊ ဝတ္ထုရှည်ကဏ္ဍစသည်ဖြင့်ကဏ္ဍများခွဲ၍ဖော်ပြထားသည်။

စာအုပ်ကို အထက(၂)တာမွေ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်မြင့် ဖုန်း - ၀၁ ၅၄၂၃၁၇၊ ဦးမျိုးမြင့် (လူမွန်) ဖုန်း - ၀၉ ၄၃၀၂၀၄၉၆ နှင့် ဦးသန်းနိုင်ဦး ဖုန်း - ၀၉ - ၇၃၀၄၇၄၈၂တို့မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိသည်။

## ပတ္တမြားရွှေရည် တက္ကသိုလ်ဝင်တန်း အဆင့်မြင့်စာစီစာကုံးများ




တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့်ကျောင်းသား ကျောင်းသူများအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ဦးဝမ်ထိန်စီစဉ်သော ပတ္တမြားရွှေရည် တက္ကသိုလ်ဝင်တန်း အဆင့်မြင့် စာစီစာကုံးများ စာအုပ်ထွက်ရှိလာသည်။

ယနေ့ပညာရွှေခေတ်ကြီးတွင် ရုပ်ဝတ္ထုအသစ်အဆန်းများ၊ နည်းပညာအသစ်အဆန်းများ၊ အတွေးအမြင်အယူအဆအသစ်များနှင့် မျိုးဆက်သစ် ကျောင်းသား ကျောင်းသူလူငယ်များကို နည်းမျိုးစုံနှင့် စိန်ခေါ်နေသောအသိပညာများသည် ဤကမ္ဘာ့ရွာကြီးထဲတွင် စက္ကန့်နှင့်အမျှ ပေါ်ထွက်နေပေသည်။ ယင်းပေါ်ပေါက်လာသည့်အခြေအနေများ၊ ပတ်ဝန်းကျင်ပုံရိပ်များ သိမြင်နားလည်အပ်သောသုတ၊ ရသ၊ အတွေးအမြင်များကို ရရှိနိုင်စေရန် အဆိုပါစာအုပ်တွင် လက်ရွေးစင်စာစီစာကုံး ၄၂ ပုဒ်ကိုဖော်ပြထားသဖြင့် တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် အထူးသင့်လျော်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

စာအုပ်ကို ပတ္တမြားငမောက်စာပေ၊ အမှတ် - ၁၆၁၊ ၃၃ - လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၁ - ၈၃၈၆၄၀၈နှင့် ၀၉ - ၅၁၁၄၀၈၆တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။

## ကတ္တီပါဖိနပ်ကလေးတောင်မှ မနိုင်




မြန်မာလူမျိုးများတန်ဖိုးထားသုံးနှုန်းနေသော မြန်မာစာပေကိုပင် ပြီးပြည့်စုံသည်အထိ တတ်ကျွမ်းမှုမရှိသော်လည်း မိမိထင်ရာသုံးနှုန်းရေးသားနေသူများအား မြင့်မိုရ်ဆွေစီစဉ်ရေးသားထားသော ကတ္တီပါဖိနပ်ကလေးတောင်မှ မနိုင် စာအုပ်ထွက်ရှိလာသည်။

ယနေ့ခေတ်တွင် တန်ဖိုးရှိသောမြန်မာစာအရေးအသားများရှိသကဲ့သို့ ထိုသို့တန်ဖိုးရှိသောမြန်မာစာကို တန်ဖိုးမဲ့စေရန် ခေးတို့၊ ညေးတို့ ကွီးတို့စသည်ဖြင့် တွင်ကျယ်စွာသုံးနှုန်းလာသည်ကိုတွေ့ရသည်။ သဒ္ဒါနှင့် ရေးထုံးများကိုလည်းချိုးဖျက်မှုများတွေ့ရှိလာသည်။ ထိုသို့ ပြုမူပြောဆိုသုံးစွဲခြင်းဖြင့် မြန်မာစာပေသည် တန်ဖိုးကိုနိမ့်ကျစေသောပြုမူမှုများကိုမပြုလုပ်သင့်ပေ။ ထို့ကြောင့် မြန်မာစာပေ၏တန်ဖိုးကို သိရှိနားလည်စေရန်နှင့် မြန်မာစာပေဂုဏ်ကိုမြှင့်တင်ကြစေရန် အဆိုပါ စာအုပ်တွင် ယနေ့ခေတ်မျိုးဆက်သစ်လူငယ်များလေ့လာမှတ်သားနိုင်စေရန် စီစဉ်ထားခြင်းဖြစ်သည်။

စာအုပ်ကို မြန်မာမြင့်စာပေ၊ အမှတ် - ၉၇၀၊ ရတနာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၁ - ၅၇၂၂၄၄ မှတန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။

စာမျက်နှာ ၁၈ မှ

(၈) မိမိ၏မျက်စိကို နှစ်မိနစ်၊ သုံးမိနစ် (2 to 3 minutes) ခန့်ပိတ်ထားပြီးနောက် ခေါင်းကို အနည်းငယ်ငုံ့၍ ကြမ်းပြင်ကို ခေတ္တမျှကြည့်ရပါမည်။ မျက်စိကို ညှစ်၍ပိတ်ခြင်းနှင့် မျက်တောင် အဆက်မပြတ်ခတ်ခြင်းများကို ရှောင်ရှားရပါမည်။ **ပုံ (၈)**

(၉) မျက်စိကိုပိတ်ထားပြီး မျက်စိ၏ နှာခေါင်းဘက်ထောင့်စွန်း (မျက်ရည်ထွက်ပေါက်ရှိရာနေရာ) ကို လက်ညှိုးဖြင့် ဖြည်းညင်းစွာ ဖိပေးပါ။မျက်စိ၏ ပတ်ဝန်းကျင်တွင်ရှိနေသော မျက်စဉ်းနှင့် မျက်ရည်များကို တစ်ရှူး(စက္ကူစအဝတ်စ)ဖြင့် သုတ်ပေးပါ။

(၁၀) မျက်စဉ်းဘူး၏ အဖုံးကိုပိတ်ရာတွင် မျက်စဉ်းဘူး၏ အတွင်းဘက်ထိပ်ကို အဖုံး၏နှုတ်ခမ်း သို့မဟုတ် လက်ထိပ်တို့ဖြင့် မထိစေရန်ဂရုပြုရမည်ဖြစ်ပြီး






ဆေးကြောခြင်း အဝတ်စ စက္ကူစတို့ဖြင့် သုတ်ခြင်းများကိုလည်း ရှောင်ရှားကြရပါမည်။

(၁၁) မျက်စဉ်းစတင်ခတ်ရာတွင် ရှေးဦးစွာ မျက်စဉ်းတစ်စက် နှစ်စက်ခန့်ကို အပြင်သို့ ညှစ်ထုတ်စွန့်ပစ်ပြီးမှမျက်စိတွင်းသို့ မျက်စဉ်းကိုခတ်ပါ။ မျက်စဉ်းဘူး၏ထိပ်ကို သန့်စင်သွားစေရန်ဖြစ်ပါသည်။

(၁၂) မျက်စဉ်းအမျိုးအစား နှစ်မျိုးသုံးရန် လိုအပ်ပါက မျက်စဉ်းအမျိုးအစား တစ်မျိုးနှင့်တစ်မျိုး အနည်းဆုံး ငါးမိနစ် ( 5 minute) ခြားပြီးမှ ခတ်ပါ။

(၁၃) မျက်စဉ်းဘူးများကို ကလေးများလက်လှမ်းမမီသော၊ အေး၍ခြောက်သွေ့သော နေရာတွင်ထားပါ။

(၁၄) မျက်စဉ်းအသုံးပြုပြီးသည့် နောက်ပိုင်းတွင်လည်း မိမိ၏လက်၌ ဆေးကြွင်းဆေးကျန်များနှင့် အညစ်အကြေးများ ကပ်ငြိခြင်းမှကင်းဝေးစေရန်အတွက် လက်ကိုစင်ကြယ်အောင် ထပ်မံဆေးကြောကြရမည်ဖြစ်ပါသည်။

အထက်ပါအတိုင်း မျက်စဉ်းခတ်ရာတွင် စနစ်တကျဆောင်ရွက်ကြခြင်းဖြင့် ရောဂါကူးစက်မှုများကိုဟန့်တားနိုင်ခြင်း၊ မျက်စဉ်းအလေအလွင့်နည်းပါးခြင်း၊ မျက်ဝန်းအတွင်း မျက်စဉ်းများအပြည့်အဝပျံ့နှံ့မှုရှိခြင်းကြောင့် အာနိသင်ထိရောက်ခြင်း စသည့်အကျိုးကျေးဇူးများကိုရကြမည်ဖြစ်ပါသည်။

( Ref :www.pyaeaungcoa.com ,. How to use eye drops properly. )

PARAMI PARAMI GENERAL HOSPITAL-YANGON

ISO 9001:2015 Certificate TH15/8490

IAF MEMBER OF MULTILATERAL RECOGNITION ARRANGEMENT

7th PARAMI General Hospital Yangon Anniversary 2010-2017

## "ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ"

တော်ဝင်ပါရမီဇီဝသိပ္ပံ ကုမ္ပဏီလီမိတက်၊ ပါရမီအထွေထွေရောဂါကုဆေးရုံ – ရန်ကုန် စတင်ဖွင့်လှစ် တည်ထောင်ခြင်း "၇" နှစ်ပြည့် (၂၀၁၀ – ၂၀၁၇) နှစ်ပတ်လည် အခါသမယကို ဂုဏ်ပြုကြိုဆိုပါကြောင်းနှင့် ယခုထက်ပိုမို ဆတက်ထမ်းပိုး အောင်မြင်ပါစေကြောင်း ဂုဏ်ပြု ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဥက္ကဋ္ဌ နှင့် ဒါရိုက်တာအဖွဲ့

ကောင်းမြန်မာအောင် ကုမ္ပဏီလီမိတက်

ISO 9001:2015 Certificate TH15/8490

IAF MEMBER OF MULTILATERAL RECOGNITION ARRANGEMENT

7th Anniversary

PARAMI PARAMI GENERAL HOSPITAL-YANGON

## "ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ"

တော်ဝင်ပါရမီဇီဝသိပ္ပံ ကုမ္ပဏီလီမိတက်၊ ပါရမီအထွေထွေရောဂါကုဆေးရုံ – ရန်ကုန် စတင်ဖွင့်လှစ် တည်ထောင်ခြင်း "၇" နှစ်ပြည့် (၂၀၁၀ – ၂၀၁၇) နှစ်ပတ်လည် အခါသမယကို ဂုဏ်ပြုကြိုဆိုပါကြောင်းနှင့် ယခုထက်ပိုမို ဆတက်ထမ်းပိုး အောင်မြင်ပါစေကြောင်း ဂုဏ်ပြု ဆုမွန်ကောင်း တောင်းအပ်ပါသည်။

အထူးကုဆရာဝန်ကြီးများနှင့် ဝန်ထမ်းများ

ပါရမီအထွေထွေရောဂါကုဆေးရုံ – ရန်ကုန်


မြန်မာပြည်ရဲ့အသက်သာဆုံး
ဒေတာဈေးနှုန်းနဲ့ ဖုန်းခေါ်ဆိုခ
1MB ၅ ကျပ်
(သို့မဟုတ်)
၁မိနစ် ၁၀ကျပ်
အူရီဒူးအချင်းချင်း
*7755# ကိုခေါ်ဆိုပြီး နှစ်သက်ရာ
အစီအစဉ်ကို ရွေးချယ်ပါ
ooredoo
ပျော်ရွှင်ခံစား အင်တာနက်စွမ်းအား
အားလုံးအတွက်
အူရီဒူး

ကြော်ငြာ


**FORWARD (YGN) Travel & Tour Co., Ltd** 09-977890964,01-8569783

| | | |
|---|---|---|
| ✣ ဟာလောင်းဒေါ-ဟာခွိုင်း | Nov-2,10 | ....Dec 15, 22, 29 |
| ✣ မွေနွဲ၊ ဒါလတ်ပန်းမြို့တော် | Nov-10 | ....Dec 15, 22, 29 |
| ✣ ဝက်ကာပူ ခရီးစဉ် | Nov-10 | ....Dec 15, 22, 29 |
| ✣ ဘန်ကောက်-ပတ္တရား | Nov-10 | ....Dec 15, 22, 29 |
| ✣ ဒူဘိုင်း ခရီးစဉ် | Nov-10 | .................Dec 22 |

Build (C/248), Room (A/1), Laydauntkan Road, Thingangyun Township, Yangon.

**FORWARD (YGN) Travel & Tour Co., Ltd**

ချောင်းသာ/ငွေဆောင် Package စီစဉ်ပေးသည်။

✣ ကျိုက်ထီးရိုးဆံတော်ရှင်၊ ဆောင်နိုင်ကြီးရေတံခွန် (နေ့ချင်းပြန်-စရိတ်ငြိမ်း)(စနေ၊ တနင်္ဂနွေ)

✣ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ စွယ်တော်လေးဆူ(၃)ရက်

✣ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ရှာင် (၄)ရက်

✣ မြဝတီ၊ မဲဆောက်၊ ဘားအံ (၃)ရက်

Nov 1,2 ထွက်မည်

ကားမျိုးစုံငှားရမ်းလုံးငှား စီစဉ်ပေးသည်။

ခရီးစဉ်တိုင်း အဆင့်မြင့် ဟိုတယ်တည်း၊ စားသောက်ဆိုင်ကျွေး အားလုံးစရိတ်ငြိမ်း လမ်းခရီးတွင် မည့်သည့်စရိတ်မျှထပ်ပံ့ပေးဆောင်ရန်မလို

09259259180, 09259259181,09259259182

**သန်းငွေနှင့်ရောင်းရင်းများ ၏ တန်ဆောင်တိုင်ဘုရားစုံဖူး**

✿ တောင်ကြီးမီးပုံးပျံပွဲတော်၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်းလှိုဏ်ဂူ၊ မွေတော်ကက္ကူ(၄)ရက်။ လှိုင်ဂေါ်ပါ(၅)ရက်။ Oct 27, Nov 1,2

✿ ပုဂံ-ညောင်ဦး၊ ပုပ္ပါး(စွယ်တော်လေးဆူ)၊ ပခုက္ကူ၊ နေပြည်တော်(၄)ရက်။

✿ ပုဂံ-ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ၊ စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင်(၅)ရက်။

✿ ပြင်ဦးလွင်မီးပုံးပျံပွဲ၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ(၄)ရက်။ အားလုံးပါ(၇/၁၀)ရက်။

✿ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက္ကမီ၊ စက်စဲ(၅)ရက်။ မြိတ်ပါ(၆)ရက်။

✿ ထားဝယ်၊ မြိတ်၊ ကော့သောင်း၊ ရနောင်း(သူငွေးကျွန်း)(၇)ရက်။ Nov1

✿ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ၊ ကျိုက်ထီးရိုး(၂/၃)ရက်။ ✿ ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)

နေ့ချင်းပြန်(စနေ/တနင်္ဂနွေ) ✿ ဇလွန် ✿ ပြည်၊ အဂ္ဂကာတ်တောင်၊ နဂါးရုံ ✿ နေပြည်တော်

အမှတ်(၄၂)၊ ရွှေဘုံသာလမ်း Ph: 01-380141, 01-241863, 09-43043109, 09-73251422

## Ever Clean Travel & Tour

| | |
|---|---|
| ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး | (၃ည ၄ရက်)Nov-2-10 |
| မြဝတီ-မဲဆောက် | (၃ည ၄ရက်)Oct-20, Nov-2-10 |
| တောင်ကြီး-အင်းလေး-ပင်းတယ-ကလော | (၄ည ၅ရက်)Nov-2-10 |
| ကလော(Trekking)၊ မိန်းမရဲတောင်မြသပိတ်ရေပြာအိုင် | (၄ည ၅ရက်)Nov-2-10 |
| လှိုင်ဂေါ်-ပန်ပက်-ဒီမောဆို-ထီးစဲခါးရေတံခွန် | (၄ည ၅ရက်)Nov-2-10 |
| ထားဝယ်-(ရှင်ကိုးရှင်)-မောင်းမကန်ကမ်းခြေ | (၄ည ၅ရက်)Nov-10 |
| မော်လမြိုင်-ကျိုက္ကမီ-စက်စဲ | (နေ့ချင်းပြန်)Oct-21-28 |
| ဘားအံ-ဂူ(၅)ဂူ-ချစ်သူမြိုင် | (နေ့ချင်းပြန်)Oct-21-28 |
| ဘားအံတောင်ဗိုင်းတောင်၊ ချစ်သူမြိုင်ခရီးစဉ် | (နေ့ချင်းပြန်)Oct-21-28 |
| တောင်ငူ-သံတောင်ကြီး-ဖိုးကျားဆင်စခန်း | (နေ့ချင်းပြန်)Oct-21-28 |
| ဆောင်နိုင်ကြီးရေတံခွန်-ကျိုက်ပါလောမှဲရှင်-စိမ်းလှဲတင် | (နေ့ချင်းပြန်)Oct-21-28 |

ကားစင်းလုံး ငှားရမ်းနိုင်သည်

နေ့ချင်းပြန် ခရီးစဉ်များ အောက်တိုဘာလမှစ၍ အပတ်စဉ်ထွက်ရှိပါမည်။

09-33886666,09-795185522




Since 1996 Home think of House, think of Home

တန်ဆောင်တိုင်ပွဲ အထူး အစီအစဉ်

Floor ၃ ကျင်း ဝယ်လျှင် ⟶ Table ၁ လုံး လက်ဆောင်

Get Free!

*Terms & Conditions Applied

အမှတ် F(2~8) ပ-ထပ်၊ အောင်ဆန်းကွင်း(မြောက်ဘက်တန်း)၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

အမှတ် (E-11A) လေးဒေါင့်ကန်လမ်းမကြီး၊ ဘီအိုစီမှတ်တိုင်၊ သဃ်န်းကျွန်း၊ ရန်ကုန်မြို့။

☎ 09-79 700 70 70 ☎ 09-79 700 70 80

sonicstar your trusted travel partner

ဈေးနှုန်းမှန်ကန်ပြီး ဆောနစ်စတား ၏ စိတ်တိုင်းကျကားငှား ဂန်ဆောင်မှုများဖြင့် စိတ်ချမ်းသာစွာ ခရီးသွားပါ



10% Discount

Car Rental 10% Discount Valid till 31 Oct 2017

အောက်တိုဘာလ (၃၁) ရက်နေ့အထိ 10% Discount ပေးပါမည်။

Tel: 09 - 426 999 100, 09 - 426 999 300

# ကျွန်တော် SCG ကို ယုံကြည်တယ်။

ဘာလို့လဲဆိုတော့ SCG က ကျွန်တော်တို့နဲ့အတူ ပိုမိုကောင်းမွန်သော လူမှုအဖွဲ့အစည်းနှင့် ဘဝအရည်အသွေးတွေကို မြှင့်တင်ပေးနေလို့ပဲ ဖြစ်ပါတယ်။




**SCG Sharing the Dream**

မျိုးဆက်သစ်လူငယ်တွေအတွက် အနာဂတ်နေ့သစ်များကို တည်ဆောက်ပေးရန် ပညာသင်ဆုများကို 2012 ခုနှစ်ကတည်းက ချီးမြှင့်ပေးအပ်ခဲ့ရာ ယခုဆိုရင် လူငယ်အယောက်ပေါင်း 1,300 ကျော်ရှိခဲ့ပါပြီ။

**Sharing a Brighter Vision**

မျက်စိအတွင်းတိမ် ကုသပေးမှုအစီအစဉ်အနေဖြင့် 2015 ခုနှစ်မှ စတင်ကာ မွန်ပြည်နယ်အတွင်းရှိ အတွင်းတိမ် မျက်စိဝေဒနာရှင်များအား အခကြေးငွေမယူပဲ အမြင်အာရုံပြန်လည်ရရှိအောင် ပံ့ပိုးကူညီပေးပြီး စိတ်ချမ်းသာမှုတွေကို ပြန်ပေးနိုင်ခဲ့ပါတယ်။



SCG ကို ယုံကြည်ပြီး ပိုမိုကောင်းမွန်တဲ့ အနာဂတ်နေ့ရက်များကို ကျွန်တော်တို့နဲ့အတူ တည်ဆောက်လိုက်ပါ။



www.scg.com/mm

SCG

## ကြော်ငြာ

### (၃၅) ကြိမ်မြောက်မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးပူဇော်ပွဲ ဖိတ်ကြားလွှာ

မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး)၊ အမျိုးသမီးဆရာဝန်များအဖွဲ့မှကြီးမှူး၍၊ **အသက် (၇၅)နှစ်ပြည့်ပြီး၊ ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲအခမ်းအနား** ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ပူဇော်ကန်တော့ရန်အတွက် ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၉-၁၀-၂၀၁၇ (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉ နာရီ မှ ၁၂ နာရီအထိ
ကျင်းပမည့်နေရာ - မြန်မာနိုင်ငံဆရာဝန်အသင်း၊ ခန်းမဆောင်(အေ) သိမ်ဖြူလမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။




### မြဝတနာ ASIA KING TRAVELS
တန်ဆောင်တိုင် အထူးခရီးစဉ်များ | အိမ်အရောက် လက်မှတ်ပို့ ဝန်ဆောင်မှု
- တောင်ကြီးမီးပုံးပျံပွဲ Nov 1 ထွက်မည် 90000
- ပုဂံ-ညောင်ဦး၊ ပုပ္ပါး Nov 1,2 ထွက်မည် 75000
- ကျိုက်ထီးရိုး (နေ့စဉ်) ချောင်းသာ Hotel Package ငွေဆောင်

09-77 85 85 911, 09-77 85 85 912, 09-4311 4301

### Asia Top
ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)
- ပုပ္ပါး၊ ပုဂံ (စွယ်တော်လေးဆူ)
- တောင်ကြီး၊အင်းလေး၊ပင်းတယ
- မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း

09 424090904, 09 43164118

### သုံးရာသီ-ဓမ္မဒါန
တောင်ကြီး-အင်းလေး-ပင်းတယ-ကက္ကူ-ထန်စမ်း (၁)ဦးထမင်းကျွေး-ကား၁ = ၅၀၀၀၀/-
ပုပ္ပါး-ပုဂံ၊ စွယ်တော်လေးဆူ၊ ပြည်ငါးပြည် ...
20 - 10 - 2017
AirCom: Express
420144148, 421153797

### စိန်ဝင်းနှင့်ရောင်းရင်းများ ကျိုက်ထီးရိုး(နေ့စဉ်)8000Ks
(၁/၂-၁၁-၂၀၁၇)ထွက် တန်ဆောင်တိုင်ခရီးစဉ်များ
တောင်ကြီးမီးပုံးပျံပွဲ နှင့် ပြင်ဦးလွင်မီးပုံးပျံပွဲ
- တောင်ကြီး၊ အင်းလေး၊ ကံ့လုံ၊ ပင်းတယ၊ မွေတော်၊ ထမ့်စမ်း (၄)ရက်။ လွိုင်ကော်-ထီးဆဲခါးရေတံခွန်ပါ..(၅)ရက်။
- တောင်ကြီး၊ ကျိုင်းတုံ၊ တာချီလိတ် (ရွှေတြိဂံ၊မယ်ဆိုင်) (၆)ရက်။
- မန္တလေး၊ပြင်ဦးလွင်၊စစ်ကိုင်း၊မုံရွာ [ကျောက်စိမ်းစေတီ] (၄)ရက်။
- မန္တလေး၊ပြင်ဦးလွင်၊[ဒီးဒုတ်ရေပြာအိုင်၊ ကျောက်စိမ်းစေတီ] (၃)ရက်။
- ပုဂံ၊ ပုပ္ပါး [စွယ်တော်လေးဆူ]၊ ပခုက္ကူ၊ စစ်ကိုင်း၊ မန္တလေး၊ပြင်ဦးလွင် (၅)ရက်။
- ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး [စွယ်တော်လေးဆူ]၊ ပခုက္ကူ၊ စလေ (၄)ရက်။
- မြဝတီ၊ မဲဆောက် ခရီးစဉ် (၃)ရက်။ အပတ်စဉ် - သောကြာနေ့တိုင်း
- ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ၊ ကျိုက္ခမီ၊ စက်စဲ (၅)ရက်။
- မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ၊ [န္တွားလပို့တောင်]၊ ဘားအံ ဂူ(၅)ဂူ ခရီးစဉ်။
- ထုံးဘို၊ အကောက်တောင်၊ ပြည်ဘုရားစုံ (စနေ) ဇလွန်(တနင်္ဂနွေ)

Hotel တည်း Rest စား 2.11.17 ထွက်
- ပြင်ဦးလွင် မီးပုံးပျံပွဲ ခရီးစဉ်
- ပုပ္ပါး၊ ပုဂံ (စွယ်တော်လေးဆူ) ခရီးစဉ်

၂၇၅၊ပန်းဆိုးတန်းလမ်း(အထက်) 01-249871,01-255553,01-242516,09-5122511

### GOLDEN LIGHT 09-43197550, 421099405
Nov 1, 2 ထွက်မည်
- ထားဝယ်(ရှင်ကိုးရှင်)၊ မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ - 85000/
- တောင်ကြီး(မီးပုံးပျံပွဲ)၊ အင်းလေး၊ ပင်းတယ - Guest Package - 85000/
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ လွိုင်ကော် - Guest Package -110000/
- ပုဂံ၊ ညောင်ဦး(စွယ်တော်လေးဆူ)၊ ပခုက္ကူ - Motel Package - 75000/
- မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ ကျောက်စိမ်းစေတီ - Motel Package - 75000/
- ကျိုက်ထီးရိုး(နေ့စဉ်)- 8000/ ချောင်းသာ(နေ့စဉ်)-12000/ ကားစီးလဲပေးသည်။

### ဖခင်အမည်မှန်
ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊ နောင်လင်ကျေးရွာ၊ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) ရွှေမုဋ္ဌောအုပ်စု (မူလွန်) နောင်လင်(၂)ကျောင်း ပဋ္ဌမတန်းမှ မယွန်းမီမီအောင်နှင့် မချောသဇင်မိုးတို့၏ ဖခင်အမည်မှန်မှာ ဦးချစ်စု [၁၃/နခတ(နိုင်)၁၆၁၃၇၁] ဖြစ်ပါသည်။

### ဖခင်အမည်မှန်
ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊ နောင်လင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ရွှေမုဋ္ဌောအုပ်စု (မူလွန်) နောင်လင်(၂)ကျောင်း၊ စတုတ္ထတန်းမှ မရွှေဥ၏ ဖခင်အမည်မှန်မှာ ဦးစံဌေး [၁၃/နခတ(နိုင်)၀၈၇၀၀၂] ဖြစ်ပါသည်။

### ဟိုနီး 01.2330054, 095160048, 09-782470755
www.honicarrental.com

### ရှိုင်းရယ် ပတ္တမြား
မြဝတီ-မဲဆောက်-ဘားအံ ဂူ(၃)ဂူ
အပတ်စဉ် သောကြာ 55000
ဂေါ်ရန်ဂျိုကျွန်း 65000
444463699, 444462399

### THREE STAR
Air-con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက် ပြုပြင်ခြင်း၊ တပ်ဆင်ခြင်း၊ ရောင်းဝယ်ခြင်း၊ လဲလှယ်ခြင်း ဆေးကြောသန့်စင်ခြင်းလုပ်ငန်းများကို အိမ်အရောက် ဝန်ဆောင်မှုပေးနေပါသည်။
Split Type Air-con Brand New 1HP
၃ နှစ် အာမခံ
တပ်ဆင်ပြီးဈေးနှုန်း 290000-Ks
(Copper Pipe-10', Drain Pipe, Wire, Safeguard, Frame, Transportation)
"အနီးဆုံးဆိုင်သို့ ဆက်သွယ်ရန်"
- တောင်ဥက္ကလာ - 705784, 09-5163480
- လှိုင်မြို့နယ် - 09-401505153, 09-420186543
- ဗဟန်းမြို့နယ် - 09-428192157, 09-252833530
- စမ်းချောင်း - 09-450047285, 09-250161435
- မင်္ဂလာတောင်ညွန့် - 09420047153, 09-250069932

### EVER TOP ဘာသာစကားသင်တန်းကျောင်း
Ph:09254903604, 09799656514, 09428770096

| ဂျပန် | တရုတ် / ကိုရီးယား | အင်္ဂလိပ် |
| --- | --- | --- |
| ဂျပန်စကားပြော (ပုံမှန်/အမြန်) 4-Skills (အခြေခံ/အဆင့်မြင့်) N5,N4,N3,N2,N1 | တရုတ်စကားပြော (၁၀၀၀၀) (နိုင်ငံတကာသုံးအသံထွက်) / ကိုရီးယား EPS TOPIK / 4-Skills | ဦးစိုးမြင့်မောင်(Top English) (a) Saya William; 4-Skills(General) Phonetics Grammar+Writing; စကားပြော ၃လပြတ်(၂၀၀၀၀) |






## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်မိုးမိုး(ခ)ဒေါ်စန်းကြည်**

**အသက်(၈၀)**

ဒေါက်တာကျော်ရှိန်-ဒုတိယဗိုလ်မှူးကြီး ဒေါ်သိင်္ဂီကျော် (အမှတ်-၂၊ တပ်မတော်ဆေးရုံ၊ ခုတင်-၅၀၀၊ ရန်ကုန်)တို့၏ ကျေးဇူးရှင်မွေးသမိခင်သည် ၁၄-၁၀-၂၀၁၇ (စနေနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**(ဦးတင်စော)၊ ဒေါ်သန်းညွန့် မိသားစု**

**ပြည်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူး တိုက်ကြီးအောင်(ငြိမ်း)**

**ကြည်း-၁၀၂၄၈ (OTS-30)**

**အသက်(၇၉)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ပိုးတန်းရပ်နေ ဒေါ်သန်းရီ၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးတိုက်ကြီးအောင်(ငြိမ်း)သည် ၁၅-၁၀-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်းကောင်းရာသုဂတိသို့ လားပါစေ။

**OTS(30) သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးထင်ဝင်း အသက်(၆၀)**

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) သစ်တောဦးစီးဌာန**

အမှတ်(၇၅၀/ဘီ)၊ ကျော်သူ(၂၀)လမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၉) ရပ်ကွက်နေ ဒေါ်လှမြတ်ထွေး၏ ခင်ပွန်းဖြစ်သူ ဦးထင်ဝင်း[လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ သစ်တောဦးစီးဌာန]သည် ၁၈-၁၀-၂၀၁၇ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစု**

**သစ်တောဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးထင်ဝင်း အသက်(၆၀)**

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) သစ်တောဦးစီးဌာန**

အမှတ်(၇၅၀/ဘီ)၊ ကျော်သူ (၂၀)လမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၉) ရပ်ကွက်နေ ဒေါ်လှမြတ်ထွေး၏ ခင်ပွန်းဖြစ်သူ ဦးထင်ဝင်း[လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ သစ်တောဦးစီးဌာန]သည် ၁၈-၁၀-၂၀၁၇ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၁ ခုနှစ်၊ B.Sc (Forestry)**

**ကျောင်းဆင်းသူငယ်ချင်းများ**


## ဆေးလိပ်၊ ကွမ်းယာအန္တရာယ် သတိပေးနှိုးဆော်ချက်

**ကိုယ်တိုင်ဆေးလိပ်သောက်ခြင်း၊ သူတစ်ပါးဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းနှင့် ဆေးပါသော ကွမ်းစားခြင်းတို့ကြောင့်-**

- ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အဆုတ်ကင်ဆာနှင့် ကင်ဆာရောဂါ အမျိုးမျိုး၊
- နှလုံးသွေးကြောကျဉ်းခြင်း၊ သွေးကြောပိတ်ခြင်း၊ ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်း၊
- အဆုတ်ပွရောဂါ၊ ပြင်းထန်သည့်သွေးတိုးရောဂါ၊
- ခြေပုပ်လက်ပုပ်ရောဂါ၊
- ပန်းသေပန်းညှိုးရောဂါစသည်တို့ ဖြစ်ပွားနိုင်ပါသည်။

**ကိုယ်ဝန်ဆောင်မိခင်များတွင်-**

- ကိုယ်ဝန်ပျက်ခြင်း၊
- ကလေးအသေမွေးခြင်း၊ လမစေ့ ပေါင်မပြည့်သောကလေး မွေးဖွားခြင်း၊
- မွေးရာပါ ကိုယ်လက်အင်္ဂါချို့ယွင်းသည့် ကလေးမွေးဖွားခြင်း၊
- မွေးစကလေး ရုတ်တရက်သေဆုံးခြင်းများ ဖြစ်ပွားနိုင်ပါသည်။

ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းသည် ကျန်းမာရေးကို ထိခိုက်စေရုံသာမက လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ကိုလည်း ထိခိုက်စေနိုင်သဖြင့် ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းတို့ကို အစမပြုမိစေရန်နှင့် သုံးစွဲနေပါကလည်း ဖြတ်နိုင်ရန်ကြိုးစားပါဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**


**ဘုရား၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး**

## ဦးဝင်း(ခ)လီဝီဝင်း(မန္တလေးမြို့)

**အသက်(၉၄)နှစ်**

(ဦးစူကီး-ဒေါ်အရှင်း)တို့၏သား၊(ဦးဝေ-ဒေါ်ချိုရှိန်)တို့၏သားသမက်၊မန္တလေးမြို့၊ အမှတ်(၅၄၄)၊ လမ်း(၈၀)၊ (၃၂)လမ်း၊ (၃၃)လမ်းကြား၊ အောင်နန်းအရှေ့ရပ်ကွက်နေ ဒေါ်ကျင်လှိုင်(ခ)ဝူရီလန်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအာသာဝေ၊ ဒေါ်ပွား(ခ)ဒေါ်သီသီအောင်(LA-USA)တို့၏အစ်ကို၊ ဦးကျော်သာ-ဒေါ်ဖြူဖြူလွင် (ရွှေဒင်္ဂါးဆန်ခေါက်ဆွဲလုပ်ငန်း)၊ ဦးကျော်မြင့် [မြန်မာအင်တာဝေါ(လ်)ကုမ္ပဏီလီမိတက်]-(ဒေါ်ခင်မမမိုး)၊ ဦးကျော်သိန်း-ဒေါ်သန်းသန်းဝင်း (ရွှေသိမ်း-ဆန်ခေါက်ဆွဲလုပ်ငန်း)၊ Dr.ကျော်ဝင်း-ဒေါ်မေဇင်မြတ် (ရွှေဇင်ကျော်-စိန်ရွှေရတနာဆိုင်)၊ ဦးထွန်းအောင်-ဒေါ်သီတာလှိုင် (အမယာ-ပဲငပိ/ပဲငံပြာရည်/ပဲကြာညို့လုပ်ငန်း)၊ ဦးအုန်းကျော်-ဒေါ်လင်းလင်းသီ (THITSAR SANN(S) PTE., LTD-SINGAPORE)တို့၏ ချစ်လှစွာသောမွေးသဖခင်၊ မြေး ၁၂ ယောက်တို့၏ အဘိုးသည် ၁၅-၁၀-၂၀၁၇ရက် ည ၁၁း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၇ ရက် နံနက် ၉ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၇ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၀-၂၀၁၇ (ကြာသပတေးနေ့)တွင် အမှတ် (၄၁)၊ ခေမာလမ်း၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း ဒါယကာကြီး**

## ဆရာကြီး ဦးမောင်မောင်မြင့်(ခ)ဦးမောင်မြင့်

**အသက်(၆၉)နှစ်**

**အိုင်အေအို မာဆုရှိမား အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ကျိုခ်ရှင်းကရာတေးအဖွဲ့ချုပ် မြန်မာနိုင်ငံတာဝန်ခံကိုယ်စားလှယ်**

ရန်ကုန်မြို့နေ (ဦးမောင်ညဏ်-ဒေါ်ကြင်မြ)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ(တောင်)ရပ်ကွက်၊ နိဗ္ဗာန်ကျောင်းလမ်း၊ အမှတ်(၂)နေ ဒေါ်ညွန့်ညွန့်ရီ (စိန်မိုက်ကယ်ကျောင်းသူဟောင်း)၏ခင်ပွန်း၊ ဦးဝင်းသူ-ဒေါ်လဲ့လဲ့ထွန်း၊ ဦးသူသူဇော်-ဒေါ်မို့မို့ခိုင်၊ ဦးအေးသိန်း-ဒေါ်ယမင်းစုလှိုင်၊ ဦးရဲမင်းထွန်း-ဒေါ်သဲနှင်းဖြူ၊ ဦးထိန်လင်းအောင်-ဒေါ်ခိုင်ဆုဆုသာတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးခုနစ်ယောက်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၁၇-၁၀-၂၀၁၇ (အင်္ဂါနေ့) ညနေ ၄း၂၀နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၇ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၀-၂၀၁၇(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်ရီ (၉၂)နှစ်**

ရန်ကုန်မြို့၊ ဝါးတန်းလမ်း၊ အမှတ်(၂၈)နေ ညောင်လေးပင်မြို့၊ စက်ရုံလမ်းရှိ ဘိုးဘွားရိပ်သာ (မြေနှင့်အဆောက်အအုံ) အလှူရှင်သည် ၁၇-၁၀-၂၀၁၇ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဘိုးဘွားရိပ်သာ**

**စေတနာလူမှုကူညီရေးအသင်း**

**ညောင်လေးပင်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**တက္ကသိုလ်ခြေလျင်နှင့်တောင်တက်အသင်း**

**သဘာဝခေါ်သံ ဖောင်ဒေးရှင်း**

**ဂုဏ်ထူးဆောင်နာယကဆရာကြီး ဦးမင်းဝေ**

**အသက်(၇၄)နှစ်**

ရန်ကုန် တက္ကသိုလ်ခြေလျင်တောင်တက်အသင်း၏ ဥက္ကဋ္ဌဟောင်း၊ ဒဂုံဆောင်အဆောင်မှူးဟောင်း၊ ဆရာကြီးဦးမင်းဝေ (ရုက္ခဗေဒဌာန၊ ကထိက-ငြိမ်း၊ မော်လမြိုင်တက္ကသိုလ်)သည် ၁၆-၁၀-၂၀၁၇ရက်တွင် မော်လမြိုင်မြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**

**သဘာဝခေါ်သံဖောင်ဒေးရှင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒုတိယရဲမှူး ဝင်းမောင်(ငြိမ်း)၊ အသက်(၆၄)နှစ်**

**ဒုရဲအုပ်လောင်းအထူး(၂/၈၇)**

ညောင်ဦးမြို့၊ ငှက်ပစ်တောင်ရပ်ကွက်နေ ဒေါ်လှလှသန်း၏ ခင်ပွန်း ဒုတိယရဲမှူး ဝင်းမောင်(ငြိမ်း) အသက်(၆၄)နှစ်သည် (၁၆-၁၀-၂၀၁၇) တနင်္လာနေ့ညနေပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဒုရဲအုပ်လောင်းအထူး(၂/၈၇)**

**သင်တန်းဆင်းရဲအရာရှိများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)၏ ရာသက်ပန်အသင်းဝင်**

**ဦးမင်းမော်စိုး (M.Sc)(LC)**

**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ (၂)ရပ်ကွက်၊ အရှေ့ရန်ကင်း၊ တိုက်အမှတ်(၃၀၈)၊ အခန်း(၄)၊ ရန်အောင်လမ်းသွယ်(၃)နေ ဒေါ်သူဇာဝင်း ၏ ခင်ပွန်းဖြစ်သူ ဦးမင်းမော်စိုး သည် ၁၇-၁၀-၂၀၁၇ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**

**ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)**

## အနိစ္စ

**စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း**

**ဦးဒီ**

**အသက်(၉၅)နှစ်**

**လုပ်သားမှူး-ငြိမ်း၊**

**လယ်/စိုက်/ရှင်း**

**အသင်းဝင်အမှတ် (၀၆၄၄)**

သာကေတမြို့နယ်၊ ၁၀/တောင် (၁၂)ရပ်ကွက်၊ ဇေယျဝတီ(၂)လမ်းနေ ဦးဒီသည် ၁၄-၁၀-၂၀၁၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၀-၂၀၁၇ ရက်နေ့တွင် ကျိုစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**

**ဒေါ်မြသန်း(မြိတ်)**

**အသက်(၈၉)နှစ်**

**အသင်းဝင်အမှတ်(၂၂၃)**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁) ရပ်ကွက်၊ ပြည်လမ်း၊ (၆)မိုင်ခွဲ၊ အမှတ် (၅၂/ဘီ)နေ (ဦးထွန်းမင်း)၏ဇနီးသည် ၁၆-၁၀-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

**ဦးမြမောင်**

**အသက် (၇၃)နှစ်**

**(ချောင်းအုပ်-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း ယင်းမာပင်)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်သုခ(၂) လမ်း၊ အမှတ်(၂၂၆)နေ ဒေါ်မြကြည်၏ခင်ပွန်း၊ မောင်ညီညီဇော်-မသီတာအေး၊ မောင်ညီညီဝင်း (ခေတ္တ-တိုကျို)တို့၏ ဖခင်၊ မမြတ်အေးဇော်၏အဘိုး ဦးမြမောင်သည် ၁၄-၁၀-၂၀၁၇ (စနေနေ့) ည ၇ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁၀-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၀-၂၀၁၇ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး**

**ဒေါ်ခင်မာချွန်**

**အသက်(၆၁)နှစ်**

မုံရွာမြို့၊ ဘုရားကြီးရပ်၊ ပွဲစားတန်းလမ်းနေ (ဦးကံချွန်-ဒေါ်ခင်မေသန်း)တို့၏သမီးကြီး၊ ရန်ကုန်မြို့နေ (ဦးဘညိမ်-ဒေါ်မြတင်)တို့၏ သမီးချွေးမ၊ မြောက်ဒဂုံ၊ (၂၇)ရပ်ကွက်၊ Rose Garden၊ အမှတ် (၁၆)နေ ဦးသော်ညိမ်း၏ဇနီး၊ ဦးအောင်ချမ်းငြိမ်း-ဒေါ်ခိုင်ခိုင်စိုးမိုးတို့၏မိခင်၊ မချမ်းပြည့်ဝတီ၏အဘွား၊ ဦးမျိုးချွန်-ဒေါ်မြရီ၊ ဦးမိုးချွန်-ဒေါ်မြမြထွေး၊ ဦးလင်း-ဒေါ်တိုးတိုးချွန်၊ ဒေါ်ငွေငွေချွန်၊ ဦးကျော်ကျော်စိုး-ဒေါ်အေးအေးချွန်တို့၏အစ်မကြီး ဒေါ်ခင်မာချွန်သည် ၁၇-၁၀-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၂း၁၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (Rose Garden နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၀-၂၀၁၇ (တနင်္လာနေ့) နံနက် ၈နာရီမှ ၁၀နာရီအထိ Rose Garden နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု


**သင့် သွေးဖြင့် အသက် ကယ်ပါ**


**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တ ဘောဂ (ကွမ်းခြံကုန်း)

**သိက္ခာတော်(၄၇)ဝါ၊ သက်တော်(၆၇)နှစ်**

**နယ်လှည့်သာသနာပြုဓမ္မကထိက၊ ကမ္မဋ္ဌာနာစရိယ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၊ အရှေ့ကျောင်းကြီးကျောင်းတိုက်**

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့၊ မြို့မရပ်ကွက်၊ အရှေ့ကျောင်းကြီးကျောင်းတိုက်၊ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲ အမှတ်(၂၅၄)၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဘောဂမထေရ် သိက္ခာတော် (၄၇)ဝါ၊ သက်တော် (၆၇)နှစ်သည် (၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်)၊ ၁၅-၁၀-၂၀၁၇ရက် နံနက် ၅း၃၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်)၊ ၂၃-၁၀-၂၀၁၇(တနင်္လာနေ့)တွင် စံကျောင်းချပူဇော် အခမ်းအနားကျင်းပမည်ဖြစ်ပြီး တန်ဆောင်မုန်းလပြည့်ကျော် ၁၀ရက် ၁၃-၁၁-၂၀၁၇ရက် (အမျိုးသားနေ့)တွင် အန္တိမအဂ္ဂိစျာပန ကျင်းပ ပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ တပည့်ဒါယကာ၊ ဒါယိကာမတို့အား အကြောင်းကြားအပ်ပါသည်။

စျာပနဖြစ်မြောက်ရေးကော်မတီ

**ဘုရား၊ ရဟန်း၊ ကျောင်း ဘိုးဘွားရိပ်သာ အလှူ့ဒါယိကာမကြီး**

## တန်ရှု့ဟုတ် (ခ) ဒေါ်ခင်ရီ (ညောင်လေးပင်မြို့)

**အသက် (၉၂)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်း၊ အမှတ်(၂၈)၊ ပထမထပ်နေ (ဦးချွန်နား)၏ ချစ်လှစွာသောဇနီး၊ ဦးထွန်းသန်း-ဒေါ်မေပုလဲ၊ (ဦးသက်ထွန်း)-ဒေါ်ခင်ဝါ၊ ဦးသိန်းအောင်-(ဒေါ်ခင်ငွေဝင်း)၊ (ဦးသိန်းဝင်း)၊ ဒေါ်မြင့်မြင့်ဝင်း၊ ဦးထိုက်စန်း၊ ဒေါ်လှလှ၊ ဦးအောင်ဆွေ-Dr.ကြည်ကြည်အေး၊ ဦးမောင်ကျင်-ဒေါ်နှင်းနှင်းခိုင်၊ ဒေါ်ကြည်ကြည်သန်း၊ ဦးစိုးဝင်းအောင်-ဒေါ်ကြည်ကြည်စန်း (Ever Full Co., Ltd.)၊ ဦးရင်ကြည်-ဒေါ်သန်းသန်းလွင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၂၂ ယောက်၊ မြစ် ၁၄ ယောက်တို့၏ ဘွားဘွားကြီးသည် ၁၇-၁၀-၂၀၁၇ (အင်္ဂါနေ့) ညနေ ၄း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**မြန်မာနိုင်ငံကင်းထောက်ဟောင်းကြီး**

## ဦးအုန်းကျော် (ရန်ကုန်) စား/ထွေ ကော်ပိုရေးရှင်း(ငြိမ်း)

**အသက် (၇၅)နှစ်**

သန်လျင်မြို့၊ ယခင်ဗိုလ်ချုပ်နေဝင်းလမ်း၊ အမှတ်(၅၉)နေ (မြေ၊ ကျေး၊ ရှင်)ခရိုင်အမှုဆောင်အရာရှိ(ဦးညွန့်-ဒေါ်တင်မေ)တို့၏ သား၊ ဒေါ်သန်းအေးရှိန် (တက္ကသိုလ်များဆေးရုံ၊ အထက-သူနာပြု၊ ငြိမ်း)၏ ခင်ပွန်း၊ ဦးအောင်မြင့်ကြည်-ဒေါ်နွယ်နွယ်အောင် (အောင်မိတ္တူ)တို့၏ ဖခင်၊ မရွှန်းလဲ့ရွှေစင်အောင်၏ အဘိုး ဦးအုန်းကျော်သည် ၁၇-၁၀-၂၀၁၇ (အင်္ဂါနေ့) နံနက် ၅ နာရီတွင် အမှတ်(၈၉၂/ခ)၊ ဇီဇဝါလမ်း၊ (၂၅)ရပ်ကွက်၊ တောင်ဒဂုံနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကာယကံရှင်၏ ဆန္ဒအရ ယင်းနေ့နံနက်မှာပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးလှသိန်း(မောင်တော)

**ကုန်သွယ်လယ်ယာ(ငြိမ်း)**

**အသက်(၇၄)နှစ်**

ရခိုင်ပြည်နယ်၊ မောင်တောမြို့၊ (၃)ရပ်ကွက်နေ (ဦးစောအောင်ဖြူ-ဒေါ်မစိန်)တို့၏ သား၊ [ဒေါ်မေလေး (ကျောင်းအုပ်ဆရာမကြီး-ငြိမ်း)]၏ခင်ပွန်း၊ (ဒေါ်အောင်သိန်းညွန့်)၊ (ဦးရွှေသိန်း)၊ ဦးဘသိန်းတို့၏ ညီ/မောင်၊ ဦးသိန်းလှိုင်-ဒေါ်ပပသင်းထက် (SS FOOD CENTRE၊ စစ်တွေ)၊ ဦးသာထွန်းစိန်-ဒေါ်ခင်လေးစန္ဒာ၊ ဦးအောင်မိုးဇော်-ဒေါ်မြလေးသီတာ(အာရိယန်စားသောက်ဆိုင်၊ ရန်ကုန်)၊ ဦးညွန့်လှိုင်-ဒေါ်နုနုခိုင်တို့၏ဖခင်၊ မပြည့်စန္ဒာထွန်း-မောင်အောင်မောင်သောင်း၊ မောင်ဇင်ပိုင်ထွန်း၊ မဆုပြည့်မှူး၊ မောင်ဖွဲ့ဘုန်းပိုင်၊ လင်းဝဏ္ဏဟိန်းတို့၏ အဘိုးရှင်သည် ၁၇-၁၀-၂၀၁၇ရက် ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် စစ်တွေမြို့၊ အာဂျိတ်တော်ကုန်းသုသာန်၌ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ဝင်း

**ကထိက၊ ဒဿနိကဗေဒ၊ အနောက်ပိုင်းတက္ကသိုလ်(ငြိမ်း)**

**အသက် (၆၈)နှစ်**

ရန်ကုန်မြို့၊ (၈)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ပဏ္ဍိတလမ်း၊ အမှတ် (၁)နေ (ဦးတင်ရွှေ-ဒေါ်အုန်းကြည်)တို့၏ သမီးကြီး၊ (ဦးကြင်ဝမ်-ဒေါ်စောလှိုင်)တို့၏ သမီးချွေးမ၊ ဦးဝင်းကိုကို၏ဇနီး၊ မောင်အောင်မင်းဦး၊ မောင်နောင်နောင်ဝင်းကို၊ မောင်ညီညီဝင်းကိုတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်ကောင်းမြတ်သူ၊ မောင်သုတတို့၏ အဘွားသည် ၁၇-၁၀-၂၀၁၇ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၀-၂၀၁၇ရက် နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးထင်ဝင်း

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) ဝန်ကျင်/သားငှက်ဌာနခွဲ၊ သစ်တောဦးစီးဌာန**

**အသက်(၆၀)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ(၂၀)လမ်း၊ အမှတ် (၇၅၀/ဘီ)နေ (ဦးလှ-ဒေါ်ကြည်)တို့၏သား၊ (ဦးခင်မောင်ထွေး-ဒေါ်ရင်စော)တို့၏ သားသမက်၊ ဒေါ်လှမြတ်ထွေး၏ ခင်ပွန်း၊ (အောင်မြင့်မြတ်)၊ အောင်ဗိုလ်ထွေး (KMD ကွန်ပျူတာ ဒုတိယနှစ်၊ အဝေးသင်ဥပဒေ ဒုတိယနှစ်)တို့၏ဖခင်၊ ဦးဝင်းဆွေ-ဒေါ်မြင့်မြင့်သန်း၊ [ဦးကြည်ဝင်း (နိုင်ငံခြားရေးဌာန)]-ဒေါ်သက်မာကြည်တို့၏ညီ၊ ဒေါ်ဖြူဖြူဝင်း၊ ဦးကျော်ဝင်း၊ ဦးသိန်းဝင်း (နိုင်ငံခြားရေး)-(ဒေါ်စန်းစန်းမြင့်)၊ ဦးစောနိုင်-ဒေါ်မူမူလှတို့၏ အစ်ကို၊ တူမလေးယောက်တို့၏ ဦးလေးသည် ၁၈-၁၀-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီတွင် အောင်ရတနာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၇ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၀-၂၀၁၇(အင်္ဂါနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



## ဟိန္ဒူဘာသာဝင်များ၏ပွဲတော်ကာလ နန်းဖာလုံဈေးနှင့် တမူးမြို့ဈေး အရောင်းအဝယ်သွက်

**တမူး အောက်တိုဘာ ၁၈**

မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းပေါ်ရှိ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၌ ဖွင့်လှစ်ထားသည့် နယ်စပ်နန်းဖာလုံဈေးနှင့် တမူးမြို့ဈေးတို့တွင် တစ်ဖက်နိုင်ငံနယ်စပ်ပြည်နယ်အတွင်း အိန္ဒိယနိုင်ငံသားများ၏ ပွဲတော်ရက်များနှင့် ဟိန္ဒူဘာသာဝင်များ၏ ဒီပါဝလီပွဲတော်ရက်များရှိနေသည့်အတွက် ယခုရက်ပိုင်းအရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရသည်။

ယခုရက်ပိုင်း တစ်ဖက်အိန္ဒိယနိုင်ငံရှိ ဘာသာရေးပွဲတော်များကြောင့် စားသောက်ကုန်ပစ္စည်းမျိုးစုံ၊ အဝတ်အထည်များနှင့် အုန်းသီး၊ ပန်းသီး၊ လိမ္မော်သီးစသည့် အသီးအနှံများကို ပို၍အများဆုံးရောင်းချနေရကြောင်း၊ အောက်တိုဘာ ၁၈ ရက်မှစ၍ သုံးရက်ကြာကျင်းပမည့် ဟိန္ဒူဘာသာဝင်များ၏ ဒီပါဝလီပွဲတော်နှင့် ကသည်းလူမျိုးများ၏ ကျကုတ်ပဟုခေါ်သည့် မိသားစုမိတ်ဆုံစားပွဲတော် နီးကပ်လာသောကြောင့် ယင်းသို့အရောင်းအဝယ်ကောင်းနေခြင်းဖြစ်ကြောင်း နန်းဖာလုံဈေးသူ ဈေးသားများထံမှ သိရသည်။

စာမျက်နှာ ၅ ကော်လံ ၅ သို့ ✻

## ပျောက်ဆုံးနေသော လေ့ကျင့်ပျံသန်းရေး G-4 ဂျက်လေယာဉ်အား ပြန်လည်တွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၁၈**

စက်တင်ဘာ ၅ ရက်က ပျောက်ဆုံးသွားသော တပ်မတော်(လေ)မှ လေ့ကျင့်ပျံသန်းရေး G-4 ဂျက်လေယာဉ်၏ အစိတ်အပိုင်းများအား ဂွမြို့၏တောင်ဘက် ၁၂ မိုင်ခန့်အကွာ လေယာဉ်ဆက်သွယ်မှုပြတ်တောက်ခဲ့သည့်နေရာ၏ မြောက်ဘက်ငါးမိုင်ခန့်အကွာ၌ ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါလေယာဉ်သည် စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက ပုသိမ်-ဟင်္သာတ-ဂွ-ပုသိမ်လမ်းကြောင်းအတိုင်း လေ့ကျင့်ပျံသန်းစဉ် နံနက် ၉ နာရီ ၁၈ မိနစ်တွင် ပုသိမ်မြို့၏ အနောက်မြောက်ဘက် ၃၅၀ ဒီဂရီ၊ အကွာအဝေးအားဖြင့် ၃၆ မိုင်ခန့်အကွာ၌ ပုသိမ်လေဆိပ်နှင့် နောက်ဆုံးအဆက်အသွယ်ရရှိပြီးနောက်ပိုင်း ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။

အဆိုပါဂျက်လေယာဉ်အား ရှာဖွေရေးအတွက် အဆက်အသွယ်ပြတ်တောက်ခဲ့သည့် ယင်းနေ့နံနက်ပိုင်းမှစတင်၍ လေယာဉ်ပျံသန်းရာလမ်းကြောင်းတစ်လျှောက် မြေပြင်တပ်များနှင့် တပ်မတော်(လေ)မှ လေယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် ရှာဖွေရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ မြေပြင်တပ်များက ယနေ့ ညနေ ၃ နာရီခန့်တွင် G-4 ဂျက်လေယာဉ်၏ လေယာဉ်ဦးခေါင်းအစိတ်အပိုင်း၊ ဘီးတစ်လုံး၊ တောင်ပံအပိုင်းနှစ်ခု၊ ထိုင်ခုံ၊ လေထီး၊ စက်ပစ္စည်းအပိုင်းအစများနှင့် PT2 တံဆိပ်ပါ ဘူးတစ်ဘူးတို့အား ဂွမြို့၏တောက်ဘက် ၁၂ မိုင်ခန့်အကွာ၊ လေယာဉ်ဆက်သွယ်မှုပြတ်တောက်ခဲ့သည့် နေရာ၏ မြောက်ဘက်ငါးမိုင်ခန့်အကွာ၌ ပြန်လည်ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ယင်းလေယာဉ်ကိုမောင်းနှင်ခဲ့သည့်လေယာဉ်မှူး၊ တွဲဖက်လေယာဉ်မှူးနှင့် ကျန်ရှိလေယာဉ်အစိတ်အပိုင်းတို့အား ဆက်လက်ရှာဖွေလျက်ရှိကြောင်းနှင့် ပျက်ကျသွားသည့် အကြောင်းအရင်းအား ဖော်ထုတ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## မြန်မာ့တိုက်လိပ် အကောင်ရေအနည်းငယ်သာ ချင်းတွင်းမြစ်အထက်ပိုင်း၌ ကျက်စားတော့ကြောင်း တွေ့ရ

**မုံရွာ အောက်တိုဘာ ၁၈**

ကမ္ဘာတွင် မြန်မာနိုင်ငံ၌သာ ကျက်စားသော တိုက်လိပ်ကို လက်ရှိတွင် ချင်းတွင်းမြစ်အထက်ပိုင်း ကောင်းဟိန်ကျေးရွာနှင့် ဗဒူးကုန်းကျေးရွာကြားတွင် အကောင်ရေအနည်းငယ်သာ ကျက်စားတော့ကြောင်း ခန္တီးမြို့နယ် လင်းဖားလိပ်ထိန်းသိမ်းရေးစခန်းတာဝန်ခံထံမှ သိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✻

**အိုဆာကာ အောက်တိုဘာ ၁၈**

အာရှ ယူ-၁၉ ခြေစစ်ပွဲအကြို ဂျပန်နိုင်ငံ၌ လေ့ကျင့်မှုများ ပြုလုပ်နေသည့် မြန်မာယူ-၁၉ အသင်းသည် ဒုတိယခြေစစ်ပွဲအဖြစ် ဂျေလိဂ်ကလပ်ဂမ်ဘာအိုဆာကာ လူငယ်အသင်းနှင့် ယနေ့ညနေပိုင်းက အိုဆာကာမြို့၌ ယှဉ်ပြိုင်ကစားရာ နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာယူ-၁၉ အသင်းသည် ပထမခြေစမ်းပွဲကစားခဲ့သည့် လူစာရင်းမှ သုံးနေရာအပြောင်းအလဲ လုပ်ခဲ့ပြီး ဝင်းနိုင်ထွန်း၊ နိုင်ဘိုဘိုနှင့် ထွန်းနန္ဒာဦး(ဂိုး)တို့ ပါဝင်ခဲ့သည်။ မြန်မာယူ-၁၉ အသင်းသည် ပထမပွဲထက် ကစားပုံပိုကောင်းခဲ့ပြီး ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။ မြန်မာယူ-၁၉ အသင်းသည် ဒုတိယပိုင်းတွင် ကစားသမားအပြောင်းအလဲပြုလုပ်ခဲ့သော်လည်း ဂမ်ဘာအိုဆာကာအသင်းက အနိုင်ဂိုးများကို ဒုတိယပိုင်းတွင် သွင်းယူခဲ့သည်။ မြန်မာယူ-၁၉ အသင်းသည် တတိယခြေစမ်းပွဲအဖြစ် အောက်တိုဘာ ၂၀ ရက်တွင် ဟန်နာတက္ကသိုလ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **(ဖိုးသော်ဇင်)**




ဓာတ်ပုံ - MFF




iMyanmarHouse.com မှ ကြီးမှူးကျင်းပမည့်
GOLDEN CITY ကွန်ဒို အထူးအရောင်းပြပွဲ
လစဉ် အနည်းဆုံး ( USD 1000 ) ပေးသွင်းရုံဖြင့်
ပိုင်ဆိုင်နိုင်မည့် အခွင့်အရေး
YOMA ဘဏ်နှင့် ချိတ်ဆက်၍ အများဆုံး (၁၅) နှစ်အထိ အရစ်ကျစနစ်
ပထမဆုံး အခန်း (10) ခန်းအား
20% Discount
+
Special Promotion
GOLDEN CITY
NATIONAL LANDMARK
EXCLUSIVELY YOURS
နေ့ရက် – ၂၁၊ ၂၂ ရက် အောက်တိုဘာလ ၂၀၁၇ ( စနေ ၊ တနင်္ဂနွေ )
အချိန် – မနက် (၉) နာရီ မှ ညနေ (၅) နာရီထိ
နေရာ – GOLDEN CITY Show Gallery ရန်ကင်းစင်တာအနီးရှိ ပင်စင်ရုံးအဟောင်း
ပွဲတက်ရောက်ရန် ကြိုတင်ပေးသွင်းလိုပါက – www.imyanmarhouse.com/golden-city-promotion

